ရောင်ပြန်မှ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှု ကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ နာဂဝဂ် (ဓမ္မပဒ- ၃၃၂)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် အင်္ဂါနေ့။ Tuesday, 27 October 2026 ၁၂၃၄၄

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြား



သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြား လျက်ရှိသည်ကို တွေ့ရစဉ်။

ရန်ကုန် အောက်တိုဘာ ၂၆

ယနေ့သည် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြား လျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၈ ခုနှစ် သီတင်းကျွတ် လပြည့်နေ့ ဆွမ်းတော်ကြီး ကပ်လှူပွဲ၊ အဘိဓမ္မာအခါတော်နေ့ အခမ်းအနား၊ ဝါတွင်းသီလခံယူပွဲနှင့် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော် (အောင်ပွဲ)ရေစက်ချ အခမ်းအနားတို့ကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများတွင် ကျင်းပကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✯

မြန်မာ့မြေကိုချစ် လယ်ယာကိုမြတ်နိုး၍ ပြည်တွင်းစီးပွားရေးကို တည်ဆောက်ကြစို့

ဆောင်းပါး စာမျက်နှာ » ၆

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) တွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ဘုရား စေတီများ၌ ကောင်းမှု ကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား

စာမျက်နှာ » ၉

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေဖို့ တောင်သူ အခြေပြု သုတေသနစခန်း များဆီသို့

ဆောင်းပါး စာမျက်နှာ » ၁၆

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ တော်ဝင်ယာဉ်လိုင်းနှင့် ရာဇာမင်း EV ယာဉ်များဖြင့် အသွားအပြန် အခမဲ့ပို့ဆောင်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၆

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) မင်္ဂလာအခါသမယ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုရားဖူးပြည်သူ ရဟန်းရှင်လူအပေါင်းတို့ စိတ်အေးချမ်းသာစွာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အား သွားရောက်ဖူးမြော်ကြည်ညိုနိုင်စေရန်နှင့် ခရီးသွားလာရေး လွယ်ကူချောမွေ့စေ ရန်အတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏စီစဉ်မှုဖြင့် တော်ဝင် ယာဉ်လိုင်း ရှစ်စီးနှင့် ရာဇာမင်း EV ယာဉ်တစ်စီးတို့ဖြင့် အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ နှစ်ရက်တိုင်တိုင် အသွားအပြန် အခမဲ့ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○



ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"၏အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၂၆

ဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်" အခြေအနေ

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"သည် အနောက်ဘက်သို့ရွှေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၃၁၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာ ပတ္တနမ်မြို့၏ အရှေ့- အရှေ့တောင်ဘက် ရေမိုင် ၃၁၀ မိုင်ခန့်နှင့် ကာကီနာဒါမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၅၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



၂၆-၁၀-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"(ARNAB) လမ်းကြောင်းပြမြေပုံ။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော ဟင်းသီးဟင်းရွက် ၁၂၁၅ ဧကအထိ သိမ်းဆည်းပြီးဖြစ်

ပွင့်ဖြူ အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက် ၁၅၉၇ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်စိုက်ခင်းများကို စက်တင်ဘာလမှ စတင်သိမ်းဆည်းခဲ့ရာ ယနေ့တွင် ၁၂၁၅ ဧကအထိ သိမ်းဆည်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ဟင်းသီးဟင်းရွက် ၃၅၄၅ ပိဿာ ထွက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻

ဝါလကင်းလွတ်သီတင်းကျွတ် ဆီမီးမြင်းမိုရ်ထွန်းညှိပူဇော်

သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် သာဝတ္ထိပြည်အနီး ကောသလဘုရင်၏ ဥယျာဉ်ရှိ သရက်ဖြူပင်အနီးတွင် တိတ္ထိတို့ကို နှိမ်နင်းတော်မူရန် ရေမီးအစုံ တန်ခိုးပြာဋိဟာပြပွဲကြီးကို အဆန်းတကြယ် ဖန်ဆင်းပြသတော်မူခဲ့သည်။ ယင်းနေ့ တန်ခိုးပြာဋိဟာပြပွဲကြီးအပြီး မယ်တော်မိနတ်သားကို အဘိမွာတရား ဟောကြားတော်မူခြင်းဖြင့် ကျေးဇူးတော်ဆပ်ရန် ခြေလှမ်းနှစ်လှမ်းဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီး သတ္တမဝါကပ်တော်မူသည်။

ဗုဒ္ဓမြတ်စွာဘုရား တာဝတိံသာနတ်ပြည်သို့ကြွတော်မူသည်ကို တန်ခိုးပြာဋိဟာပြပွဲရှိ လူပရိသတ်များ လုံးဝမသိရှိလိုက်ပေ။ ဘုရားရှင်ပျောက်ကွယ်သွား၍ အရှင်အနုရုဒ္ဓါ မထေရ်မြတ်အား မေးမြန်းလျှောက်ထားရာ တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ်ပင်ရင်းတွင် ခင်းကျင်းထားသော ပဏ္ဍုကမ္ဗလာမြကျောက်ဖျာတွင် ဝါကပ်တော်မူ၍ မယ်တော်မိနတ်သားအမှူးပြုသော နတ်ဗြဟ္မာအပေါင်းတို့အား အဘိမွာတရားတော်ကို ဟောကြားတော်မူရန် ကြွသွားတော်မူကြောင်း သိရှိကြရသည်။ လူထုပရိသတ်ကြီးသည် ဘုရားရှင်အား မဖူးမြော်ရဘဲ ငါတို့မသွားကြကုန်ဟု တိုင်ပင်ကြပြီး ထိုအရပ်၌ ယာယီမဏ္ဍပ်များ ဆောက်လုပ်နေထိုင်ကြသည်။ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့တွင် သင်္ကန်းမြို့သို့ ကြွဆင်းတော်မူမည်ဖြစ်ကြောင်း ကြားသိရသည်။

သန္တုသိတမည်သော မယ်တော်မိနတ်သားအမှူးပြုသည့် စကြဝဋ္ဌာတိုက် တစ်သောင်းတို့မှ နတ်ဗြဟ္မာပရိသတ်အလယ်တွင် အဘိမွာတရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲဟောကြားတော်မူပြီး သီတင်းကျွတ်လပြည့်နေ့၌ ပြီးဆုံးလေသည်။ မြတ်စွာဘုရားသည် သိကြားမင်းအား "ငါဘုရားသည် လူ့ပြည်ခရီးသို့ ပြန်ကြွပေတော့အံ့"ဟု မိန့်တော်မူသည်။ ဤတွင် သိကြားမင်းက ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း သုံးသွယ်ကို ဖန်ဆင်းပေးသည်။ မြတ်စွာဘုရားရှင်သည် လူ့ပြည်သို့သက်ဆင်းသည့်အခါ မြင်းမိုရ်တောင်ထိပ်တွင် ရပ်တော်မူ၍ ရေမီးအစုံနှင့် တန်ခိုးပြာဋိဟာတို့ကိုပြတော်မူပြီး အထက်ကောင်းကင်သို့ ကြည့်တော်မူသည်။ အထက်ဗြဟ္မပြည်မှ အောက်အဝီစိငရဲတိုင်အောင် အတားအဆီးမရှိ ဟင်းလင်းကြီးဖြစ်သွားသည်။ နတ်ဗြဟ္မာတို့က လူတို့ကိုမြင်ရ၏။ လူတို့က နတ်ဗြဟ္မာတို့ကို မြင်ရ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော်မူသည်။ လူ့ပြည်သို့အရောက် စောင်းတန်းဦး၌ လက်ယာခြေတော်ချမိလျှင် ရှင်သာရိပုတ္တရာက ဦးစွာရှိခိုးပူဇော်၏။ ထို့နောက် ကျန်ပရိသတ်များက ရှိခိုးပူဇော်ကြသည်။ ထို့နောက် လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့က ဘုရားရှင်အား သောင်းသောင်းဖြဖြ ပူဇော်ပွဲကြီး ဆင်ယင်ကြသည်။ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာရောက်လာချိန်တွင် ယင်းပူဇော်ပွဲကြီးကိုအကြောင်းပြု၍ မြန်မာ့ယဉ်ကျေးမှုရာသီပွဲတော်အဖြစ် သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားရှင်အား ရည်မှန်းကာ မီးရှူး၊ မီးပန်း၊ မီးပုံး၊ မီးရောင်စုံများဖြင့် ပူဇော်ကြသည်။ မြန်မာတို့သည် ဗုဒ္ဓမြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ ဆင်းသက်လာသည်ကိုအကြောင်းပြု၍ တာဝတိံသာပွဲတော်ဟုလည်းကောင်း၊ တာဝတိံသာနတ်ပြည် မြင်းမိုရ်တောင်ထိပ်မှ ဆင်းသက်တော်မူသည်ကိုအကြောင်းပြု၍ မီးမြင်းမိုရ်ပွဲဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဝေါ်ကြသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းတော်အချင်းချင်း တောင်းပန်လျှောက်ထားသည့် ပဝါရဏာပွဲပြုလုပ်ကြသည်။ ဗုဒ္ဓမြတ်စွာ၏ ပဝါရဏာပွဲသည် သူတစ်ပါးတို့၏ဝေဖန်ရေးကို အနုးအညွတ်ဖိတ်ခေါ်သောပွဲဖြစ်သည်။ လမ်းစဉ်ကောင်းဖြင့် သံဃာတော်အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ပုဂ္ဂိုလ်သန့်စင်ရေးတရားများကို ရယူနိုင်ခဲ့သည်မှာ နှစ်ပေါင်းထောင်ချီရှိပြီဖြစ်သည်။ သီတင်းကျွတ်လျှင် သံဃာတော်များက ဘုရားရှင်အား ဖူးမြော်ကန်တော့သည့်အစဉ်အလာကိုအကြောင်းပြု၍ မင်းမိဖုရားတို့အား ကန်တော့ကြသည့်အလေ့ရှိသည်။ ယင်းကိုပင်အစွဲပြု၍ ရှေးရှေးကပင် ဗုဒ္ဓဘာသာဝင်တို့သည် သီတင်းဝါလကျွတ်သည့်အခါ သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ကြသော အစဉ်အလာကောင်းကို တည်ဆောက်ခဲ့သည်။ မြန်မာတို့၏ ကောင်းမြတ်သည့်အစဉ်အလာကောင်းများကို မျက်မှောက်ကာလ ထိတိုင် နှစ်ဖက်မိဘဘိုးဘွားများ၊ ဆရာသမားများ၊ သက်ကြီးဝါကြီးများအား ဝတ္ထုပစ္စည်းစားဖွယ်များဖြင့် ပူဇော်ကန်တော့လေ့ရှိသည်။

သီတင်းကျွတ်ကာလသည် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဖူးမြော်ကြည်ညိုကန်တော့ခြင်း၊ ဆီမီးရောင်စုံထွန်းညှိပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခြင်းတို့သည် အပြစ်ကိုကုစားသော (ဝါ) အပြစ်ကို ပပျောက်စေသော နည်းလမ်းကောင်းဖြစ်သည်။ သံသရာခရီးသည်များသည် အတိတ်ဘဝများ၌ဖြစ်စေ၊ မျက်မှောက်ဘဝ၌ဖြစ်စေ ကိုယ်နှုတ်နှလုံး သုံးပါးစလုံးတို့တွင် တစ်ပါးပါးဖြင့် တစ်ဦး အပေါ်တစ်ဦး ပြစ်မှားခဲ့မှုများရှိနိုင်သည်။ ယင်းအပြစ်များကို တောင်းပန်ကန်တော့သောနည်းဖြင့် ပပျောက်စေရန် မြတ်စွာဘုရားက ဟောကြားတော်မူခဲ့သည်။ ထိုကဲ့သို့သော ကောင်းမြတ်သည့်အစဉ်အလာကောင်းများကို ယခုသီတင်းကျွတ်လပြည့်အခါသမယတွင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် မပျက်မကွက်ပြုလုပ်ကြ၍ ကောင်းကျိုးများကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါကြောင်း။ ။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

ရန်ကုန် အောက်တိုဘာ ၂၆

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့၏ ၁၃၈၈-၁၃၈၉ (၂၀၂၆-၂၀၂၇) ပညာသင်နှစ် အတွက် သာသနတက္ကသီလ မှောစရိယတန်း(ပထမနှစ်)သို့ တက်ရောက်လိုပါက အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏ စာသင်တန်း၊ သကျသီဟ စာသင်တန်းတစ်ခုခုအောင်မြင်ပြီး သက်တော် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါအောက်ရှိသည့် ရဟန်း/သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်ပြီး သာသနတက္ကသီလ မဟာမှောစရိယတန်း (ပထမနှစ်)သို့ တက်ရောက်လိုပါက သာသနတက္ကသီလမှောစရိယဘွဲ့၊ သာသနဓဇ မှောစရိယဘွဲ့၊ သကျသီဟ မှောစရိယဘွဲ့နှင့် စေတိယင်္ဂဏ မှောစရိယဘွဲ့ တစ်ခုခုရရှိပြီး သက်တော်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါအောက်ရှိသည့် ရဟန်း/သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်သည်။

ဖြေဆိုကြရမည်

သာသနတက္ကသီလမှောစရိယတန်း (ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်းနှင့် ညီမျှသော ဝိနည်းဆိုင်ရာ(၅)ပုစ္ဆာ၊ အဘိမှောဆိုင်ရာ (၅) ပုစ္ဆာ မေးခွန်းလွှာတစ်ခုနှင့် ပါဠိဆိုင်ရာ(၅)ပုစ္ဆာ၊ အထွေထွေဗဟုသုတ(၅)ပုစ္ဆာ မေးခွန်းလွှာတစ်ခု စုစုပေါင်း မေးခွန်းလွှာနှစ်ခုကို နှစ်ရက်ဖြေဆိုရမည်ဖြစ်သည်။

သာသနတက္ကသီလ မဟာမှောစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလ မှောစရိယတန်း(စတုတ္ထနှစ်)နှင့် ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိမှောကို ပထမနေ့တွင် (က) အတ္ထယောဇနာ၊ (ခ) ဝါကျသဒ္ဒါ၊ (ဂ)အမိပ္ပာယတ္ထ၊ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀)ပုစ္ဆာ ဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန့်ပွားဘာသာအားဖြင့် (၁၀)ပုစ္ဆာ ဖြေဆိုရမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက် (၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်) ဗုဒ္ဓဟူးနေ့မှ (အစိုးရရုံးပိတ်ရက်များမှအပ) စတင်ထုတ်ပေးသွားမည်ဖြစ်ရာ ၁၃၈၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက် (၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်) သောကြာနေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာတက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့၌ တင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး (ဖုန်း ၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈) နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းရုံး (ဖုန်း ၀၉-၂၀၃၅၅၇၂၊ ၀၉-၂၅၀၂၃၀၇၉၁) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေး ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"အတူလက်တွဲဖော်ဆောင်မှ ရမည့်ငြိမ်းချမ်းရေးတွင် NUG၊ PDF အဖွဲ့အစည်းအားလုံး မှန်ကန်တဲ့အသိတရားရှိရှိ ပါဝင်ဖို့လိုအပ်"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် **"မအောင်မြင်တော့တဲ့ တော်လှန်ရေးကို NUG အောက်က အကြမ်းဖက် PDF တွေ ဘာ့ကြောင့် စွန့်ခွာလာကြသလဲ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေး အချက်အလက်များအား လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၂၆

ယနေ့ညနေ ၆ နာရီ ၆ မိနစ် ၁၅ စက္ကန့်တွင် တောင်ငူ မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၁ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (အုတ်တွင်းမြို့၏ အနောက်-အနောက်တောင်ဘက် ၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၈ ဒသမ ၈၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၃၄ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

၂၆ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမိုအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်	အငယ်တန်း	- အောင်ကျော်ဦး၊ သန်းတင်အောင်
		သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၆

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁၌ ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ပြိုင်ပွဲများသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အတူ ပြည်ထောင်စု ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ နီလာခန်းမ၌ ကျင်းပလျက်ရှိသည့် "ရုပ်သေးကြိုးဆွဲ" ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲဝင်များက မင်းသားနှင့် မင်းသမီးကြိုးဆွဲ ရုပ်သေးရုပ်တို့ဖြင့် ကကြိုးကကွက်စုံလင်စွာ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ရှိ မြခန်းမ၌ ကျင်းပလျက်ရှိသည့် "ကာလပေါ်" တေးသီချင်း အဆို ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲဝင်များက ဓမ္မစကြာ (ဒေါ်ကြည်အောင်) သီချင်းဖြင့် သီဆို ယှဉ်ပြိုင်နေမှုများကို ဆက်လက်ကြည့်ရှုအားပေးသည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာ ကျင်းပပြုလုပ်လျက်ရှိပြီး ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ နီလာခန်းမ၌ ရုပ်သေးကြိုးဆွဲ ပြိုင်ပွဲအဖြစ် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲကို လည်းကောင်း၊ မြခန်းမ၌ကာလပေါ် တေးသီချင်း အဆိုပြိုင်ပွဲအဖြစ် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတို့ကို ကျင်းပခဲ့ကြပြီး ပြိုင်ပွဲဝင်များက အနုသုခုမရသမြောက်စွာဖြင့် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





✻ ဆိုင်ကလုန်းမှ

ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွှေ့လျားမည့်အခြေအနေ မရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"၏ တည်နေရာ၊ ဗဟိုချက်လေဖိအား နှင့် လေတိုက်နှုန်း

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"သည် မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန်တွင် မြောက်လတ္တီကျု ၁၅ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၈ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်နှုန်းခန့်ဖြစ်သည်။

နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်"သည် အနောက်-အနောက်မြောက်ဘက်သို့ ရွှေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ပြီး ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ရွှေ့လျားနိုင်ကာ အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်

ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"၏အရှိန်ကြောင့် ယနေ့ညနေမှ အောက်တိုဘာ ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

✻ ပွင့်ဖြူမြို့နယ်မှ

"အဓိက စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်တွေကတော့ ခရမ်းချဉ်၊ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ခရမ်းညို၊ မုန်လာဥဖြူ၊ သခွား၊ ဘူး၊ ဖရုံ၊ ရုံးပတီ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါးစတဲ့သီးနှံတွေကို အများဆုံးစိုက်ပျိုးပါတယ်။ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးနိုင်ဖို့ နည်းပညာတွေကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပူးပေါင်းဆောင်ရွက်

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ပိုးမွှားရောဂါကျရောက်မှု ကင်းရှင်းရေး၊ သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေးနှင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟို အဆင့်) ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက် ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်မြိုက် စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် "ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁)ရှိမြခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်း တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည် နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "တောင်သူပျို" (ဒေါ်ကြည်အောင်) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ တွင် မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန် တိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဓမ္မစကြာ" (ဒေါ်ကြည်အောင်) သီချင်းဖြင့် လည်းကောင်း သီဆိုယှဉ်ပြိုင်ကြ သည်။

ရုပ်သေးကြိုးဆွဲ ပြိုင်ပွဲကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)ရှိ နီလာ ခန်းမ၌ကျင်းပရာ ဝါသနာရှင် အဆင့်(ဒုတိယတန်း) အမျိုးသား ပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရှမ်းပြည် နယ်၊ ကယားပြည်နယ်၊ ဧရာဝတီ တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင် ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များကလည်း ကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန် တိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသ ကြီးတို့မှ ပြိုင်ပွဲဝင်များကလည်း ကောင်း စည်းချက်မှန်ကန်မှု၊ ကိုယ်ဟန်အမူအရာနှင့် အနုပညာ ခံစားချက်တို့ကို ပေါင်းစပ်တင်ဆက် ကာ မိမိတို့၏ အကပညာစွမ်းရည် ကို ပြသယှဉ်ပြိုင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ လေ့ကျင့်ရေး ဧဝတ်ရုံ၌ ကျင်းပရာ ဝါသနာရှင် အဆင့်(ပထမတန်း) အမျိုးသား ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသ ကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသ ကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ ကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ရုက္ခဓမ္မပြဇာတ်"ဖြင့် ဇာတ်တော်၏ အနှစ်သာရနှင့် ဦးတည်ချက် ပေါ်လွင်အောင် နှုတ်စွမ်းရည် ပြသဟောပြော ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရုတနာ ခန်းမ၌ ကျင်းပရာ ဝါသနာရှင် အဆင့်(ဒုတိယတန်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသ ကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည် နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသ ကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည် နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့ဂုဏ်ရည်" ခေါင်းစဉ်ဖြင့် သီချင်းစာသားများ ကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက် ညီညွတ်စွာ ထည့်သွင်းသီဆိုကြ ပြီး အသံနေ အသံထား၊ သံစဉ် အတက်အကျနှင့် သီဆိုဟန်များ ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ် ဖော်ကျူးယှဉ်ပြိုင်ကြသည်။

ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီး ပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာ ခန်းမ၌ ကျင်းပရာ ဝါသနာရှင် အဆင့်(ပထမတန်း) အမျိုးသမီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသ ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက

စာမျက်နှာ ၅ သို့ ☆



ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းနှင့် ဦးမြင့်ကြိုင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းတို့ မယ်ဒလင်အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မရွေစင်ကလျာ ထက်ထက်ကျော်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်အဂ္ဂကျော်ဇော ယှဉ်ပြိုင် စဉ်။



ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးကြင်ခိုင်နှင့်အဖွဲ့ ရုက္ခဓမ္မပြဇာတ် ဖြင့် ယှဉ်ပြိုင်စဉ်။



အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား/ အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ဦးအေးမော်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။

☆ စာမျက်နှာ ၄ မှ

မြန်မာ့ရိုးရာဆိုင်းဝိုင်း၏ ထူးခြားလှသော သံစဉ်များ၊ စည်းချက်ဝါးချက် ညီညွတ်မှုတမှုနှင့် တီးခတ်မှု အနုပညာတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်၍ ယှဉ်ပြိုင်တီးခတ်ပြကြသည်။

ယှဉ်ပြိုင်

ပတ္တလားအတီး ပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကိုးပါးပေါင်းစု”(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ပန်းဟေဝန်”(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ပြိုင်ပွဲဝင်များက “ကိုးပါးပေါင်းစု”(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ နေပြည်တော် တည်းခိုရေးစခန်း ပဓမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြရည်နန္ဒာ”(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ညဉ့်သုံးယံခါ”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး လူမျိုးရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အနုပညာကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

ရန်ကုန်တိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လူမနော”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် ဧနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အနုပညာကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ဆိုင်းဝိုင်းကြိုးအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ဦးမျိုးဇော်ဦး(ခ) မျိုးဇော်ဝိုလ်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်တိုးပွားအောင် ယှဉ်ပြိုင်စဉ်။



ရုပ်သေးကြိုးဆွဲပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်အောင်ပြည့်ချော ယှဉ်ပြိုင်စဉ်။



ကာလပေါ် တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မသွယ်သွယ်အောင် ယှဉ်ပြိုင်စဉ်။

❍ မာရဝိဇယမှ

အဆိုပါ အခမဲ့ပြေးဆွဲပေးမည့် ခရီးစဉ်များကို နံနက်ပိုင်းနှင့် ညနေတစ်ခေါက်စီနှုန်းဖြင့် လမ်းကြောင်း(၁)အဖြစ် ဘောဂသီရိကားဝင်း၊ နှင်းဆီပန်းအိုင်း၊ ရွှေညောင်ပင်ကြိတ်၊ နေပြည်တော်ကောင်စီရုံးရှေ့၊ ဇမ္ဗူသီရိဆေးရုံရှေ့၊ စည်ပင်ဧည့်ရိပ်သာ (၁/၂) ရှေ့၊ သပြေကုန်းအိုင်း၊ ပရဆေးဥယျာဉ်၊ မြို့မဈေး၊ သုခတော်ဝင်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ NSA၊ ဥဏှာသိဒ္ဓိရပ်ကွက်၊ ဘိုးဘွားရိပ်သာမှ မာရဝိဇယဘုရားအထိ ဖြစ်သည်။

လမ်းကြောင်း(၂)အဖြစ် သိုက်ချောင်းလမ်းဆုံ၊ တိရစ္ဆာန်ဥယျာဉ်၊ ရေဆင်းကျေးရွာ၊ ပင်လောင်းလမ်းဆုံ၊ လေ့ခွင်းတောင်လမ်းခွဲ၊ ကျောက်ချက်၊ ဘောဂသီရိကားဝင်း၊ နှင်းဆီပန်းအိုင်း၊ ရွှေညောင်ပင် အောင်ဇေယျတြိဂံလမ်းဆုံ၊ လယ်ဝေးအားကစားကွင်း၊ ရွှေအင်ကြင်း၊ ဒက္ခိဏာသီရိစေ့ား၊ ကံ့ကော်ပန်းအိုင်း၊ Excel Capital လမ်းဆုံ၊ တံဂပူရိလမ်းဆုံ၊ Junction Center အဆင့်မြင့်စေ့ား၊ ခုတင် (၁၀၀) ဆေးရုံ၊ မြို့မဈေး၊ သုခတော်ဝင်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်၊ နည်းပညာတက္ကသိုလ်မှ မာရဝိဇယဘုရားအထိ ဖြစ်သည်။

လမ်းကြောင်း(၃)အဖြစ် သိုက်ချောင်းလမ်းဆုံ၊ ဂိတ်၊ နေပြည်တော်ကောင်စီရုံးရှေ့၊ ဇမ္ဗူသီရိဆေးရုံ၊ စည်ပင်ဧည့်ရိပ်သာ(၁/၂)ရှေ့၊ သပြေကုန်းအိုင်း၊ ပရဆေးဥယျာဉ်၊ မြို့မဈေး၊ သုခတော်ဝင်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ NSA၊ ဥဏှာသိဒ္ဓိရပ်ကွက်၊ ဘိုးဘွားရိပ်သာမှ မာရဝိဇယဘုရားအထိ လည်းကောင်း ပြေးဆွဲပေးလျက်ရှိသည်။

ယခုကဲ့သို့အဘိမဟာအခါတော်နေ့ သီတင်းကျွတ်ရုံးပိတ်ရက်များအတွင်း လျှပ်စစ် EV ယာဉ်များနှင့် ခေတ်မီယာဉ်လိုင်းများဖြင့် အခမဲ့ ပြေးဆွဲပေးခြင်းကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများသို့ သွားရောက်ဖူးမြော်လိုကြသည့် ဘုရားဖူးပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုများအတွက် ခရီးစရိတ်သက်သာစွာ စိတ်အေးချမ်းသာစွာ သွားရောက်ဖူးမြော်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

သျှင်ဦးမောင်(ဒက္ခိဏာ)





မြန်မာ့မြေကိုချစ် လယ်ယာကိုမြတ်နိုး၍ ပြည်တွင်းစီးပွားရေးကို တည်ဆောက်ကြစို့

"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဟူသော အမျိုးသားရေးအမြင်ဖြင့် မိမိတို့၏ မြေ၊ ရေ၊ တောတောင်နှင့် လယ်ယာအရင်းအမြစ်များကို တန်ဖိုးထားကာ ပြည်တွင်းထုတ်လုပ်မှုကို အားပေးမြှင့်တင်ခြင်းသည် နိုင်ငံ၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောလမ်းကြောင်း တစ်ရပ်ဖြစ်သည်။

ဒေါက်တာဇော်ထွန်းအောင်(ပညာရေး)

မြန်မာနိုင်ငံသည် မြေဩဇာကောင်းမွန်သည့် မြေပြန့်ဒေသများ၊ မြစ်ချောင်းအင်းအိုင်များ၊ မတူကွဲပြားသောရာသီဥတုတုနှင့် စိုက်ပျိုးနိုင်သည့်သီးနှံမျိုးစုံ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ ထိုသဘာဝအရင်းအမြစ်များနှင့်အတူ မျိုးဆက်အဆက်ဆက် လယ်ယာမြေကို ထွန်ယက်စိုက်ပျိုးလာကြသည့် တောင်သူလယ်သမားတို့၏ အတွေ့အကြုံနှင့် လုပ်အားသည်လည်း နိုင်ငံ၏ အဓိုးတန်အရင်းအနှီးဖြစ်သည်။

ကျေးလက်ဒေသ၏ စိမ်းလန်းစိုပြည်သော လယ်ကွင်းများ၊ တောင်စောင်းများပေါ်မှ စီတန်းနေသော သီးနှံခင်းများ၊ မိုးသောက်ချိန်တွင် နှင်းစက်များနှင့်တောက်ပနေသည့် စပါးပင်များ၊ ရင့်မှည့်ချိန်တွင် ရွှေဝါရောင်လှိုင်းများသဖွယ် လှုပ်ရှားနေသော ကောက်လယ်ကွင်းများသည် မြန်မာ့ကျေးလက်၏သဘာဝအလှကို ဖော်ကျူးနေသည့် ပန်းချီကားများပင်ဖြစ်သည်။ ထိုပန်းချီကားကို လှပစွာဖန်တီးနေသူများမှာ **"လယ်သမားမှန်လျှင် လယ်ကောင်းမွေး"**ဟူသော ဆိုရိုးစကားဖြင့် မြန်မာ့မြေကိုချစ်မြတ်နိုးပြီး မိမိတို့၏လုပ်အားဖြင့် လယ်ယာကို အသက်မွေးဝမ်းကျောင်းအဖြစ် ထမ်းဆောင်နေကြသည့် တောင်သူလယ်သမားများပင်ဖြစ်ကြသည်။

ကျေးလက်မြန်မာ၏အလှနှင့် စိုက်ပျိုးရေး၏အရေးပါမှု

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများသည် သဘာဝအလှတရားနှင့် လူတို့၏ကြိုးစားအားထုတ်မှု ပေါင်းစပ်ဖန်တီးထားသည့် ပန်းချီကားတစ်ချပ်နှင့်တူပါသည်။ မိုးရာသီတွင် မိုးရေစက်များဖြင့် စိုပြည်လာသော လယ်ကွင်းများသည် စိမ်းလန်းသော ပန်းချီကားကြီးတစ်ချပ်သဖွယ်ဖြစ်လာသည်။ စပါးပင်များ ရင့်မှည့်ချိန်တွင် လေပြည်တိုက်ခတ်သည့်အခါ ရွှေဝါရောင်စပါးခင်းများသည် လှိုင်းလုံးများသဖွယ်လှုပ်ရှားနေပြီး ကျေးလက်ဒေသ၏ အေးချမ်းလှပမှုကို ပိုမိုထင်ရှားစေသည်။

ဒေသအလိုက်လည်း လယ်ယာရှုခင်းများမှာ မတူညီကြပေ။ မြစ်ဝှမ်းဒေသများတွင် စပါးခင်းများ၊ အပူပိုင်းဒေသများတွင် ပဲမျိုးစုံ၊ နှမ်းနှင့် အခြားသီးနှံများ၊ ကုန်းမြင့်ဒေသများတွင် လက်ဖက်၊ ကော်ဖီနှင့် ဟင်းသီးဟင်းရွက်ခြံများကို တွေ့မြင်နိုင်သည်။ ထိုမြေ၊ ရေ၊ ရာသီဥတုနှင့် လူတို့၏ လုပ်အားတို့ပေါင်းစပ်မှုက မြန်မာ့ကျေးလက်ဒေသ၏ သဘာဝအလှကို ဖန်တီးပေးနေခြင်းဖြစ်သည်။

မြန်မာ့စီးပွားရေးနှင့် လူမှုဘဝတွင် ကျေးလက်ဒေသနှင့် လယ်ယာစိုက်ပျိုးရေးသည် အရေးပါသော အခန်းကဏ္ဍမှပါဝင်နေသည်။ လေ့လာချက်များအရ မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ငါးလုပ်ငန်းများနှင့် ဆက်နွယ်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းနေကြသည်။ ထို့ကြောင့် လယ်ယာကဏ္ဍ၏ဖွံ့ဖြိုးတိုးတက်မှုသည် တောင်သူတစ်ဦးချင်း၏ ဘဝတိုးတက်ရေးသာမက ကျေးလက်မိသားစုများ၏ ဝင်ငွေ၊ စားရေရိက္ခာလုံလုံလျားရေးနှင့် ပြည်တွင်းစီးပွားရေးတစ်ရပ်လုံး၏ လည်ပတ်မှုနှင့်ပါ တိုက်ရိုက်ဆက်စပ်နေသည်။

စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ဂျုံနှင့် အခြားသီးနှံများကို စိုက်ပျိုးထုတ်လုပ်ခြင်းသည် ပြည်သူများ၏ စားရေရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက ပြည်တွင်းကုန်ထုတ်လုပ်မှု၏ အခြေခံအုတ်မြစ်ကိုလည်း ခိုင်မာစေသည်။ လယ်ယာထွက်ကုန်များ များပြားလာသည်နှင့်အမျှ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ထုပ်ပိုးခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် စျေးကွက်တင်ရောင်းချခြင်း စသည့် ဆက်စပ်လုပ်ငန်းများလည်း ဖွံ့ဖြိုးလာနိုင်သည်။

လယ်မြေကိုချစ်၊ ယာကိုမပစ်

မြန်မာ့တောင်သူလယ်သမားတို့၏ ဘဝသည် မြေ၊ ရေ၊ ရာသီဥတုနှင့် နီးကပ်စွာ ဆက်စပ်နေသည်။ မိုးမလင်းမီ လယ်ကွင်းသို့ထွက်၍ ထွန်ယက်စိုက်ပျိုးခြင်း၊ နေရောင်ပြင်းသည့်အချိန်တွင်ပင် သီးနှံများကို ပြုစုစောင့်ရှောက်ခြင်း၊ ရိတ်သိမ်းချိန်တွင် တစ်နှစ်တာ၏ပင်ပန်းမှုများကို မေ့လျော့ကာ သီးနှံများကို စုဆောင်းခြင်းတို့သည် မြန်မာ့ကျေးလက်ဘဝ၏ ရိုးရှင်းသော်လည်း ဂုဏ်ယူဖွယ်ကောင်းသောပုံရိပ်များဖြစ်သည်။

ထိုသို့သော တောင်သူဘဝကို တန်ဖိုးထားခြင်းသည် ခေတ်နောက်ကျသောအစဉ်အလာကို ထိန်းသိမ်းထားခြင်းမဟုတ်ပေ။ မိဘ၊ အဘိုးအဘွား၊ ဦးလေး၊ အဒေါ်တို့ထံမှ အမွေဆက်ခံလာသည့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် ရိုးရာအတွေ့အကြုံကို ထိန်းသိမ်းရုံဖြင့် မလုံလောက်တော့ပေ။ စက်ယန္တရားများ၊ အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ၊ မြေဆီလွှာစမ်းသပ်ခြင်း၊ ထိရောက်သော ရေသွင်းရေထုတ်စနစ်များ၊ ရာသီဥတုသတင်းအချက်အလက်များနှင့် ဒီဂျစ်တယ်နည်းပညာများကိုအသုံးချရန် လိုအပ်လာသည်။ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချပြီး အထွက်နှုန်းနှင့် အရည်အသွေးတိုးမြှင့်နိုင်မှသာ လယ်ယာလုပ်ငန်းသည် ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် ပိုမိုခိုင်မာလာမည်ဖြစ်သည်။

အထူးသဖြင့် လူငယ်များသည် စိုက်ပျိုးရေးပညာ၊ စက်မှုနည်းပညာ၊ စီးပွားရေးစီမံခန့်ခွဲမှုနှင့် ဒီဂျစ်တယ်စျေးကွက်ပညာတို့ကို ပေါင်းစပ်လေ့လာသင့်သည်။ ယနေ့ခေတ် "တောင်သူ"ဆိုသည်မှာ မြေထွန်သူတစ်ဦးတည်းမဟုတ်တော့ဘဲ **ထုတ်လုပ်သူ၊ စီးပွားရေးလုပ်ငန်းရှင်၊ နည်းပညာအသုံးချသူ နှင့် စျေးကွက်ဖန်တီးသူ**ဖြစ်လာနိုင်သည်။

ဤအမြင်ဖြင့် လယ်ယာကဏ္ဍကို ပြုပြင်ပြောင်းလဲခြင်းသည် လူငယ်များအတွက် ပြည်တွင်း၌ အလုပ်အကိုင်နှင့် ကိုယ်ပိုင်စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် အရေးကြီးသောလမ်းကြောင်း တစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

Farming to SMEs – လယ်ယာမှ စီးပွားရေးလုပ်ငန်းအထိ

လယ်ယာထွက်ကုန် တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းသည် စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်းကိုသာ အကျိုးပြုခြင်းမဟုတ်ပေ။ ထိုထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲနိုင်ပါက **Farming to SMEs**ဟူသည့် လမ်းကြောင်းတစ်ရပ်ကို ဖော်ဆောင်နိုင်သည်။

ဥပမာအားဖြင့် စပါးထွက်ကုန်မှ ဆန်၊ ဆန်မှုန့်နှင့် အခြားတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ပြောင်းမှ အစားအစာနှင့် တိရစ္ဆာန်အစာထုတ်လုပ်ခြင်း၊ ပဲနှင့် နှမ်းတို့မှ စားသုံးရန်အသင့်ထုတ်ကုန်များ ပြုလုပ်ခြင်း၊ ဝါမှ အထည်အလိပ်နှင့် အဝတ်အထည်များထုတ်လုပ်ခြင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များမှ အခြောက်ခံ၊ ထုပ်ပိုးနှင့် ပြုပြင်ထုတ်လုပ်ထားသောထုတ်ကုန်များ ဖန်တီးခြင်းတို့သည် **"စိုက်ပျိုးထုတ်လုပ်မှု → ပြုပြင်ထုတ်လုပ်မှု → ထုပ်ပိုးမှု → သယ်ယူဖြန့်ဖြူးမှု → စျေးကွက်တင်ရောင်းချမှု"** ဟူသည့် တန်ဖိုးကွင်းဆက်ကို ဖန်တီးပေးနိုင်သည်။

ထိုတန်ဖိုးကွင်းဆက်၏ အဆင့်တိုင်းတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) ပေါ်ပေါက်လာနိုင်သည်။ ထို့ကြောင့် **လယ်ယာထွက်ကုန်သည် SMEs ဖွံ့ဖြိုးတိုးတက်ရေး၏ အရင်းအမြစ်တစ်ရပ်ဖြစ်ပြီး SMEs များသည်လည်း လယ်ယာထွက်ကုန်များအတွက် စျေးကွက်နှင့် တန်ဖိုးမြှင့်တင်ပေးနိုင်သည့် အင်အားတစ်ရပ်** ဖြစ်လာနိုင်သည်။

ဤလမ်းကြောင်းသည် တောင်သူတစ်ဦးကို သီးနှံရောင်းချသူအဖြစ်သာမထား၊ ထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့်လုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လာစေနိုင်သည်။ လူငယ်များအနေဖြင့်လည်း လယ်ယာထွက်ကုန်အခြေပြု SMEs များ၊ Agri-tech လုပ်ငန်းများ၊ အစားအစာပြုပြင်ထုတ်လုပ်ရေး၊ ထုပ်ပိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဒီဂျစ်တယ်စျေးကွက်လုပ်ငန်းများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ စတင်နိုင်သည်။

ထို့ကြောင့် **ရိုးရာတောင်သူပညာနှင့် ခေတ်မီသိပ္ပံနည်းပညာတို့ကို ပေါင်းစပ်နိုင်ခြင်းသည် ကျေးလက်လူဦးရေ၏ အသက်မွေးဝမ်းကျောင်းကို နိုင်မာစေရုံသာမက နိုင်ငံ၏စိုက်ပျိုးရေးထုတ်လုပ်မှုနှင့် စားရေရိက္ခာဖူလုံရေးကိုပါ မြှင့်တင်ပေးနိုင်မည့် အရေးကြီးသောလမ်းကြောင်းတစ်ရပ်**ဖြစ်သည်။

ကျေးလက်မှ လူငယ်စွမ်းအား၊ လယ်ယာမှ နိုင်ငံ့စီးပွားရေး

လူငယ်များ၏အိပ်မက်များကို ပြည်ပသို့ ထွက်ခွာခြင်းတစ်ခုတည်းနှင့် မချိတ်ဆက်သင့်ပါ။ ပြည်ပတွင် အလုပ်လုပ်၍ ရရှိသည့်အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် ငွေကြေးများသည် မိသားစုများအတွက် အကျိုးရှိနိုင်သကဲ့သို့ ထိုလူငယ်များ၏ အသိပညာနှင့် စွမ်းရည်များကို မိမိနိုင်ငံ၏ထုတ်လုပ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ပြန်လည် အသုံးချနိုင်ပါက ပိုမိုကျယ်ပြန့်သော အကျိုးကျေးဇူးများ ဖြစ်ပေါ်လာနိုင်သည်။

ထို့ကြောင့် ရည်မှန်းချက်မှာ "ပြည်ပမထွက်ရ" ဟူ၍ ကန့်သတ်ရန်မဟုတ်ဘဲ **"ပြည်တွင်းမှာလည်း အောင်မြင်နိုင်သည်၊ မိမိမြေမှာလည်း တန်ဖိုးဖန်တီးနိုင်သည်၊ မိမိနိုင်ငံကိုလည်း မိမိတို့၏လက်ဖြင့် တည်ဆောက်နိုင်သည်"**ဟူသော စိတ်ဓာတ်ကို မွေးမြူပေးရန်ဖြစ်သည်။

မိမိ၏လယ်မြေကို ချစ်မြတ်နိုးပြီး ခေတ်မီစိုက်ပျိုးရေးပညာကိုလေ့လာကာ ထုတ်လုပ်မှုတိုးမြှင့်ခြင်း၊ ထုတ်ကုန်တန်ဖိုးမြှင့်တင်ခြင်းနှင့် SMEs များ ဖန်တီးခြင်းတို့သည် ကိုယ်ပိုင်ဘဝတိုးတက်ရေးနှင့် နိုင်ငံတည်ဆောက်ရေးကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နိုင်သည့်လမ်းကြောင်းဖြစ်သည်။ ယင်းသည် **"အလုပ်ရှာသူ"**မှ **"အလုပ်ဖန်တီးသူ"**သို့၊ **"သီးနှံထုတ်လုပ်သူ"**မှ **"တန်ဖိုးမြှင့်စီးပွားရေးလုပ်ငန်းရှင်"**သို့ ပြောင်းလဲသွားနိုင်သည့် လမ်းစလည်းဖြစ်သည်။

တောင်သူနိုင်ငံမာမှ လယ်ယာနိုင်ငံမာမည်

မြန်မာ့လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ထုတ်လုပ်မှုတိုးမြှင့်ရုံသာမက တောင်သူများ၏ လူမှုစီးပွားဘဝတည်ငြိမ်ရေးကိုလည်း အလေးထားရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် မြို့ပြဒေသများ၏ စီးပွားရေးတိုးတက်မှုတစ်ခုတည်းဖြင့် မပြည့်စုံနိုင်ပေ။ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး တောင်သူများ၏ ဝင်ငွေတိုးတက်လာကာ လယ်ယာထွက်ကုန်များကို အရည်အသွေးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲနိုင်မှသာ မြို့ပြနှင့် ကျေးလက်အကြား စီးပွားရေးချိတ်ဆက်မှု ပိုမိုခိုင်မာလာမည်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ❋

> **"မြန်မာ့မြေသည် မျိုးဆက်များ၏ အမွေအနှစ်ဖြစ်သည်။ ထိုမြေပေါ်တွင် အဘိုးအဘွားတို့၏လက်ရာများ၊ မိဘများ၏ချွေးစက်များနှင့် ယနေ့တောင်သူတို့၏ ကြိုးစားအားထုတ်မှုများ ပေါင်းစပ်တည်ရှိနေသည်။ စိမ်းလန်းသောလယ်ကွင်းများ၊ ရွှေဝါရောင်စပါးခင်းများနှင့် သီးနှံများပြည့်နှက်နေသော ကျေးလက်မြင်ကွင်းများသည် သဘာဝအလှတရားသာမက မြန်မာ့လူမှုဓလေ့ဘာဝ၏ အသက်ဝင်သောပုံရိပ်များလည်းဖြစ်"**



သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ကုသိုလ်ကောင်းမှုပြုကြသူ ဘုရားဖူးလာပြည်သူများအားတွေ့ရစဉ်။



သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ကုသိုလ်ကောင်းမှုပြုကြသူ ဘုရားဖူးလာပြည်သူများအားတွေ့ရစဉ်။



သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၌ ကုသိုလ်ကောင်းမှုပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်ကိုတွေ့ရစဉ်။

✯ ရှေ့ဖုံးမှ

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်များအား အရာဏ်တက်ချိန်တွင် ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများကို ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက အဘိဓမ္မာအခါတော်နေ့ ဆိုင်ရာ သိမ့တ်ဖွယ်ရာ အမေးအဖြေများပြုလုပ်ခြင်း၊ ဓမ္မဒေသနာတော်များ စုပေါင်းရွတ်ဆိုခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဝါတွင်းကာလ ဗုဒ္ဓပူဇနီယပွဲတော်များ (အောင်ပွဲ) နှင့် ရေစက်ချအခမ်းအနားကို ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

လှူဒါန်း

ယနေ့ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ၌ ရွှေတိဂုံ စေတီတော်မြတ်ကြီး ရင်ပြင်နှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းလေးသွယ်၌ ဘုရားဖူးလာပြည်သူများဖြင့် ကြိတ်ကြိတ်တိုး အထူးစည်ကားလျက်ရှိပြီး အလှူရှင်များက စတုဒိသာအဖြစ် ရေသန့်၊ အချိုရည်၊ ပေါင်မုန့်များ လှူဒါန်းကြသည်။

ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများသည် ရွှေတိဂုံစေတီတော် ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီးများ ထွန်းညှိပူဇော် ဆက်ကပ် လှူဒါန်းကြသည်။

အလားတူ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့တို့က ကြီးမှူး၍ နံနက်ပိုင်းတွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကိုလည်းကောင်း၊ ညပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော် ဆက်ကပ်ပွဲကို လည်းကောင်း ကျင်းပခဲ့သည်။

ထို့ပြင် မဟာဝိဇယစေတီတော်၊ ဆူလေစေတီတော်၊ ဝရဒါဠာဓာတု စေတီယစွယ်တော်မြတ် စေတီတော်(ရန်ကုန်)၊ မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာ စေတီတော်၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ပိုင်း စေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်နှင့် ဆုတောင်းပြည့် မယ်လမု စေတီတို့တွင်လည်း ဂေါပကအဖွဲ့များက ကြီးမှူး၍ စေတီတော်နှင့် ဘုရားရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ကပ်လှူပူဇော်ခြင်း၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ သိမ့တ်ဖွယ်ရာ အမေးအဖြေများပြုလုပ်ခြင်း၊ ဓမ္မဒေသနာတော်များ စုပေါင်းရွတ်ဆိုခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်း – ဇော်မင်းလတ်(MNA)
ဓာတ်ပုံ – ကိုကိုဇော်

✯ စာမျက်နှာ ၆ မှ

အရည်အသွေးကောင်းမွန်သော မျိုးစေ့များ၊ သင့်လျော်သော စိုက်ပျိုးရေးနည်းပညာများ၊ ရေသွင်း ရေထုတ်စနစ်ကောင်းများ၊ ဈေးကွက်သတင်းအချက်အလက်နှင့် သင့်တင့်မျှတသော ဈေးကွက်ချိတ်ဆက်မှုများရရှိနိုင်ခြင်းသည် တောင်သူများ၏ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ကျေးလက်လူဦးရေ၏ ကြီးမားသောအစိတ်အပိုင်းသည် လယ်ယာနှင့် ဆက်နွယ်နေသည့်အတွက် တောင်သူလယ်သမားတို့၏ ဝင်ငွေတိုးတက်ရေးသည် ကျေးလက်ဖွံ့ဖြိုးရေးနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ ထို့ကြောင့် တောင်သူများအတွက် နည်းပညာ၊ ဘဏ္ဍာရေး၊ ဈေးကွက်နှင့် သတင်းအချက်အလက်ဆိုင်ရာ အထောက်အပံ့များကို ချိတ်ဆက်ပေးနိုင်ပါက လယ်ယာထုတ်လုပ်မှု တိုးတက်လာရုံသာမက ကျေးလက်မိသားစုများ၏ လူနေမှုအဆင့်အတန်းကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

တစ်ဖက်တွင်လည်း မြေဆီလွှာနှင့် ရေအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းရန်လိုအပ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စိုက်ပျိုးနည်းစနစ်များ၊ ရေကို ချွေတာအသုံးပြုသည့် နည်းလမ်းများနှင့် မြေဆီလွှာကျန်မာရေးကို ထိန်းသိမ်းသည့် စိုက်ပျိုးရေးအလေ့အထများ ပိုမိုအားကောင်းလာပါက ယနေ့၏လယ်ယာမြေများကို အနာဂတ်မျိုးဆက်များအတွက်လည်း ဆက်လက် အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်သည်။

မြန်မာ့မြေ၊ မြန်မာ့လူ၊ မြန်မာ့အနာဂတ်

မြန်မာ့မြေသည် မျိုးဆက်များ၏ အမွေအနှစ်ဖြစ်သည်။ ထိုမြေပေါ်တွင် အဘိုးအဘွားတို့၏လက်ရာများ၊ မိဘများ၏ချွေးစက်များနှင့် ယနေ့တောင်သူတို့၏ ကြိုးစားအားထုတ်မှုများ ပေါင်းစပ်တည်ရှိနေသည်။ စိမ်းလန်းသောလယ်ကွင်းများ၊ ရွှေဝါရောင် စပါးခင်းများနှင့် သီးနှံများပြည့်နှက်နေသော ကျေးလက်မြင်ကွင်းများသည် သဘာဝအလှတရား သာမက မြန်မာ့လူမှုစီးပွားဘဝ၏ အသက်ဝင်သော ပုံရိပ်များလည်းဖြစ်သည်။

ထို့ကြောင့် **"လယ်မြေကိုချစ်၊ ယာကိုမပစ်"** ဆိုသည့်စိတ်ဓာတ်ကို ခေတ်သစ်ပညာ၊ သိပ္ပံနှင့် နည်းပညာတို့ဖြင့် ပေါင်းစပ်ကြရမည်။ လက်မှုလယ်ယာကို စက်မှုလယ်ယာသို့တိုးတက်စေပြီး လယ်ယာထွက်ကုန်ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲကာ **Farming to SMEs** လမ်းကြောင်းကို ဖော်ဆောင်ကြရမည်။ ထိုမှတစ်ဆင့် လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှုနှင့် ဈေးကွက်တို့ကိုချိတ်ဆက်ပြီး ပြည်တွင်းထုတ်လုပ်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို တိုးမြှင့်ကြရမည်။

ယနေ့ လူငယ်တစ်ဦးသည် မိမိမြေကိုချစ်မြတ်နိုးပြီး ခေတ်မီလယ်ယာပညာကိုလေ့လာကာ မိမိလယ်ယာကို စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် တည်ဆောက်နိုင်ပါက သူသည် တောင်သူတစ်ဦးသာမဟုတ်တော့ဘဲ **အလုပ်အကိုင်ဖန်တီးသူ**၊ ထုတ်လုပ်သူနှင့် နိုင်ငံတည်ဆောက်သူတစ်ဦးဖြစ်လာမည်။ မိမိ၏မြေကိုစွန့်ပစ်၍ တစ်ပါးသူ၏အလုပ်ကိုသာ ရှာဖွေရန် မဟုတ်ဘဲ မိမိမြေတွင် မိမိတို့၏အနာဂတ်ကို ဖန်တီးနိုင်သည့်စိတ်ဓာတ်ကိုလည်း မွေးမြူကြရမည်။

တောင်သူနိုင်ငံမှ လယ်ယာနိုင်ငံမည်။ လယ်ယာနိုင်ငံမှ ကျေးလက်နိုင်ငံမည်။ ကျေးလက်နိုင်ငံမှ ပြည်တွင်းစီးပွားရေးနိုင်ငံမည်။ ပြည်တွင်းစီးပွားရေးနိုင်ငံမှ နိုင်ငံ၏အနာဂတ် ပိုမိုနိုင်မည်။

ထို့ကြောင့် **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဟူသောစိတ်ဓာတ်ဖြင့် မိမိတို့၏မြေ၊ မိမိတို့၏လယ်ယာ၊ မိမိတို့၏ထုတ်လုပ်မှုနှင့် မိမိတို့၏ လူငယ်စွမ်းအားကိုယုံကြည်ကာ ပြည်တွင်း၌ပင် တန်ဖိုးဖန်တီးကြရမည်ဖြစ်သည်။

ယနေ့ ကျွန်ုပ်တို့မြင်တွေ့နေရသည့် စိမ်းစိုသော လယ်ကွင်းများနှင့် ရွှေဝါရောင်စပါးခင်းများသည် မြန်မာ့ကျေးလက်၏ အလှအပသာမက **တောင်သူတို့၏ ချွေးစက်များမှ ပေါက်ဖွားလာသော မျှော်လင့်ချက်၊ မိသားစုများ၏အနာဂတ်နှင့် နိုင်ငံ၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေဝါရောင် အိပ်မက်များဖြစ်ကြောင်း** မမေ့သင့်ပါ။

တောင်သူတို့၏ချွေးစက်များမှ စားရေရိက္ခာများ ပေါက်ဖွားလာပြီး လယ်ယာမြေတို့၏ စိမ်းလန်းမှုမှ နိုင်ငံ့အနာဂတ်၏မျှော်လင့်ချက်များ ရှင်သန်လာရပါသည်။ ထို့ကြောင့် တောင်သူကို တန်ဖိုးထားခြင်းသည် လယ်ယာကိုတန်ဖိုးထားခြင်း ဖြစ်သကဲ့သို့ နိုင်ငံ၏အနာဂတ်ကို တန်ဖိုးထားခြင်းလည်းဖြစ်ပါသည်။ မြန်မာ့မြေကို အကျိုးပြုနေကြသော တောင်သူလယ်သမားများအားလုံး ကျန်းမာချမ်းသာ၍ စိတ်အေးချမ်းသာစွာ အသီးအနှံများ ဝေဆာအောင်မြင်ကာ မိသားစုဘဝများ ဖူလုံပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

သီတင်းကျွတ်အခါသမယတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူတို့ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုရန် သီတင်းကျွတ်မီးထွန်းပွဲတော်များ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

မြန်မာတို့၏ ၁၂ လရာသီ ယဉ်ကျေးမှုပွဲတော်များအနက် သီတင်းကျွတ်မီးထွန်းပွဲတော်သည် ဘာသာတရားကို အခြေခံသည့် မွန်မြတ်သော အစဉ်အလာပွဲတော်တစ်ခုဖြစ်ပြီး တာဝတိံသာနတ်ပြည်မှ လူ့ပြည်သင်္ကန်းသနဲဂိုရိပြည်သို့ နတ်ဗြဟ္မာ အပေါင်း ခြံရံလျက် ဆင်းသက်တော်မူလာသည့် မြတ်စွာဘုရားရှင်အား ကြိုဆိုသည့် အနေဖြင့် ဆီမီးထွန်းပူဇော်သည်ကို အကြောင်းပြု၍ အစဉ်အလာမပျက် ကျင်းပသည့် သီတင်းကျွတ်မီးထွန်းပွဲတော်ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် အဘိဓမ္မာတရားတော်ကို သီတင်းကျွတ်လပြည့်နေ့တွင် ဟောကြားပြီးဆုံးသည့်အတွက်ယနေ့ သီတင်းကျွတ်လပြည့်နေ့သည် အဘိဓမ္မာ အခါတော်နေ့ဖြစ်သည့် အားလျော်စွာ ဗုဒ္ဓဘာသာဝင်တို့အတွက် လေးနက်ထူးခြားသည့် နေ့ထူးနေ့မြတ် တစ်ရက်လည်းဖြစ်ရာ အဆိုပါသီတင်းကျွတ်လပြည့်နေ့အပါအဝင် သီတင်းကျွတ်ပွဲတော်ကာလအတွင်း ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးများထွန်းညှိပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ သံဃာတော်များအား ဆွမ်းလောင်းလှူခြင်း၊ သက်ကြီးရွယ်အို့များနှင့် မိဘ၊ ဆရာများနှင့် ဘိုးဘွားများအား ကန်တော့ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း၊ ဇီဝိတဒါနငါး၊ ငှက်လွှတ်ခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်လေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် သီတင်းကျွတ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

သီတင်းကျွတ်လပြည့်နေ့ဖြစ်သောယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏာသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဥဋ္ဌာတော်အဖြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အပါအဝင် ဘုရားစေတီပုထိုးများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးများပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများဖြင့် လည်းကောင်း၊ မိဘ၊ ဆရာ၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းများဖြင့် လည်းကောင်း ကုသိုလ်ယူကြသည်။

၎င်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ စတုဒိသာကျွေးမွေးခြင်း၊ မြန်မာ့ရိုးရာအကအလှများဖြင့် ဖျော်ဖြေခြင်း၊ ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူ အပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိခြင်း၊ စွေးရောင်းပွဲတော်များ ကျင်းပခြင်းတို့ကို ဆောင်ရွက်ထားရှိရာ ပြည်သူများအနေဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ လည်ပတ်အနားယူအပန်းဖြေလျက်ရှိကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများ တပ်ဆင်ထားပြီး မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားရှိရာ လာရောက်အပန်းဖြေကြည့်ရှုသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေသာလျောင်းစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။



မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိရာ လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။





ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ထားပြီး မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများဆင်ယင်ထားသည်ကို တွေ့ရစဉ်။

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့်စည်ကား

နေပြည်တော် အောက်တိုဘာ ၂၆

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းနှင့် တရားဘာဝနာပွားများခြင်း စသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၌လည်း ဗုဒ္ဓဘာသာ ထုံးတမ်းအစဉ်အလာနှင့်အညီ ကုသိုလ်ကောင်းမှုပြုလုပ်၍ သီတင်းသီလ ဆောက်တည်ကြသူ ရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကားခဲ့သည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)ည၌ပိုင်းတွင် ဘုရားဖူးလာရောက်ကြသည့် ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ဘုရားဖူးများဖြင့် စည်ကား

နံနက်ပိုင်းမှ စတင်၍ နေပြည်တော် ဒဂ္ဂိဏာသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတာသန္တိစေတီတော်မြတ်ကြီး၊ နေရောင်ပြအင်း စေတီတော်၊ ဒဂ္ဂိဏာသီရိမြို့နယ်ရှိ ရန်အောင်မြင် စေတီတော်၊ ပျဉ်းမနား ဘုရားကိုးဆူစေတီတော်၊ ဆုတောင်းရ ဆုတောင်းပြည့်စေတီတော်၊ ဥတ္တရာသီရိမြို့နယ်ရှိ သတ္တာသတ္တာဟ မဟာဗောဓိစေတီတော်ကြီးနှင့် “ဖွား၊ ပွင့်၊ ဟော၊ ၈” သံဝေဒနိယ (၄) ဌာန အပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ခြင်းတို့ဖြင့် ပြည်သူများ ကုသိုလ်ကောင်းမှု ပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။

ညပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူး ရဟန်းရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရုပ်များ၊ မုစလိန္ဒာဂန်နှင့် နဂါးရုံ ဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ဓိမာန်တော်ကြီး၊ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်နှင့် ကျောက်စာရုံ စေတီတော်များ အပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာ ပွားများခြင်းနှင့် ဝါကျွတ်ကာလ အခါသမယအဖြစ် ပရိတ်၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီးထွန်းညှိ ပူဇော်ခြင်းနှင့် မီးပုံးပျံငယ်များ လွှတ်တင်ပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ယူကြသည်။

ထို့အတူ ဥပ္ပါတာသန္တိစေတီတော်မြတ်ကြီး၌လည်း နံနက်ပိုင်းမှ စတင်၍ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားများကို ကျင်းပရာ စိတ်အေးချမ်းသာစွာဖြင့် ပါဝင်ကုသိုလ်ယူကြသည့် နေပြည်တော်ရှိ ဒဂ္ဂိဏာသီရိမြို့နယ်၊ ပျဉ်းမနား ဘုရားကိုးဆူစေတီတော်၊ ဆုတောင်းရ ဆုတောင်းပြည့်စေတီတော်၊ ဥတ္တရာသီရိမြို့နယ်ရှိ သတ္တာသတ္တာဟ မဟာဗောဓိစေတီတော်ကြီးနှင့် “ဖွား၊ ပွင့်၊ ဟော၊ ၈” သံဝေဒနိယ (၄) ဌာန အပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ခြင်းတို့ဖြင့် ပြည်သူများ ကုသိုလ်ကောင်းမှု ပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။

အလားတူ နေပြည်တော်ရှိ Ocean Super Center၊ Juction Center၊ Naypyitaw Wholesale တို့တွင် ဈေးဝယ်ကြသူများနှင့် မင်္ဂလာကန့်တော်၊ မင်္ဂလာရုံမ်းကန်၊ နေပြည်တော် ရေပန်းဥယျာဉ်နှင့် နေပြည်တော်၏ အထင်ကရ နေရာများတွင် LED မီးရောင်စုံများဖြင့် အလှဆင်ထားရာ အပန်းဖြေ လာရောက်ကြသူများဖြင့် စည်ကားခဲ့သည်။

ထို့ပြင် မြို့နယ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်မှ၌ မြတ်စွာဘုရား ရှင်အားရည်စူး၍ ဆီမီးနှင့် မီးရောင်စုံ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံငယ်များ လွှတ်တင်ပူဇော်ခြင်းများ၊ မိဘများနှင့် သက်ကြီးဝါကြီး၊ ဆရာသမားများကို လိုက်လံ နှံ့တော့ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

အထူးအစီအစဉ်အဖြစ် သီတင်းကျွတ်အခါသမယ နေ့ထူးနေ့မြတ်ရက်များအတွင်း နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြမည့် ရဟန်းရှင်လူ မိဘပြည်သူများ ခရီးလမ်းချောမွေ့အဆင်ပြေစေရေး အတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီက ပျဉ်းမနားမြို့ဘောဂသီရိကားကွင်းမှ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ တော်ဝင်ယာဉ်လိုင်းနှင့် ရာဇာမင်း EV ယာဉ်တို့ဖြင့် အခမဲ့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အေးအေးသန့်၊
ဓာတ်ပုံ-ပြည့်စုံအောင်



ဓာတုဇယ ဓာတ်ပေါင်းစေတီတော်၌ ဘုရားဖူးလာရောက်ကြသူများကို တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဘုရားဖူးလာရောက်ကြသည့် ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ဥပ္ပါတာသန္တိစေတီတော်မြတ်ကြီးရှိ ရတနာဆင်ဖြူတော်များအား ဘုရားဖူးလာပြည်သူများက အစားအစာများ ကျွေးမွေးနေသည်ကို တွေ့ရစဉ်။



နေပြည်တော်ရေပန်းဥယျာဉ်၌ အပန်းဖြေလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ဒီပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့အတွက် အနုပညာသမားတွေအဖို့ အခွင့်အလမ်းများစွာရရှိစေပါတယ်၊ လူငယ်တွေအနေနဲ့လည်း ငယ်ငယ်ကတည်းက ဒီပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် အနုပညာအပေါ်မှာ ကြိုးစားချင်စိတ်တွေလည်း ဖြစ်ပေါ်စေပါတယ်

ဒေါ်နန်းသူဇာ

နေပြည်တော် အောက်တိုဘာ ၂၆

(၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေးအတီးပြိုင်ပွဲကြီးကို ယနေ့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -



ဒေါ်မြနှင်းရီ



ဒေါ်နန်းသူဇာ



ဦးဝင်းကိုကို



ဦးအောင်သူဟိန်း



မောင်ဖြိုးမောင်မောင်



မောင်မိုးထက်အောင်



မချိုချိုစုန်း



မရွှန်းလွဲဝင်း

ဒေါ်မြနှင်းရီ

အတီး(မယ်ဒလင်) ပြိုင်ပွဲဝင်

ဝါသနာရှင်(ပထမတန်း)

အမျိုးသမီး၊ စစ်ကိုင်းတိုင်း

ဒေသကြီး ကိုယ်စားပြု

ဒီပြိုင်ပွဲကြီးကို ၂၀၁၁ ခုနှစ်ကတည်းက ယှဉ်ပြိုင်ခဲ့တာပါ။ ဆုတံဆိပ်တွေလည်း ရရှိခဲ့ဖူးပါတယ်။ အခု တီးခတ်ပြိုင်ပွဲဝင်ခဲ့တာကတော့ မြရည်နန္ဒာ (ဘွဲ့) သီချင်းနဲ့ ဖြစ်ပါတယ်။ ပြိုင်ပွဲတွေ ကျင်းပပေးတဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုတွေ မပျောက်အောင် လို့လည်း ထိန်းသိမ်းနေပါတယ်။ အခုပြိုင်ပွဲကြီးမှာ မြေးမလေးနဲ့ တပည့်မလေးတစ်ယောက်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြေးမလေးကတော့ တတိယဆုရခဲ့ပါတယ်။

ဒေါ်နန်းသူဇာ

အတီး(မယ်ဒလင်) ပြိုင်ပွဲဝင်

ဝါသနာရှင်(ပထမတန်း)

အမျိုးသမီး

ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု

အခု ယှဉ်ပြိုင်တီးခတ်ခဲ့ရတာကတော့ မြရည်နန္ဒာ(ဘွဲ့) သီချင်းနဲ့ပါ။ ဒီပြိုင်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ အတွက်လည်း အများကြီး ကြိုတင်ပြင်ဆင်ခဲ့ပါတယ်။ အရင်နှစ်က ဝါသနာရှင် (ဒုတိယတန်း)ပြိုင်ပွဲတုန်းကတော့ သီးချင်း ငါးပုဒ် လေ့ကျင့်ခဲ့ရပြီး ဒီနှစ် ဝါသနာရှင်(ပထမတန်း) ပြိုင်ပွဲမှာတော့ သီချင်းရှစ်ပုဒ် လေ့ကျင့်ခဲ့ရပါတယ်။ တီးခတ်ယှဉ်ပြိုင်ခဲ့ရတဲ့ အပေါ်မှာလည်း အားရကျေနပ်မှု ရှိပါတယ်။ ဒီပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့ အတွက် အနုပညာသမားတွေအဖို့ အခွင့်အလမ်းများစွာ ရရှိစေပါတယ်။ လူငယ်တွေအနေနဲ့လည်း ငယ်ငယ်ကတည်းက ဒီပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် အနုပညာအပေါ်မှာ ကြိုးစားချင်စိတ်တွေလည်း ဖြစ်ပေါ်စေပါတယ်။ ဒီပြိုင်ပွဲကနေ တစ်ဆင့် ထွန်းတောက်သွားတဲ့ အနုပညာရှင်တွေလည်း အများကြီးရှိပါတယ်။ ပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့ သက်ဆိုင်ရာ တာဝန်ရှိသူအားလုံးကို ကျေးဇူး အများကြီးတင်ပါတယ်။

ဦးဝင်းကိုကို

အတီး(မယ်ဒလင်) ပြိုင်ပွဲဝင်

ဝါသနာရှင်(ဒုတိယတန်း)

အမျိုးသား၊ တနင်္သာရီ

တိုင်းဒေသကြီး ကိုယ်စားပြု

ဒီပြိုင်ပွဲကြီးကို ဝင်ရောက် ယှဉ်ပြိုင်တာ နှစ်ကြိမ်မြောက် ရှိပါပြီ။ မယ်ဒလင်ပညာကို ဘွဲ့ရပြီးမှ စတင်လေ့လာဖြစ်တာပါ။ ပြိုင်ပွဲမှာ ယှဉ်ပြိုင်တီးခတ်နိုင်ဖို့ အတွက် အကောင်းဆုံးကြိုးစား လေ့ကျင့်ခဲ့ပါတယ်။ အခု ယှဉ်ပြိုင်ပြီးခဲ့တဲ့အပေါ်မှာလည် ကျေနပ်မှု ရှိပါတယ်။ အခုလို ပြိုင်ပွဲတွေ ကျင်းပပေးတာ ကောင်းပါတယ်။ တကယ်လို့ ဒီလိုပြိုင်ပွဲတွေသာမရှိဘူးဆိုရင် မဟာဂီတကပျောက်ဆုံးသွားနိုင်ပါတယ်။ ဒီဘက်ခေတ် လူငယ်တွေဆိုရင် ခေတ်ပေါ်၊ ကာလပေါ်သီချင်းတွေကို စိတ်ဝင်စားမှုများလာတာ တွေ့ရပါတယ်။ ဒါကြောင့် အခုလို ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းဖော်ထုတ်ပေးတဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပပေးတဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးအောင်သူဟိန်း

အတီး (မယ်ဒလင်) ပြိုင်ပွဲဝင်

ဝါသနာရှင်(ဒုတိယတန်း)

အမျိုးသား၊ ရန်ကုန်တိုင်း

ဒေသကြီး ကိုယ်စားပြု

ကျွန်တော် (၂၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ စတင်ယှဉ်ပြိုင်ခဲ့တာပါ။ ပါဝင်ယှဉ်ပြိုင်ခဲ့တာကတော့ အခြေခံပညာအဆင့် အတီး(မယ်ဒလင်) ပြိုင်ပွဲမှာဖြစ်ပြီး ရွှေတံဆိပ်ဆုရခဲ့ပါတယ်။ မယ်ဒလင်ပညာကို ဆဋ္ဌမတန်း ကျောင်းသားဘဝကတည်းက စတင်လေ့လာခဲ့တာပါ။ ဒီနှစ်ပြိုင်ပွဲကြီးမှာလည်း အကောင်းဆုံး တီးခတ်ယှဉ်ပြိုင်နိုင်ဖို့ ကြိုးစားလေ့ကျင့်ခဲ့ပါတယ်။ နိုင်ငံအတွင်းမှာရှိတဲ့ ရွှင်ပုန်းသီး အနုပညာရှင်လေးတွေ ထွက်ပေါ်လာအောင် တာဝန်ရှိသူတွေက ဒီပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့ အတွက် အထူးပဲ ဝမ်းသာပီတိဖြစ်မိပါတယ်။ နောင်မျိုးဆက်သစ်လေးတွေကိုလည်း မြန်မာ့အနုပညာ အမွေအနှစ်တွေကို ထိန်းသိမ်း လက်ဆင့်ကမ်းနိုင်အောင် ကြိုးစားသွားပါမယ်။

မောင်ဖြိုးမောင်မောင်

အကဝါသနာရှင်(ပထမတန်း)

ကျွန်တော်က ကချင်ပြည်နယ်ကိုယ်စားပြုအနေနဲ့ လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဗဟိုအဆင့်ရဲ့ အကဝါသနာရှင် ပထမတန်းမှာ ငွေတံဆိပ်ဆု၊ ဒုတိယတန်း ကြိုးပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ဒီနှစ်အတွက်လည်း အများကြီး ကြိုးစားလေ့ကျင့်ခဲ့ပါတယ်။ လာရောက်ယှဉ်ပြိုင်တဲ့သူတွေအားလုံးကလည်း အကုန်လုံး ကောင်းကြပါတယ်။ နောက်နှစ်မှာလည်း ဒုတိယတန်းကြီးအဖွဲ့မှာ ဝင်ရောက် ယှဉ်ပြိုင်ပါဦးမယ်။ အခုလို မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို ထုတ်ဖော်တဲ့ပွဲတော်ကြီးမှာ ပါဝင်ခွင့်ရတဲ့အတွက် ကျွန်တော် တို့လို တက်သစ်ရွက်ပုန်းသီးအနုပညာရှင်တွေ အများကြီးပညာရပါတယ်။ ပျော်ရွှင်ရပါတယ်၊ ဂုဏ်လည်းယူရပါတယ်။ လက်ရှိအနုပညာအနေနဲ့လည်း ဒုတိယအဖွဲ့တွေမှာ ကနေပါတယ်။

မောင်မိုးထက်အောင်

အကဝါသနာရှင်(ပထမတန်း)

ကျွန်တော်က တနင်္သာရီတိုင်း ဒေသကြီးကို ကိုယ်စားပြုယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ အရင်နှစ်တွေလာပြိုင်ခဲ့တာမှာ ရွှေငွေကြေးငါးခုရခဲ့ပြီးပါပြီ။ ဒီနှစ်လည်း အကောင်းဆုံးကြိုးစား ယှဉ်ပြိုင်ခဲ့ပါတယ်။ ရွှေရမယ်လို့လည်း ထင်ပါတယ်။ အခုလက်ရှိ အနုပညာအနေနဲ့က တော့ ဇာတ်မင်းသားလုပ်ပါတယ်။ တစ်နှစ်မှ တစ်ကြိမ် ကျင်းပတဲ့ပွဲဖြစ်တာကြောင့် ညီအစ်ကို မောင်နှမတွေ ပြန်ဆုံရလို့ ဝမ်းသာရပါတယ်။ ခုလို ယဉ်ကျေးမှုတွေ ထိန်းသိမ်းတဲ့ပွဲကြောင့် နှစ်စဉ် နှစ်တိုင်း အောင်မြင်စွာ ကျင်းပနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

မချိုချိုစုန်း

အကဝါသနာရှင်(ဒုတိယတန်း)

ကျွန်မက ဒီနှစ်မှ ပထမဆုံး ဗဟိုအဆင့်မှာ ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးကို ကိုယ်စားပြု ယှဉ်ပြိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းချင်လို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ တစ်လကျော်လောက်လည်း လေ့ကျင့်ခဲ့ရပါတယ်။ နောက်နှစ်တွေမှာလည်း အကပညာရပ်ကို လာရောက်ယှဉ်ပြိုင်ဦးမှာပါ။ အတီးကိုလည်း ဝါသနာပါလို့လေ့လာနေပါပြီ။ နောင်အခါ အခွင့်သင့်ရင် အတီးပညာရပ်နဲ့ ဝင်ရောက်ယှဉ်ပြိုင်ပါဦးမယ်။

မရွှန်းလွဲဝင်း

အကဝါသနာရှင်(ဒုတိယတန်း)

ကျွန်မကမကွေးတိုင်းဒေသကြီးကို ကိုယ်စားပြုပြီး ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ကကွက်တွေကို လိုအပ်ချက်မရှိ၊ လစ်ဟာချက်မရှိ၊ အကောင်းဆုံး ဖြစ်အောင် လေ့ကျင့်ထားပါတယ်။ အနုပညာအနေနဲ့က အငြိမ့်မပွဲတွေ လက်ခံပြီး ကနေပါတယ်။ အခုလို အနုပညာရှင်တွေကိုဖော်ထုတ်နေရာပေးတဲ့ ဒီပြိုင်ပွဲကြီး ပြုလုပ်ပေးသူတွေကို ရင်ထဲကနေ အတိုင်းမသိ ကျေးဇူးတင်မိပါတယ်။ နောက်နှစ်ကိုလည်း ဝါသနာရှင် ပထမတန်းမှာ လာရောက်ယှဉ်ပြိုင်ပါဦးမယ်။

တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ

လင်းသူရ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆဋ္ဌမနေ့ပုံရိပ်များ

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ဖော်ပြလိုက်ပါသည်။
















(၂၀၂၅-၂၀၂၆) ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ Polytechnic University၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များ၏ (၂၀၂၅-၂၀၂၆) ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့တွင်ဆက်လက်ကျင်းပသည်။

အားကစားပြိုင်ပွဲများ ကျင်းပနေမှုကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာဆရာမများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ အုပ်ချုပ်သူ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ ကြည့်ရှုအားပေးပြီး ကျောင်းသားအားကစားသမားများကို ရင်းရင်းနှီးနှီး နွှတ်ဆက်အားပေးစကားပြောကြားကြသည်။

ယနေ့အားကစားပြိုင်ပွဲများအဖြစ် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ဝိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖုဆယ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

သတင်းစဉ်

ငွေဆောင်ကမ်းခြေ၌ ခရီးသွားဧည့်သည်များဖြင့် အထူးစည်ကားလျက်ရှိ

ငွေဆောင် အောက်တိုဘာ ၂၆

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်စဉ်ဒေသရှိ အထင်ကရ အပန်းဖြေစခန်းတစ်ခု ဖြစ်သော ငွေဆောင်ကမ်းခြေတွင် ယခုနှစ် သီတင်းကျွတ်ရုံးပိတ်ရက်ကာလ အတွင်း ဒေသအသီးသီးမှ လာရောက်ကြသည့် ခရီးသွားအပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ကမ်းခြေသို့ လာရောက်ကြသည့် ခရီးသွားဧည့်သည်များသည် ဖြူဖွေးလှပသော သဲသောင်ပြင်တွင် အနားယူခြင်း၊ ပင်လယ်ရေကူးခြင်း၊ မြင်းစီးခြင်းအပြင် စပိဘုတ်၊ ငှက်ပျောသီးလှေများ စီး၍ ချစ်သူများကျွန်းနှင့် ကျောက်မောင်နမစသည့် အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ခြင်းများဖြင့် စည်ကားလျက်ရှိသည်။ ထို့ပြင် လတ်ဆတ်သည့် ပင်လယ်စာ စားသောက်ဆိုင်များနှင့် ဒေသထွက် လက်ဆောင်ပစ္စည်းအရောင်းဆိုင်များတွင် လည်း အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း သိရသည်။

ကြီးကြပ်ဆောင်ရွက် ခရီးသွား ဧည့်သည်များ စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ရေး၊ ကမ်းခြေပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးနှင့် သဘာဝ ဂေဟစနစ် ထိန်းသိမ်းနိုင်ရေးတို့ အတွက် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဟိုတယ် လုပ်ငန်းရှင်များ ပူးပေါင်းကာ စနစ်တကျ ကြီးကြပ်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ကျော်လင်းဦး(ပြန်/ဆက်)



ကျောက်ဆည်မြို့ ဆင်အကအလှပြိုင်ပွဲ၌ ဆုရရှိသည့် ဆင်အဖွဲ့များအား ဆုချီးမြှင့်

ကျောက်ဆည် အောက်တိုဘာ ၂၆

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်အကအလှပြိုင်ပွဲ ကျင်းပခဲ့ရာ ဆုရရှိခဲ့သည့် ဆင်အဖွဲ့များအား ယမန်နေ့ညပိုင်းတွင် စုကြီးရပ်ကွက် ရွှေသာလျောင်း တောင်ခြေ ဆင်အကအလှပြိုင်ကွင်း၌ ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။



ချီးမြှင့်

ဦးစွာ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက အမှတ်ပေးဒိုင် ၂၁ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ပြီး မြို့မဆင်ဖြူတော်၊ မာဃဆင်ဖြူတော်၊ ရိုးရာဂုဏ်ထူးဆောင် (သက်ကြီးဆင်)များ ဖြစ်သည့် ရွှဲဆိုး၊ ဇော်ဂျီမောင်၊ ပိတောက်မြိုင်၊ ရဲမာန်ဆင်အဖွဲ့တို့အား မြို့မိမြို့ဖများက ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

ထို့နောက် ရိုးရာတီထွင် ဆန်းသစ်မှု သဘာဝဆင်ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ဆင်အဖွဲ့များ၊ ဘော်ကြယ် ဆင်ပြိုင်ပွဲ၌ ပထမနှင့် ဒုတိယဆုရရှိသော ဆင်အဖွဲ့များ၊ ကလေးဆင်ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ဆင်အဖွဲ့များ၊ ရိုးရာဆင်ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု(၁)၊ နှစ်သိမ့်ဆု(၂)ရရှိခဲ့သည့် ဆင်အဖွဲ့များအား ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ကျောက်ဆည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆုများပေအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် စားတော်ပဲသီးနှံ ၃၃၁၂ ဧက စိုက်ပျိုးမည်

ပွင့်ဖြူ အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားတော်ပဲသီးနှံ ၃၃၁၂ ဧက စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲသီးနှံ ၃၃၁၂ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါစားတော်ပဲစိုက်ပျိုးခြင်းကို ယခုနှစ် အောက်တိုဘာ စတုတ္ထပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကာ တောင်သူများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲစိုက်ပျိုးတောင်သူများကို သီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ချိတ်ဆက်၍ ဒေသခံတောင်သူများအား လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုပစ္စည်းများ၊ ပိုးမွှားကျရောက်မှု မရှိစေရေး ကြိုတင်ကာကွယ်နိမ့်နင်းရမည့်နည်းလမ်းများကို ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားတော်ပဲသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားတော်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကာတွန်း



ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ဟော်မုဇ်ရေလက်ကြား စီမံခန့်ခွဲရေးနှင့် ရေလမ်းကြောင်းများ အတိတ်ကာလကရှိခဲ့သည့်ပုံစံနှင့် တူညီမည်မဟုတ်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးပြောကြား



တီဟီရန် အောက်တိုဘာ ၂၆

ဟော်မုဇ်ရေလက်ကြား စီမံခန့်ခွဲရေးနှင့် အဆိုပါရေလက်ကြား၏ ရေလမ်းကြောင်းများသည် အတိတ်ကာလကရှိခဲ့သည့်ပုံစံနှင့် တူညီမည်မဟုတ်ကြောင်း အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာယိအဗတ်အေရာချီက အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားသည်။

အီရန်အပေါ် အမေရိကန်နှင့် အစ္စရေးတို့က တိုက်ခိုက်ခဲ့ပြီးနောက် အနောက်အာရှဒေသတွင် အခြေခံနှင့် မဟာဗျူဟာကျသည့် ပြောင်းလဲမှုများရှိခဲ့ကြောင်း ၎င်းက မြို့တော်တီဟီရန်တွင် ကျင်းပသည့် အခမ်းအနားတွင် ပြောကြားသည်။

မိမိတို့အနေဖြင့် အခြေအနေသစ်များကို လက်ခံရမည်ဖြစ်ကြောင်း၊ ဟော်မုဇ်ရေလက်ကြား၏ ရေလမ်းကြောင်းများနှင့် အဆိုပါရေလက်ကြားဆိုင်ရာ စီမံခန့်ခွဲရေး စနစ်များသည် ယခင်အချိန်ကကဲ့သို့ တစ်ထပ်တည်း တူညီမည်မဟုတ်ကြောင်း ၎င်းကပြောကြားသည်။ လက်ရှိအချိန်တွင် ဆွေးနွေးညှိနှိုင်းနေသည့် အရာများ ရှိနေပြီး အဆိုပါ ဆွေးနွေးညှိနှိုင်းမှုများကို လည်း ဆက်လက်ဆောင်ရွက်မည်ဟု ၎င်းကပြောကြားသည်။

ဒေသတွင်း လုံခြုံရေးကို ပြည်ပတပ်ဖွဲ့များအပေါ် မှီခိုအားထားခြင်းမပြုဘဲ ဒေသတွင်းနိုင်ငံများကသာ တာဝန်ယူအာမခံရမည်ဖြစ်ကြောင်း ၎င်းက အလေးပေး ပြောကြားခဲ့သည်။ အဆိုပါ ပြည်ပနိုင်ငံများမှ တပ်ဖွဲ့များသည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကို ကာကွယ်ရန်နှင့် အစ္စရေးနိုင်ငံကို စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ဒေသတွင်းသို့ ရောက်ရှိလာကြခြင်းဖြစ်ပြီး ၎င်းတို့ ဆက်လက် ရှိနေခြင်းသည် ဒေသတစ်ခုလုံးအတွက် မလုံခြုံမှုများကိုသာ ဖြစ်ပေါ်စေလိမ့်မည် ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ အီရန်အနေဖြင့် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ တရုတ်မဟာတံတိုင်းပြတိုက် ပြန်လည်ဖွင့်လှစ်



ပေကျင်း အောက်တိုဘာ ၂၆

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ကျော်ကြားသော ဘာဒါလင်း မဟာတံတိုင်းကြီး၏ အောက်ခြေတွင် တည်ရှိသည့် တရုတ်မဟာတံတိုင်းပြတိုက်အား ပြုပြင်မွမ်းမံမှုများနှင့် အဆင့်မြှင့်တင်မှုများ ပြုလုပ်ပြီးနောက် နိုင်ငံသားများ လာရောက် ကြည့်ရှုလေ့လာရန် အောက်တိုဘာ ၂၄ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ မြို့တော် ပေကျင်းမြို့ ဆင်ခြေဖုံးရှိ ယန်ချင်းခရိုင်တွင် တည်ရှိသော အဆိုပါ ပြတိုက်ကို ၁၉၉၇ ခုနှစ်တွင် စတင် ဖွင့်လှစ်ခဲ့ပြီး ပြန်လည်ပြုပြင်ရေး လုပ်ငန်းများအတွက် ၂၀၂၂ ခုနှစ် ဧပြီလတွင် ပိတ်ထားခဲ့သည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အဆိုပါပြတိုက် တည်ဆောက်ရေး လုပ်ငန်းများ စတင်ခဲ့ပြီး ပြတိုက် အဆောက်အအုံကို ပတ်ဝန်းကျင်ရှိ တောင်တန်းများနှင့် သဘာဝအပင် များကြားတွင် ပိုမိုသဟဇာတ ဖြစ်စွာ ပေါင်းစပ်တည်ဆောက် ထားကြောင်း သိရသည်။

ဧရိယာ ၁၆၀၀၀ စတုရန်းမီတာ ကျယ်ဝန်းသော ၎င်းပြတိုက်တွင် ပြခန်းများ၊ ပညာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုနေရာများ၊ ရေးဟောင်း ပစ္စည်းများ ထိန်းသိမ်းထားရှိရာ နေရာများနှင့် သုတေသန ပြုလုပ်ရာ နေရာများ ပါဝင်သည်။

ပြတိုက်၏ အဓိကမဟာပြခန်းများ နှင့် အထူးခေါင်းစဉ်အလိုက် ပြသ ထားသည့် အပိုင်းများက တရုတ် တံတိုင်းကြီး၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုကို ဖော်ပြထားပြီး တရုတ်နိုင်ငံတစ်ဝန်းရှိ ပြတိုက် များမှ ဌာနရမ်းရယူထားသည့် ပစ္စည်းများအပါအဝင် ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းပေါင်း ၇၀၀ ကျော်ကို ပြသထားသည်။ ပြသထားသည့် အရာများက တရုတ်တံတိုင်းကြီး တည်ဆောက်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော် ကာလကို ခြုံငုံဖော်ပြထားပြီး အရေးပေါ် ကာကွယ်ထိန်းသိမ်း ခြင်းမှသည် စနစ်တကျထိန်းသိမ်း စောင့်ရှောက်ခြင်းအထိ ၎င်းကို ထိန်းသိမ်း စောင့်ရှောက်သည့် နည်းလမ်းများ မည်သို့တိုးတက် ပြောင်းလဲလာခဲ့သည်ကို ပြသ ထားသည်။ လာရောက်လေ့လာသူ များသည် တရုတ်တံတိုင်းကြီး၏ သမိုင်းဝင် အခန်းကဏ္ဍများကို ပိုမိုနားလည် သဘောပေါက်နိုင် မည်ဖြစ်သည်။ မဟာတံတိုင်းကြီး သည် စစ်ရေးအရ ကာကွယ်ရေး အဆောက်အအုံတစ်ခု အဖြစ် ရှိနေရုံသာမက တရုတ်နိုင်ငံရှိ လူမျိုးစုများအကြား အပြန်အလှန် ဖလှယ်မှုများနှင့် ပေါင်းစည်းမှုများ ဖြစ်ပေါ်ရာ နေရာတစ်ခုအဖြစ် လည်း ပြောင်းလဲလာခဲ့သည်။

ပြတိုက်၏ ဒုတိယထပ်တွင် ဖန်သားနံရံများမှ တစ်ဆင့် အပြင်ဘက်ရှိ ခမ်းနားထည်ဝါသော ဘာဒါလင်း မဟာတံတိုင်း အပိုင်းကို ကျယ်ကျယ်ပြန့်ပြန့် မြင်တွေ့ခံစားနိုင်သည်။ ယူနက်စကို ကမ္ဘာ့အမွေအနှစ် နေရာတစ်ခု ဖြစ်သည့် မဟာတံတိုင်းကြီးသည် ပြည်နယ်၊ မြို့တော်နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ၁၅ ခုကို ဖြတ်သန်းကာ ကီလိုမီတာ ၂၀၀၀ ကျော် ရှည်လျားသည်။ ပေကျင်းမြို့တွင် တရုတ်တံတိုင်း ကြီး၏ အပိုင်းများသည် စုစုပေါင်း ကီလိုမီတာ ၅၂၀ ခန့်ရှိပြီး ယင်းတို့ အနက် ဘာဒါလင်းအပိုင်းသည် ဧည့်သည်များ အများဆုံး လာရောက် လည်ပတ်သည့် နေရာဖြစ်သည်။ **ဆင်ဟွာ**

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ အီဘိုလာရောဂါ ကူးစက်ခံရသူအရေအတွက် တစ်သောင်းနီးပါးရှိလာ

ကင်ရှာဆာ အောက်တိုဘာ ၂၆

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံတွင် လက်ရှိအီဘိုလာရောဂါ ကူးစက်ခံရသူအရေအတွက် တစ်သောင်းနီးပါးရှိခဲ့ကြောင်းနှင့် ကျန်းမာရေးလုပ်သားများ တိုက်ခိုက်ခံရခြင်းကြောင့် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် စိန်ခေါ်မှုများရှိနေကြောင်း ကျန်းမာရေးတာဝန်ရှိသူများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ ထုတ်ပြန်ချက်အရ သိရသည်။

ကျန်းမာရေးတာဝန်ရှိသူများ၏ အောက်တိုဘာ ၂၆ ရက် ထုတ်ပြန်ချက်အရ အတည်ပြု ရောဂါကူးစက်ခံရသူ ၉၉၆၄ ဦးရှိပြီး ၎င်းတို့အထဲတွင် သေဆုံးသူ ၄၈၁ ဦးရှိကြောင်းနှင့် ထိခိုက်သေဆုံးမှုနှုန်း ၄၈ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ရောဂါကူးစက်မှုများအား နိုင်ငံအတွင်း ဒေသ ၂၆ ခုရှိ ကျန်းမာရေးဇုန် ၆၆ ခုတွင် တွေ့ရှိရသည်။ နိုင်ငံအတွင်းရှိ အရှေ့မြောက်ပိုင်း ရှိပိုဒေသတွင် တိုက်ခိုက်မှုအတွင်း သူနာပြုတာစဉ်ဦးသေဆုံးခဲ့ခြင်းအပေါ်ရှုတ်ချကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ဂါဘရီယဲဆက်က ပြောကြားသည်။ ကျန်းမာရေးလုပ်သားများအား ကာကွယ်ပေးရမည်ဖြစ်ကြောင်းနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျန်းမာရေးလုပ်သားများအား ကာကွယ်ပေးရန် ၎င်းကလူမှုမီဒီယာမှ တောင်းဆိုခဲ့သည်။

ဒေသတွင်း ရောဂါပျံနှံစေသည်ဟု စွပ်စွဲခံရကာ ဒေသခံများ၏ တိုက်ခိုက်မှုကို ခံခဲ့ရသည်။ ၎င်းစွပ်စွဲချက်များသည် ကောလဟလများနှင့် သတင်းတုသတင်းမှားများသာဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများကပြောကြားကာ စွပ်စွဲချက်ကို ငြင်းဆိုခဲ့သည်။ အီဘိုလာဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားနေသော လက်ရှိရောဂါကူးစက်မှု အခြေအနေကို ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် မေ ၁၅ ရက်က ကြေညာခဲ့သည်။ အီဘိုလာရောဂါကူးစက်မှုသည် အာဖရိကတိုက်ရှိ နိုင်ငံများဖြစ်သည့် ယူဂန်ဒါ၊ ကင်ညာနှင့် နိုင်ဂျီးရီးယား အပါအဝင် နိုင်ငံပေါင်း ငါးနိုင်ငံသို့ ပျံနှံ့ရောက်ရှိသွားခဲ့ပြီး ပြင်ဆန်နိုင်ငံတွင်လည်း ရောဂါဝိုး ကူးစက်သည့် ဖြစ်ရပ်တစ်ခုကို တွေ့ရှိခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**

ဂျပန်နိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ စက်ကိရိယာပြပွဲကျင်းပ



တိုကျို အောက်တိုဘာ ၂၆

ဂျပန်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် လုပ်သားရှားပါးလာခြင်းကို ဖြေရှင်းရန်အတွက် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ စက်ကိရိယာပြပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အောက်တိုဘာ ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ဂျပန်နိုင်ငံနှင့် နိုင်ငံတကာမှ ကုမ္ပဏီ ၁၁၀၀ ကျော် ဝင်ရောက်ပြသခဲ့သည်။ လူတူပုံစံ စက်ရုပ်များအား ဉာဏ်ရည်တုနည်းပညာ ဖြင့် နှုတ်မှ ညွှန်ကြားချက်များပေးခြင်းနှင့် စက်ကိရိယာများဖြင့် ပေါင်းစပ်ဆောင်ရွက်ခြင်းဆိုင်ရာ စနစ်တစ်ခုကို မစ်ဆူဘီရှိ အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီက မိတ်ဆက်ခဲ့သည်။ အဆိုပါနည်းပညာကြောင့် လူသားလုပ်သားများ၏ အလုပ်ဝန်တာကို သက်သာစေသည်ဟု အဆိုပါကုမ္ပဏီက ပြောကြားသည်။ ထို့ပြင် လူသားများ၏ တောင်းဆိုချက်များအပေါ် အခြေခံ၍ သတ္တုဒြဗိုင်းနမူနာများကို ဖန်တီးပေးပြီး ၎င်းဒီဇိုင်းများအတိုင်း လက်တွေ့ထုတ်လုပ်ပေးသည့် ဉာဏ်ရည်တုနည်းပညာ တစ်ရပ်ကိုလည်း စက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်းဖြစ်သည့် ဖန်ုကပြသခဲ့သည်။ ထုတ်ကုန်ထုတ်လုပ်ရေး စက်မှုလုပ်ငန်းသည် လုပ်သားရှားပါးလာခြင်းနှင့် ထုတ်လုပ်မှုမြှင့်တင်ရန် ကြိုးပမ်းအားထုတ်မှုတစ်ရပ်အနေဖြင့် ဉာဏ်ရည်တုနည်းပညာကို သုံးစွဲမှုများပြားလာသည်။ သို့ရာတွင် မည်သည့်အလုပ်များအား စက်ကိရိယာများဖြင့် အစားထိုးမည်ကို ဆုံးဖြတ်ရခြင်းနှင့် ဉာဏ်ရည်တုနည်းပညာအား ကျွမ်းကျင်လုပ်သားများရှိရမည့် အရည်အသွေးများကို သင်ကြားလေ့ကျင့်ရမည့် နည်းလမ်းများရှာဖွေရာတွင် စိန်ခေါ်မှုရှိနေကြောင်း သိရသည်။

လုပ်သားများ ပုံမှန်လုပ်ဆောင်နေကျ လုပ်ငန်းတာဝန်များကို ဉာဏ်ရည်တုနည်းပညာအသုံးပြု၍ လုပ်ဆောင်စေခြင်းအားဖြင့် စက်ရုံများ၏ ထုတ်လုပ်မှု စွမ်းဆောင်ရည် မြင့်တက်လာမည်ဖြစ်ပြီး လူသားများအနေဖြင့် ပိုမိုရှုပ်ထွေးနက်နဲသော လုပ်ငန်း တာဝန်များဘက်သို့ ပြောင်းလဲလုပ်ကိုင်နိုင်မည် ဖြစ်ကြောင်း စက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်း ဖန်ုမှ အမှုဆောင်အရာရှိ နိုဒါ ဟီယိုရှိကပြောကြား သည်။

အင်နဲအိတ်ချ်ကေ

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် အောက်တိုဘာ ၂၆

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် ဘော်လခဲမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ဂုဏ်ပြု ကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တပ်နယ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက် ဝမ်းသာစွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ခုနစ်ဦးအား မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



နေပြည်တော် အောက်တိုဘာ ၂၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် လာအိုနိုင်ငံသားနှစ်ဦး၊ သီရိလင်္ကာနိုင်ငံသား နှစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား တစ်ဦးနှင့် အိန္ဒိယနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ခုနစ်ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေး အတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်း ပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Donovan Noel Diengdoh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Counsellor Ms. Fadilah Seedeh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးမှ Second Secretary Mr.Manivan Bounkham နှင့် တာဝန်ရှိသူများ၊ သီရိလင်္ကာနိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်း ထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁၀-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပံခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လျှိုင်ကော်	ဟားမိုး
92 Ron	၄၇၁၅	၄၈၇၀	၄၈၂၀	၄၇၃၀	၄၈၇၅	၄၈၉၀	၄၉၂၅	၄၈၀၀	၅၁၇၀	၅၂၀၀	၄၈၂၀	၄၉၈၀	၄၉၁၅	၄၈၇၀	၄၈၈၀	၅၁၁၀
95 Ron	၄၈၃၅	၄၉၉၀	၄၉၄၀	၄၈၅၀	၄၉၉၅	၅၀၁၀	၅၀၄၀	၄၉၂၀	၅၂၉၀	၅၃၂၀	၄၉၄၀	၅၀၉၅	၅၀၃၀	၄၉၉၀	၅၀၀၀	၅၂၃၀
HSD (500 ppm)	၄၄၄၅	၄၅၉၀	၄၅၄၅	၄၄၆၀	၄၅၉၅	၄၆၁၀	၄၆၄၀	၄၅၂၅	-	၄၉၀၅	၄၅၄၅	၅၁၃၀	၄၆၃၀	၄၅၉၀	၄၆၀၀	၄၈၂၀
HSD (50 ppm)	၅၃၇၅	၅၅၃၀	၅၄၈၀	၅၃၉၀	၅၅၃၅	၅၅၄၅	၅၅၈၀	၅၄၆၀	၅၈၃၀	၅၈၅၅	၅၄၈၀	၅၆၇၀	၅၅၇၀	၅၅၃၀	၅၅၄၀	၅၇၇၀
HSD (10 ppm)	၅၃၇၅	၅၅၃၀	၅၄၈၀	၅၃၉၀	၅၅၃၅	၅၅၄၅	၅၅၈၀	၅၄၆၀		၅၈၅၅	၅၄၈၀	၅၆၇၀	၅၅၇၀	၅၅၃၀	၅၅၄၀	၅၇၇၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၈၆	၄၆၁၀
95 Ron	၄၆၀၂	၄၇၂၇
HSD (500 ppm)	၄၂၃၆	၄၃၅၀
HSD (50 ppm)	၅၁၂၃	၅၂၅၆
HSD (10 ppm)	၅၁၂၃	၅၂၅၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေး

သထုံ အောက်တိုဘာ ၂၆

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂျိုင်းရွာကျေးရွာ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေအရင်းအမြစ်လျော့နည်းမှုနှင့် သောက်သုံးရေသန့်ရှင်းရေးဆိုင်ရာ အသိပညာပေးခြင်းကို ယမန်နေ့က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကျရောက်လာနိုင်သည့်အခြေအနေများ၊ အကျိုးသက်ရောက်နိုင်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက ရေရှားပါးမှုဖြစ်ပေါ်လာနိုင်သည့် အတွက် သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာ ထိန်းသိမ်းထားရှိခြင်းနှင့် ရေကိုလိုအပ်သလောက်သာ သုံးစွဲခြင်းတို့ကို ဆောင်ရွက်ရန် အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သုတ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ၅ ထပ်အဆောက်အအုံ တစ်လုံးအား ဖြိုချဖျက်ဆီး၊ ကျန်ရှိသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၇၀ ရာခိုင်နှုန်း ပြီးစီး ဖြိုဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများ စနစ်တကျဖြိုချဖျက်ဆီးမှုနေရာပြပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာ ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၃ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၆ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

















အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thar Zaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝမ်းတော်ဒေတ်ကျေးရွာနေ ဇော်သီဟ(ခ) သားဇော်အား ည ၁၀ နာရီ ၁၅ မိနစ်တွင် အင်းတကော် နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေဖို့ တောင်သူအခြေပြုသုတေသနစခန်းများဆီသို့

ဒေါက်တာနီနီတင့်(စိုက်သုံ)

Green Revolution (စိုက်ပျိုးရေးတော်လှန်ရေး) နောက်ပိုင်း ကာလတွင် လယ်ယာမြေအခြေပြုသုတေသန (On-farm Research) နှင့် စိုက်ပျိုးရေးတိုးချဲ့အကြံပေးဝန်ဆောင်မှုများသည် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ခဲ့ရသည်။

ထိုအခြေအနေများနှင့် ကိုက်ညီစေရန် တိုးချဲ့ရေးနည်းလမ်းများ၊ ကိရိယာများ၊ မူဝါဒများနှင့် လုပ်ဆောင်ပုံများကိုလည်း ပြောင်းလဲတိုးတက်အောင် ဆောင်ရွက်လာခဲ့ကြသည်။ ယခင်ကအသုံးပြုခဲ့သော သုတေသနပညာရှင်များ ဦးဆောင်သည့် "အပေါ်မှအောက်သို့" နည်းလမ်းများကို တဖြည်းဖြည်းလျော့ချလာပြီး တောင်သူများကို အခြေခံသည့် "အောက်မှအပေါ်သို့"ပါဝင်ဆောင်ရွက်မှုနည်းလမ်းများဖြင့် အစားထိုးအသုံးပြုလာခဲ့သည်။

ထို့ကြောင့် Farming Systems Research and Extension (FSRE) နှင့် Participatory Technology Development (PTD) ကဲ့သို့သော ပါဝင်ဆောင်ရွက်မှု အခြေပြုနည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အရေးပါလာခဲ့သည်။ ထို့အပြင် Rapid Rural Appraisal (RRA)၊ Participatory Rural Appraisal (PRA)၊ Participatory Learning and Action (PLA) နှင့် Rapid Appraisal of Agricultural Knowledge Systems (RAAKS) ကဲ့သို့သော ပါဝင်ဆောင်ရွက်မှုအခြေပြုလေ့လာသုံးသပ်ရေးကိရိယာများသည် ကမ္ဘာတစ်ဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခဲ့ကြသည်။ မကြာသေးမီနှစ်များတွင် နည်းပညာဖြန့်ဝေမှုလုပ်ငန်းများသည် တောင်သူဦးဆောင်သော ဆန်းသစ်တီထွင်မှုများနှင့် တိုးချဲ့ရေးပုံစံများကို ပိုမိုအသိအမှတ်ပြုလာကြသည်။

တောင်သူအခြေပြု စိုက်ပျိုးရေးသုတေသနလုပ်ငန်းသည် သုတေသနပညာရှင်များ၊ စိုက်ပျိုးရေးတိုးချဲ့ပညာပေးဝန်ထမ်းများနှင့် တောင်သူလယ်သမားအဖွဲ့များ ပူးပေါင်း၍ တောင်သူများ၏ အမှန်တကယ် လိုအပ်ချက်များကိုအခြေခံကာ တောင်သူလယ်ယာမြေတွင် တိုက်ရိုက်သုတေသနဆောင်ရွက်သည့် ပူးပေါင်းဆောင်ရွက်မှု သုတေသနလုပ်ငန်းတစ်ခုဖြစ်ပါသည်။

တောင်သူများ ရင်ဆိုင်နေရသော အခက်အခဲပြဿနာများနှင့် ဆီလျော်မှုရှိ

သုတေသီများနှင့် တောင်သူများ၏ ပူးပေါင်းအားထုတ်မှုမှ ထွက်ပေါ်လာသော နည်းပညာရလဒ်များသည်လုပ်ကွက်ငယ်တောင်သူများ၏ လူမှု-စီးပွား ပတ်ဝန်းကျင်နှင့် လည်းကောင်း၊ တောင်သူများ လက်တွေ့စိုက်ပျိုးရေးလုပ်ငန်းတွင် ရင်ဆိုင်နေရသော အခက်အခဲပြဿနာများနှင့်လည်းကောင်း ဆီလျော်မှုရှိပြီး လက်တွေ့ကျစေရန် တောင်သူအခြေပြု စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပါသည်။

တောင်သူအခြေပြု သုတေသနလုပ်ငန်းဆောင်ရွက်ခြင်းသည် တောင်သူကိုယ်တိုင် ဦးဆောင်ညွှန်ကြားခြင်း၊ သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ခြင်းနှင့် ပုံမှန်တောင်သူတစ်ဦး လက်ဝယ်ရှိပြီးသား အရင်းအမြစ်များကိုအသုံးပြု၍ မိမိတို့၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်စေရန်အတွက် ၎င်းတို့၏အရင်းအမြစ်များကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မည့်နည်းလမ်းများကို စမ်းသပ်ရှာဖွေနိုင်စေသည့် အခွင့်အရေးများကို ရရှိစေပါသည်။

ဤသုတေသနလုပ်ငန်းတွင် သုတေသနစီမံချက်ရေးဆွဲခြင်းမှစ၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းနှင့် ရလဒ်များမျှဝေခြင်းအထိ သုတေသနပညာရှင်များ၊ တောင်သူများနှင့် စိုက်ပျိုးရေးတိုးချဲ့ဝန်ထမ်းများကို ပါဝင်ဆောင်ရွက်စေပါသည်။ လိုအပ်ပါက အခြားသောသက်ဆိုင်သူများကိုလည်း ပူးပေါင်းပါဝင်စေပါသည်။ ဤသုတေသနလုပ်ငန်းသည် စိုက်ပျိုးရေးသုတေသနလုပ်ငန်းစဉ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် တောင်သူများ၏ ထုတ်လုပ်မှု၊ စီမံခန့်ခွဲမှုနှင့် စွန့်စားရမှုများ လျော့ချနိုင်ရန် ရည်ရွယ်ထားသော သုတေသနလုပ်ဆောင်ခြင်း နည်းလမ်းတစ်ခုဖြစ်ပါသည်။

တောင်သူအခြေပြုစိုက်ပျိုးရေးသုတေသနလုပ်ငန်း၏ အဓိက ရည်ရွယ်ချက်မှာ နည်းပညာဖန်တီးမှု၊ အတည်ပြုစမ်းသပ်မှုနှင့် လက်ခံအသုံးပြုမှုလုပ်ငန်းစဉ်များကို မြှင့်တင်ပေးရန်ဖြစ်သည်။ အထူးသဖြင့်-

(က) သုတေသနစခန်းများမှ ဖန်တီးထားသော နည်းပညာများ၊ ပြင်ပမှ မိတ်ဆက်သည့်နည်းပညာများ သို့မဟုတ် ဒေသရိုးရာဗဟုသုတကို အခြေခံသည့်နည်းပညာများကို ဒေသအခြေအနေနှင့်ကိုက်ညီအောင် ပြုပြင်ဖန်တီးရန်၊

(ခ) ကွဲပြားခြားနားသော စိုက်ပျိုးလယ်ယာအခြေအနေများအတွင်း တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်စေနိုင်မည့် နည်းပညာများဖော်ထုတ်ရန်၊

(ဂ) သုတေသနပညာရှင်များမသိရှိသော တောင်သူများ၏ ရိုးရာအသိပညာနှင့် အတွေ့အကြုံများကို ဖော်ထုတ် အသုံးချပြီး သုတေသနရလဒ်များ ပိုမိုအသုံးဝင်လာစေရန်၊

(ဃ) တောင်သူများ၏ ပြဿနာများကို တန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်ဆောင်ရွက်သူများ ပူးပေါင်းဖြေရှင်းနိုင်ရေး ပလက်ဖောင်းတစ်ခုဖန်တီးပေးရန်၊

(င) တောင်သူများကို မိမိတို့ကြုံတွေ့ရသော ပြဿနာများအား ခွဲခြမ်းစိတ်ဖြာ၍ ကိုယ်တိုင်ဖြေရှင်းနိုင်သည့်စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ရည်ရွယ်ပါသည်။

တောင်သူအခြေပြုသုတေသနလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ မည်သည့်ခေါင်းစဉ်မဆို အသုံးပြုနိုင်သော်လည်း အောက်ပါအကြောင်းအရာများသည် ပိုမို သင့်လျော်ပါသည် -

(က) သီးနှံမျိုးသစ်များ အကဲဖြတ်လေ့လာခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု၌ အထွက်တိုးနည်းပညာအမျိုးမျိုးအနက်

> **"တောင်သူအခြေပြု သုတေသနစခန်းများ တည်ထောင်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် တောင်သူများ၏ ရိုးရာအသိပညာနှင့် သိပ္ပံနည်းကျ နည်းပညာများကို ပေါင်းစပ်အသုံးပြုသည့် ပါဝင်ဆောင်ရွက်မှု သုတေသနနည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းသည် အချို့၌၊ လူအင်အား နှင့် ဘဏ္ဍာရေးအရင်းအမြစ်များ လိုအပ်သော်လည်း တောင်သူများ၏ လိုအပ်ချက်အမှန်များကို ဖြေရှင်းနိုင်ပြီး နည်းပညာဖွံ့ဖြိုးမှုနှင့် ဖြန့်ဝေမှု ပိုမိုထိရောက်"**

အသင့်တော်ဆုံးကို အကဲဖြတ် လေ့လာစမ်းသပ်ခြင်း၊

(ခ) တောင်သူအသုံးပြုနေသော စိုက်ပျိုးရေးနည်းလမ်းများကို ပိုမိုလွယ်ကူထိရောက်စေရန် ပြုပြင်မွမ်းမံပေးခြင်း၊

(ဂ) တောင်သူများ၏ နည်းပညာများကို သိပ္ပံနည်းကျ အတည်ပြုခြင်း၊

(ဃ) အခြားဒေသများတွင် အောင်မြင်သောနည်းပညာများကို နေရာဒေသအခြေအနေနှင့်ကိုက်ညီအောင် ပြင်ဆင် အသုံးပြုခြင်းနှင့်

(င) နေရာဒေသအလိုက် အာဟာရဓာတ်စီမံခန့်ခွဲမှုကဲ့သို့သော နည်းပညာများအား ဒေသအလိုက် စမ်းသပ်လေ့လာခြင်း ဖြင့် စိုက်ပျိုးရေးစံချိန်စံညွှန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း။

တောင်သူအခြေပြု သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၏ အခြေခံမူများမှာ တောင်သူများ၏ ရှုပ်ထွေးသောအခြေအနေများကို အပြည့်အဝ ထည့်သွင်းစဉ်းစားနိုင်ရန် ဘာသာရပ်စုံ သုတေသနပညာရှင်များပါဝင်သည့် အဖွဲ့များဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်ခြင်း၊ တောင်သူများ၏လိုအပ်ချက်များ အမှန်တကယ် ထင်ဟပ်လာစေရန် တောင်သူများကို စီမံချက်ရေးဆွဲသည့်အစမှ ပါဝင်စေခြင်း၊ သုတေသနရလဒ်များကို ပိုမိုကျယ်ပြန့်ပြီး ရေရှည်တည်တံ့စေရန် စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုန်သည်များ၊ ထုတ်လုပ်သူများ၊ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် မီဒီယာများပါဝင်ခြင်း၊ နည်းပညာဖွံ့ဖြိုးရေး၊ နည်းပညာဖြန့်ဝေခြင်း၊ စွေးကွက်မြှင့်တင်ခြင်းနှင့် သမဝါယမလုပ်ငန်းများကို အားပေးပံ့ပိုးရန် တောင်သူများအား အဖွဲ့လိုက်ပါဝင်ဆောင်ရွက်စေခြင်း၊ တောင်သူအခြေပြုသုတေသနလုပ်ငန်းများကြောင့် တောင်သူများ၏ ဆန်းသစ်တီထွင်နိုင်စွမ်းနှင့် စိုက်ပျိုးရေးတိုးချဲ့ဝန်ထမ်းများ၏ လမ်းညွှန်ပေးနိုင်စွမ်းကို မြှင့်တင်ပေးခြင်း၊ တောင်သူအမျိုးသားများသာမက တောင်သူအမျိုးသမီးများနှင့် မိသားစုဝင်လူငယ်များ၏ လိုအပ်ချက်၊ အသိပညာနှင့် စိတ်ဝင်စားမှုများကိုပါ ထည့်သွင်းစဉ်းစားနိုင်ခြင်းနှင့် တောင်သူအခြေပြုသုတေသနလုပ်ငန်းများမှရရှိသော အတွေ့အကြုံများကို မှတ်တမ်းတင်၊ ခွဲခြမ်းစိတ်ဖြာပြီး အခြားတောင်သူများသို့ မျှဝေနိုင်ခြင်းတို့ဖြစ်ပါသည်။

တောင်သူအခြေပြုသုတေသနစခန်းများတွင် သုတေသနလုပ်ငန်းများ လုပ်ဆောင်ရာ၌ သုတေသနခေါင်းစဉ်များကို အောက်ပါအချက်များအပေါ် အခြေခံ၍ သုံးသပ်ရွေးချယ်ရပါသည် -

(က) နည်းပညာပိုင်းဆိုင်ရာ လက်တွေ့ကျနိုင်မှု၊

(ခ) လယ်ယာစနစ်နှင့် ကိုက်ညီမှု၊

(ဂ) စီးပွားရေးအရ အကျိုးရှိမှု၊

(ဃ) လူမှုရေးအရ လက်ခံနိုင်မှု၊

(င) သုတေသနဆောင်ရွက်ရန် လိုအပ်သည့်အချိန်၊

(စ) ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များ၊

(ဆ) သုတေသနအဖွဲ့၏ စွမ်းဆောင်ရည်၊

ရွေးချယ်စရာတစ်ခုချင်းစီ၏ အားသာချက်၊ အားနည်းချက်နှင့် အကျိုးသက်ရောက်မှုများကို စာရင်းပြုစုပြီး သုတေသနပညာရှင်များ၊ တောင်သူများနှင့် စိုက်ပျိုးရေးတိုးချဲ့ဝန်ထမ်းများ၏ ရွေးချယ်ဆုံးဖြတ်မှုအတွက် အသုံးပြုရပါသည်။ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လိုသော တောင်သူများရွေးချယ်ရာတွင်လည်း ကျား/မ အသက်၊ ဒေသနှင့် စီးပွားရေးအခြေအနေ ကိုယ်စားပြုနိုင်သူများ၊ နည်းပညာအသစ်များစမ်းသပ်ရန် စိတ်ဝင်စားသူများ၊ သတင်းအချက်အလက် မျှဝေလိုစိတ်ရှိသူများနှင့် ရပ်ရွာက သဘောတူလက်ခံထားသူများ စသည့်အချက်များအပေါ် ဦးစားပေးရွေးချယ်ရပါသည်။

စမ်းသပ်ကွင်းရွေးချယ်ရာတွင်လည်း စမ်းသပ်ကွင်းသည် ဒေသကို ကိုယ်စားပြုနိုင်သည့်နေရာဖြစ်ပြီး မြေအမျိုးအစား၊ ကျား/မ ကွာခြားမှု၊ သယံဇာတရရှိနိုင်မှုနှင့် လူမှုစီးပွားအခြေအနေများကို ထည့်သွင်းစဉ်းစားရပါသည်။ အခြားတောင်သူများ လာရောက်လေ့လာနိုင်ရန် လက်လှမ်းမီသည့်နေရာဖြစ်သင့်ပြီး ရလဒ်များကို ကျယ်ပြန့်စွာ ဖြန့်ဝေနိုင်ရမည်ဖြစ်ပါသည်။

နည်းပညာသင်တန်းများဖွင့်လှစ်

စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာ၊ အတတ်ပညာနှင့် ဗဟုသုတများ တိုးပွားလာစေရန် နည်းပညာသင်တန်းများဖွင့်လှစ်ပေးခြင်းသည်လည်း တောင်သူအခြေပြုသုတေသနစခန်းများတည်ထောင်ပေးခြင်း၏ အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ နည်းပညာသင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် နည်းပညာအသစ်များမိတ်ဆက်ပေးခြင်း၊ တောင်သူများ၏ အသိပညာနှင့် ကျွမ်းကျင်မှုတိုးတက်စေခြင်း၊ စိုက်ပျိုးရေးတိုးချဲ့ဝန်ထမ်းများနှင့် သုတေသီများအကြား တူညီသောနားလည်မှုရရှိစေခြင်းနှင့် စမ်းသပ်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း အစရှိသော အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။ တောင်သူအခြေပြုသုတေသနစခန်းများမှ ရရှိသော သတင်းအချက်အလက်များကို Field Day များ၊ ဆွေးနွေးပွဲများ၊ အတွေ့အကြုံဖလှယ်ပွဲများ၊ သင်တန်းများနှင့် တိုးချဲ့ပညာပေးလုပ်ငန်းများတွင် အသုံးပြုနိုင်ပါသည်။

စိုက်ပျိုးရေးသုတေသနလုပ်ငန်းများသည် လယ်ယာစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခြေခံကျသော လုပ်ငန်းများဖြစ်ကြပါသည်။ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဓေယျာသီရိမြို့နယ်တွင်ရှိသော စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် စိုက်ပျိုးထုတ်လုပ်သူများအတွက် သီးနှံမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပေးခြင်းနှင့် ထိုမျိုးကောင်းမျိုးသန့်များ အောင်မြင်အောင် စိုက်ပျိုးထုတ်လုပ်မှုအတွက် စိုက်ပျိုးနည်းစနစ်ကောင်းများကို အဓိက ကျသော စိုက်ပျိုးရေးသုတေသနလုပ်ငန်းများအဖြစ် သုတေသနပြုဖော်ထုတ်ပေးလျက်ရှိပါသည်။

မိမိတို့ဌာနမှ သုတေသနပြုဖော်ထုတ်လိုက်သည့် သီးနှံမျိုးသစ်များနှင့် စိုက်ပျိုးနည်းစနစ်များနှင့်ပတ်သက်သော သုတေသန တွေ့ရှိချက်များအား လက်ခံကျင့်သုံးနိုင်မည့် တောင်သူများလက်ဝယ်သို့ လျင်မြန်စွာ ရောက်ရှိရေးသည် စိုက်ပျိုးရေးသုတေသနဝန်ထမ်းများ၏တာဝန်ဖြစ်ပြီး ထိုသို့ဖြစ်လာစေရန် ဒေသအသီးသီးရှိ တောင်သူများ၏ နေရာအရောက် သွားရောက်၍ နည်းပညာပေးပြီး လက်တွေ့လုပ်ဆောင်ပြခြင်းဖြင့် မိမိတို့၏ သုတေသနတွေ့ရှိချက်များကို လက်ခံကျင့်သုံးဆောင်ရွက်ကြမှသာ တောင်သူများ လက်ခံကျင့်သုံးနိုင်သော သုတေသနတွေ့ရှိချက်များ ဖြစ်လာမည်ဖြစ်ပါသည်။ **စာမျက်နှာ ၁၇ သို့ ⊙**

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်)နေ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ခရီးသွားဘုရားဖူးပြည်သူ သုံးသိန်းကျော် ဝင်ရောက်

ညွှန့်ဦး အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်)နေ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ခရီးသွားဘုရားဖူးပြည်သူသုံးသိန်းကျော်လာရောက်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားဥယျာဉ်ကြီးမှူးဦးစီးဌာန ပုဂံရုံးခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်ထံမှ သိရသည်။

ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် သီတင်းကျွတ်ကာလ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးပြည်သူများ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ သမိုင်းအထင်ကရဘုရားများ၊ သာသနိကအဆောက်အအုံများ၊ ဟိုတယ်၊ မိုတယ်များ၊ မီးပုံးပျံလွှတ်ကွင်းများတွင် ခရီးသွားများဖြင့် စည်ကားနေကြောင်း သိရသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိလာကြသည့် ခရီးသွားဘုရားဖူးများသည် ဘုရားစေတီနန်းများတွင် ရောင်းချနေသည့် ပုဂံသမိုင်းစာအုပ်များ၊ ပုဂံသုတေသနစာအုပ်များ၊ ပုဂံဒေသထွက် ယွန်းပစ္စည်းအမျိုးမျိုး၊ ပုဂံရောက်အမှတ်တရ ဒေသထွက်မုန့်အမျိုးမျိုး၊ အဝတ်အစားများနှင့် ထန်းလျက်အမျိုးမျိုးတို့ကို ဝယ်ယူမှုများပြား လျက်ရှိကြောင်း၊ လျှပ်စစ်စက်ဘီးများကို အဖွဲ့လိုက် ငှားရမ်းစီးနင်းမှု များပြားလျက်ရှိသလို လက်ရေးပန်းချီဆွဲသူများ၊ လက်အလုပ်နန်းချီ ရေးဆွဲသူများလည်း များပြားလျက်ရှိကြောင်း၊ ဆုတောင်းပြည့် ဘုရားငါးဆူရှိသည့် ရွှေဆံတော်ဘုရားရှိ ဆုတောင်းပြည့်ဘုရား၊ တာမဏီသိမ်ကျောင်းရှိ ဆုတောင်းပြည့်ဘုရား၊ ဓမ္မရာဇကဘုရားရှိ ဆုတောင်းပြည့်ဘုရားနန်းဆူ၊ လောကနန္ဒာစွယ်တော်မြတ်စေတီရှိ ဆုတောင်းပြည့်ဘုရားတို့တွင် ဘုရားဖူးပြည်သူများ၊ ရွှေသင်္ကန်းကပ်လှူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း လေ့လာရေးခရီးသွား ဘုရားဖူးများ များပြားလျက်ရှိကာ ရွှေစည်းခုံဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီနှင့် အထင်ကရဘုရားများတွင် ဘုရားဖူးများ ကြက်ပုံမကျ စည်ကားလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သီတင်းကျွတ်လပြည့်နေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်အထင်ကရ ဘုရားများတွင် ဆီမီးပူဇော်

ညွှန့်ဦး အောက်တိုဘာ ၂၆

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင် အထင်ကရ ဘုရားများ၌ ဒေသခံပြည်သူများနှင့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်)နေ့တွင် ဆီမီးပူဇော်သူ များပြားလျက်ရှိသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုဇုန်ရှိ ဂေါပကအဖွဲ့ထားရှိသည့် သမိုင်းဝင်/သမိုင်း အထင်ကရ ဘုရား ၁၉ ဆူအပြင် အခါကြီးရက်ကြီးများတွင် မြန်မာပြည်အရပ်ရပ်မှ ဆီမီးပူဇော်လာရောက်လေ့ရှိရာ နှစ်စဉ်နှစ်တိုင်းရိုးရာမပျက် ဆီမီးပူဇော်ကြသည်။ သီတင်းကျွတ်လပြည့်နေ့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက မြတ်စွာဘုရားရှင်နှင့် သာသနာကို စောင့်ရှောက်တော်မူကြသော ရဟန်း/ သံဃာတော်များအား ရည်မှန်း၍ ဆီမီးကပ်လှူပူဇော်ကြပြီး ရွှေစည်းခုံစေတီတော်၊ သမ္မဉ္ဇလဘုရား၊ တုရင်တောင် စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ နန္ဒာ ဗူးဘုရား၊ ပြဿာဒ်ကြီး၊ ပဿာဒဘုရား၊ ဆွေဂူကြီးဘုရား၊ အာနန္ဒာဘုရား၊ မြစေတီဘုရား၊ အင်ကြင်းဂူဘုရား၊ လောကမာန်ကင်းဘုရား၊ စိုးမင်းကြီးဘုရားနှင့် ညောင်ဦးမြို့မှပုဂံမြို့သစ်သွား အနော်ရထာနန်းလမ်းသွား ကာလမ်းမကြီးဘေး တစ်ဖက်စီတွင်ရှိသော ဘုရားများအား မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ဆီမီးများ ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။





ဒီပါလင်း

◎ စာမျက်နှာ ၁၆ မှ

စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် နှစ်စဉ် ရုံးချုပ်နှင့် နယ်သုတေသနခြံများ၊ နယ်ဒေသသုတေသနဗဟိုဌာနများမှ သုတေသနပြုဖော်ထုတ်လိုက်သည့် သီးနှံမျိုးသစ်များ၊ စိုက်ပျိုးနည်းစနစ်များနှင့်ပတ်သက်သော သုတေသနတွေ့ရှိချက်များကို လက်တွေ့သရုပ်ပြစစ်ဆေးသပ်ခြင်းရန် တောင်သူများ ပူးပေါင်းပါဝင်သော သီးနှံမျိုးသစ်များ အထွက်ယှဉ်ပြိုင်စမ်းသပ်ခြင်း၊ တောင်သူများကိုယ်တိုင်မျိုးစေ့ထုတ်နိုင်ရန် နည်းပညာသင်တန်းများပေးခြင်း၊ အထွက်တိုးတက်စေနိုင်သည့် စိုက်နည်းစနစ် သုတေသနရလဒ်များကို သင်တန်းများပေးခြင်း အစရှိသော တောင်သူအခြေပြုသုတေသနလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ်တွင် နယ်အလိုက် တောင်သူအခြေပြုသုတေသနစခန်းများ သီးသန့်ထူထောင်ကာ တောင်သူအခြေပြုသုတေသနလုပ်ငန်းများကို ပိုမိုအားစိုက်လုပ်ဆောင်ခဲ့ကြပါသည်။

တောင်သူနည်းပညာပေးဆွေးနွေးပွဲများ ကျင်းပ

စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည်စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အတွေ့အကြုံများ နှီးနှောဖလှယ်နိုင်ရေးနှင့် တောင်သူများကြုံတွေ့နေရသော အခက်အခဲပြဿနာများကို အကောင်းဆုံးကျော်ဖြတ်နိုင်မည့် နည်းလမ်းများ ညှိနှိုင်းအဖြေရှာ ဖော်ထုတ်နိုင်ကြစေရန်အတွက် တောင်သူနည်းပညာပေးဆွေးနွေးပွဲများကို ၈ - ၈- ၂၀၂၃ ရက်နေ့မှစတင်၍ ကျင်းပလျက်ရှိရာ ၁၅-၁၀-၂၀၂၆ ရက်နေ့တွင် အကြိမ် (၁၃၀)မြောက် ကျင်းပနိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူများနှင့် စိုက်ပျိုးရေးတိုးချဲ့ပညာပေးဝန်ထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ပြီး နေပြည်တော်ကောင်စီနယ်မြေမှ သုတေသနပညာရှင်များ၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် တောင်သူများ တက်ရောက်ခဲ့ကြပါသည်။ နည်းပညာပေးဆွေးနွေးပွဲတွင် သုတေသနပညာရှင်များနှင့် တိုးချဲ့ပညာပေးဝန်ထမ်းများက စိုက်ပျိုးနည်းပညာများကို မျှဝေဆွေးနွေး၍ အခက်အခဲများကို ဆွေးနွေးဖြေရှင်းကြပါသည်။

တောင်သူအခြေပြုသုတေသနစခန်းများ တည်ထောင်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် တောင်သူများ၏ ရိုးရာအသိပညာနှင့် သိပ္ပံနည်းကျနည်းပညာများကို ပေါင်းစပ်အသုံးပြုသည့် ပါဝင်ဆောင်ရွက်မှု သုတေသနနည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းသည် အချိန်၊ လူအင်အားနှင့် ဘဏ္ဍာရေးအရင်းအမြစ်များလိုအပ်သော်လည်း တောင်သူများ၏ လိုအပ်ချက်အမှန်များကို ဖြေရှင်းနိုင်ပြီး နည်းပညာဖွံ့ဖြိုးမှုနှင့် ဖြန့်ဝေမှုပိုမိုထိရောက်စေသည်။ ထို့ပြင် သုတေသနပညာရှင်၊ စိုက်ပျိုးရေးတိုးချဲ့ပညာပေးဝန်ထမ်းများနှင့် အခြားသက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေပြီး စိုက်ပျိုးရေးထုတ်လုပ်မှု၊ အဖြတ်အစွန်းနှင့် ကျေးလက်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် အရေးပါသောနည်းလမ်းတစ်ခုဖြစ်ပါသည်။

အနာဂတ်တွင် တောင်သူများကို ဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်း၊ အခကြေးငွေပေး၍ ရယူရသော တိုးချဲ့ဝန်ဆောင်မှုများ ဖော်ဆောင်ခြင်းနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းတို့သည် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော ဦးတည်ချက်များဖြစ်လာမည်ဖြစ်ပါသည်။ ။

ကိုးကား

- သုတေသနနှစ်ချုပ်အစီရင်ခံစာ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန
- Catherine Tarasoff(2016).” A Guide to On–Farm Demonstration Research. http://www.farmwest.com/bc–forage–council
- EIAR & JICA.2015. Guideline to participatory agricultural research through farmer research groups for agricultural researchers. https://www.jica.go.jp
- FAO. 2000. Guidelines for on–farm plant nutrition and soil management trials and demonstrations. 71 pp. FAO Land and Water Development Division
- S.S. Singh & S.K. Dubey. 2021. Farmer participatory research: Tools, policies and practices. Indian Journal of Agronomy 66 (5th IAC Special issue): S288__S300
- U.K.Behera, James France (2023).Farming system research: Concept, design and methodology. Advances in Agronomy. Vol. 177(1) p –5

လက်တွဲညီညီပူးပေါင်းလို့ ခွေးရူးရောဂါတိုက်ဖျက်စို့ ...

ဒေါက်တာလှိုင်ဝင်း (မွေး/ကု)

ခွေးရူးရောဂါသည် မပေါ့ဆသင့်သည့် ရောဂါအမျိုးအစားတစ်ခုပင်။ အဘယ်ကြောင့်ဆိုသော် ခွေးရူးရောဂါကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူပေါင်း ၅၉၀၀၀ ခန့်ကို သေဆုံးစေလျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်နေသည့် တိရစ္ဆာန်မှ လူကိုကူးစက်သေဆုံးစေတတ်သည့် Zoonosis ရောဂါတစ်ခုအဖြစ် တည်ရှိနေသည့်အတွက်ဖြစ်သည်။

ခွေးရူးရောဂါသည် လူအပါအဝင် ခွေး၊ ကြောင်၊ မြေခွေးစသည့် နို့တိုက်သတ္တဝါများ၏ ဗဟိုအာရုံကြောစနစ်ကို ထိခိုက်စေသည့် ဗိုင်းရပ်စ်ရောဂါတစ်ခုဖြစ်ပါသည်။ ခွေးရူးရောဂါပိုး ကူးစက်ခံထားရသည့် တိရစ္ဆာန်များ (အများအားဖြင့် ခွေးများ) ၏ တံတွေးနှင့် ဦးနှောက်အတွင်းရှိနေတတ်ပြီး အဆိုပါတိရစ္ဆာန်များအကိုက်ခံရပါက ရောဂါကူးစက်ပျံ့နှံ့စေပါသည်။

တချို့ဒေသများတွင် လင်းနို့များက ခွေးရူးရောဂါပိုး အဓိကရှိနေတတ်သည့် တိရစ္ဆာန်များဖြစ်ပါသည်။ ရောဂါပိုးပျိုးကာလအနေဖြင့် ရက်သတ္တအနည်းငယ်မှ နှစ်အနည်းငယ်အထိ ကွဲပြားနိုင်သော်လည်း အများအားဖြင့် နှစ်လ၊ သုံးလအကြာတွင် ရောဂါဖြစ်ပွားတတ်ပါသည်။ ခွေးရူးရောဂါ လက္ခဏာများ စတင်ပြသလာပါက လူနှင့် တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားပြီး ၁၀၀ ရာခိုင်နှုန်း သေဆုံးနိုင်ခြေရှိပါသည်။

ကမ္ဘာတစ်ဝန်း ခွေးရူးရောဂါကူးစက်ပျံ့နှံ့မှု

လွန်ခဲ့သည့်နှစ်ပေါင်း ၄၀၀၀ ကျော်ကတည်းက ခွေးရူးရောဂါသည် ကမ္ဘာ့နေရာအနှံ့အပြားတွင် ကပ်ရောဂါတစ်ခုလို ခြိမ်းခြောက်ခဲ့ပြီး ယင်းကို အမြစ်ပြတ်တိုက်ဖျက်ရန် ကြိုးပမ်းအားထုတ်မှုများစွာပြုလုပ်ခဲ့ကြပါသည်။ အနောက်ဥရောပ၊ မြောက်အမေရိက၊ ဂျပန်၊ တောင်ကိုရီးယားနှင့် လက်တင်အမေရိကဒေသများတွင် ခွေးရူးရောဂါကို အမြစ်ပြတ်တိုက်ဖျက်နိုင်ခဲ့ပြီဖြစ်သော်လည်း အာဖရိကနှင့် အာရှတိုက်၏ နေရာအတော်များများတွင် ထိုဗိုင်းရပ်စ်ရောဂါမှာ ဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။ ခွေးရူးရောဂါကြောင့် သေဆုံးသူအများစုတွင် ခွေးရူးရောဂါဆိုင်ရာ အသိပညာ ဗဟုသုတနည်းပါးခြင်းနှင့် ကြိုတင်ကာကွယ်ဆေးထိုးနှံရန် အခွင့်အလမ်းနည်းပါးခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများက ယင်းရောဂါ၏ဒဏ်ကို ပိုမိုဆိုးရွားစွာခံစားနေကြရပါသည်။

လူတွင် ခွေးရူးပြန်ရောဂါ ဖြစ်ပွားသည့်ဖြစ်ရပ်များ၏ ၉၉ ရာခိုင်နှုန်းမှာ ခွေးရူးရောဂါရှိနေသည့် ခွေးများအကိုက်ခံရရာမှ ကူးစက်ဖြစ်ပွားခြင်းဖြစ်ပါသည်။ ခွေးရူးရောဂါကြောင့် သေဆုံးသူ ၉၅ ရာခိုင်နှုန်းကျော်မှာ အာဖရိကနှင့် အာရှတိုက်တွင် နေထိုင်သူများဖြစ်ကြသည်။ ခွေးရူးရောဂါကြောင့် သေဆုံးသူ ၄၀ ရာခိုင်နှုန်းသည် ကလေးငယ်များတွင် အဓိကဖြစ်ပွားခြင်းဖြစ်သည်။ ခွေးရူးရောဂါ အသိပညာ ဗဟုသုတနည်းပါးကာ ခွေးကိုက်ပြီး ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းဆောင်ရွက်မှုအားနည်းသည့် ကျေးလက်ဒေသများတွင် ခွေးရူးရောဂါဖြစ်ပွားမှု၏ ၈၀ ရာခိုင်နှုန်းကျော် ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။

သို့သော် ခွေးရူးရောဂါသည် ၁၀၀ ရာခိုင်နှုန်း ကာကွယ်နိုင်သည့်ရောဂါဖြစ်ပြီး ခွေးရူးရောဂါ ကာကွယ်ဆေးထိုးခြင်းဖြင့် ရောဂါစတင်ဖြစ်ပွားသည့်တိရစ္ဆာန်မှ ခွေးရူးရောဂါပိုးကို ထိရောက်စွာ အမြစ်ပြတ်တိုက်ဖျက်နိုင်ပါသည်။ ထို့ကြောင့် ခွေးရူးရောဂါထိန်းချုပ်ရေး တစ်ကမ္ဘာလုံးမဟာမိတ်များ (Global Alliance for Rabies Control – GARC) ၏ ရည်မှန်းချက်အတိုင်း ၂၀၃၀ ပြည့်နှစ်ရောက်ရှိပါက ခွေးရူးရောဂါကြောင့် သေဆုံးသူမရှိစေရ (Zero by 30) ဖြစ်စေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH) တို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့် ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ခြင်း

ခွေးရူးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံသည့် လှုပ်ရှားမှုများ၊ အသိပညာပြန့်ပွားရေးဟောပြောပွဲများကို နိုင်ငံတစ်ဝန်း ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားအဆင့် ခွေးရူးရောဂါထိန်းချုပ်ရေး မဟာဗျူဟာမူဘောင် (၂၀၁၈–၂၀၃၀) ကို စတင်ဆောင်ရွက်ခဲ့ချိန်မှစပြီး အသက် ရှစ်နှစ်မှ ၁၆ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀၀၀ ခန့်ကို ခွေးရူးရောဂါအကြောင်း အသိပညာများ ဖြန့်ဝေပေးနိုင်ခဲ့သည်။ မန္တလေးမြို့တွင် ပြုလုပ်ခဲ့သည့် အသိပညာပေးဆွေးနွေးပွဲကို ဆရာ၊ မိဘ၊ ကျောင်းသားအားလုံး ပါဝင်ခဲ့ကြပြီး ထိုမှတစ်ဆင့်သိရှိရသည်မှာ အခြေခံပညာကျောင်းများတွင် ခွေးရူးရောဂါ အသိပညာပြန့်ပွားရေး ဆွေးနွေးဟောပြောခြင်း၊ ဥာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းစသည့် အစီအစဉ်များက ကျောင်းသား ကျောင်းသူများအတွက်သာမက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘများ၊ မိသားစုဝင်များအထိပါ တစုတစည်းတည်း အသိပေးနိုင်ခဲ့ကာ ထိရောက်မှုရှိသည်ကို သိရှိခဲ့ရပါသည်။

> **“မိမိအိမ်တွင် ခွေးမွေးထားပါက နှစ်စဉ် ခွေးရူးရောဂါကာကွယ်ဆေး ပုံမှန်ထိုးနှံပေးရပါမည်။ ခွေးကိုက်ခံရသည့်အခါ မည်သည့်ခွေးကိုက်သည်ဖြစ်စေ ခွေးရူးရောဂါကာကွယ်ဆေး ချက်ချင်းထိုးနှံရပါမည်။ ခွေးရူးရောဂါနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ်တွေ့ရှိရပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ချက်ချင်းသတင်းပေးပို့ရပါမည်။ ထိုကဲ့သို့ ခွေးရူးရောဂါနှင့်ပတ်သက်သည့် အသိပညာများကို ပြည်သူများအကြားဖြန့်ဝေ၍ သိရှိလိုက်နာခြင်းဖြင့် “၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကြောင့် သေဆုံးသူမရှိစေရ” ရည်မှန်းချက်ကို ပြည့်မီအောင်ဆောင်ရွက်သွားနိုင်မည်”**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် အစုလိုက် ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း၊ အသိပညာပြန့်ပွားရေး ဆွေးနွေးဟောပြောခြင်း စသည့် ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အနေဖြင့် ခွေးရူးရောဂါအကြောင်း သိကောင်းစရာများကို ရေဒီယို၊ ရုပ်မြင်သံကြားအစီအစဉ်များမှ တစ်ဆင့် ပညာပေးထုတ်လွှင့်ပေးလျက်ရှိပါသည်။ အင်တာနက်ခေတ်ဖြစ်သဖြင့် ဖေ့စ်ဘွတ်နှင့် ယူကျူကဲ့သို့သော အွန်လိုင်းချန်နယ်များမှတစ်ဆင့် ခွေးရူးရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အသိပညာပေးအစီအစဉ်များဖြင့် ပြည်သူများအကြား ကာကွယ်ရေးအသိပညာများ ပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်သွားရပါမည်။

မြန်မာနိုင်ငံတွင် ခွေးရူးရောဂါကို ၁၉၉၉ ခုနှစ်တွင် (က) စာရင်းဝင် တိရစ္ဆာန်ကူးစက်ရောဂါ အဖြစ်သတ်မှတ်ပြီး တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရေး ဥပဒေပုဒ်မ (၃၂) အရ ထိန်းချုပ်ဆောင်ရွက်လျက်ရှိပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အမျိုးသားအဆင့် ခွေးရူးရောဂါထိန်းချုပ်ရေး မဟာဗျူဟာမူဘောင် (၂၀၁၈–၂၀၃၀) ကို ၂၀၁၈ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါသည်။

ခွေးရူးရောဂါကို ကာကွယ်ဆေးထိုးခြင်းဖြင့် ရောဂါစတင်ဖြစ်ပွားသည့် တိရစ္ဆာန်များမှတစ်ဆင့် ခွေးရူးရောဂါပိုးကို ထိရောက်စွာ အမြစ်ပြတ်တိုက်ဖျက်နိုင်ပြီး တိရစ္ဆာန်မှ လူကိုကူးစက်နိုင်သည့် ကွင်းဆက်ကို ဖြတ်တောက်နိုင်ပါသည်။ ထို့ကြောင့် အိမ်မွေးခွေး၊ ကြောင်များကို ခွေးရူးရောဂါ ကာကွယ်ဆေး ပုံမှန်ထိုးနှံရန် လိုအပ်ပါသည်။

ခွေးရူးရောဂါ ကာကွယ်ထိန်းချုပ်ခြင်း ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအပြင် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းနှင့် အခြားသော ပုဂ္ဂလိကအသင်းအဖွဲ့များကပါ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ခြင်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ကျင်းပခဲ့သည့် (၃၃) ကြိမ်မြောက် ကမ္ဘာ့တိရစ္ဆာန်ဆေးကုသရေးညီလာခံတွင် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က ချီးမြှင့်သော ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ ထူးချွန်ဆု (World Veterinary Day Award) ကို လက်ခံရရှိခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် ခွေးရူးရောဂါဖြစ်ပွားမှု

မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်မတိုင်မီက ခွေးရူးရောဂါကြောင့် သေဆုံးမှုမှာ တစ်နှစ်လျှင် ၁၁၀၀ ခန့်ထိ ရှိနိုင်သည်ဟု ခန့်မှန်းခဲ့ကြပြီး ကမ္ဘာပေါ်တွင် ဆဋ္ဌမသေဆုံးမှု အမြင့်မားဆုံးနိုင်ငံဖြစ်ခဲ့ပါသည်။ ခွေးရူးရောဂါနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဆရာဝန်များက ခွေးရူးကိုက်ခံရမှုကြောင့် အသက်ဆုံးရှုံးမှုမရှိစေရန် ကြိုးစားဆောင်ရွက်နေကြသလို တိရစ္ဆာန်ဆေးကုဆရာဝန်များကလည်း ခွေးများကို ခွေးရူးရောဂါမဖြစ်ပွားရအောင် ကာကွယ်ဆေးထိုးနှံခြင်းကို ကြိုးစားဆောင်ရွက်လျက်ရှိကြပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ ကြိုးစားမှုနှင့်အညီ ဆေးရုံ၊ ဆေးခန်းများ၏ တရားဝင်သတင်းပို့စာရင်းများအရ ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် ခွေးရူးရောဂါဖြင့် သေဆုံးသူဦးရေမှာ ၁၀၀ အောက်သို့ လျော့ကျလာခဲ့ပါသည်။

၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကြောင့် သေဆုံးသူမရှိစေရ (Zero by 30) ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တစ်ခုတည်းသောကျန်းမာရေး ချဉ်းကပ်မှုပုံစံဖြင့် ပြည်သူလူထုကျန်းမာရေးကဏ္ဍ၊ တိရစ္ဆာန်ကျန်းမာရေးကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဟူသည့် ကဏ္ဍ သုံးရပ်လုံးတွင်ပါဝင်သော သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုသလို ပြည်သူတစ်ရပ်လုံးကလည်း ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်လိုအပ်ပါသည်။

ပြည်သူလူထုအနေဖြင့် သံသယဖြစ်ဖွယ် တိရစ္ဆာန်များကိုတွေ့ရှိပါက သက်ဆိုင်ရာဌာန၊ အုပ်ချုပ်ရေးအဖွဲ့အစည်း သို့မဟုတ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနထံသို့ သတင်းပို့ရန်လိုပါသည်။ ခွေးရူးသံသယကို အတည်ပြုစစ်ဆေးနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့လည်း နမူနာပစ္စည်းပေးပို့စစ်ဆေးရန် လိုအပ်ပါသည်။ တာဝန်သိပြည်သူများပေးပို့သော ခွေးရူးသံသယနမူနာပစ္စည်းများကို တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွင် စစ်ဆေးချက်များအရ ခွေးရူးရောဂါအတည်ပြု ခွေးကောင်ရေမှာ ၂၀၂၁ ခုနှစ်တွင် လေးကောင်၊ ၂၀၂၂ ခုနှစ်တွင် ခုနစ်ကောင်၊ ၂၀၂၃ ခုနှစ်တွင် ၁၂ ကောင်၊ ၂၀၂၄ ခုနှစ်တွင် ၁၄ ကောင်၊ ၂၀၂၅ ခုနှစ်တွင် ရှစ်ကောင်နှင့် ၂၀၂၆ ခုနှစ်တွင် သုံးကောင် စစ်ဆေးတွေ့ရှိရပါသည်။

ထို့ပြင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဆေးရုံ၊ ဆေးခန်းများ၏ တရားဝင်သတင်းပို့စာရင်းများအရ ၂၀၂၁ ခုနှစ်တွင် ၁၅ ဦး၊ ၂၀၂၂ ခုနှစ်တွင် ၃၉ ဦး၊ ၂၀၂၃ ခုနှစ်တွင် ၅၉ ဦးနှင့် ၂၀၂၄ ခုနှစ်တွင် ၄၉ ဦးသာရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၁၁၃ ဦးအထိ ခွေးရူးပြန်ဖြစ်ကာ သေဆုံးမှုရှိခဲ့ပြီး ယခင်နှစ်များထက် ပိုမိုများပြားလာသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် ခွေးရူးရောဂါကိုသတိပြုပြီး ကာကွယ်သွားကြရန် လိုအပ်ပါသည်။

ခွေးရူးရောဂါကြိုတင်ကာကွယ်ခြင်း

ခွေးကိုက်ခံရပါက ဦးစွာ ခွေးကိုက်ဒဏ်ရာကို ချက်ချင်း ရေများများနှင့် ဆပ်ပြာသုံးပြီး အနည်းဆုံး ၁၅ မိနစ်ကြာ ဆေးကြောရပါမည်။ ပြီးပါက ဒဏ်ရာကို အရက်ပြန် သို့မဟုတ် ပိုးသတ်ဆေး (Povidone–iodine) ရှိပါက ထည့်ပေးရပါမည်။ ထို့နောက် နီးစပ်ရာ အစိုးရဆေးရုံ၊ ဆေးခန်း (သို့မဟုတ်) ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွား၍ ကုသမှုခံယူရပါမည်။ ခွေးကိုက်ပြီး ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဆရာဝန်ညွှန်ကြားချက်နှင့်အညီ ကုသမှုခံယူရပါမည်။ ခွေးကိုက်ဒဏ်ရာကို ဆေးမြီးတိုနှင့်ကုသခြင်း၊ ဗိန္ဒောနည်းဖြင့်ကုသခြင်း၊ မန်းမှုတ်ခြင်းမျိုးများ မလုပ်ဆောင်သင့်ပါ။ ဒဏ်ရာကို ဖုံးအုပ်ပြီး ပတ်တီးစည်းခြင်းများ မလုပ်ဆောင်သင့်ပါ။

ထို့ပြင် ခွေးရူးရောဂါမဖြစ်အောင် ကြိုတင်ကာကွယ် လုပ်ဆောင်ရမည့်အချက်များမှာ မိမိတို့၏ အိမ်မွေးခွေးများကို တစ်နှစ်တစ်ကြိမ် ခွေးရူးရောဂါကာကွယ်ဆေး ပုံမှန်ထိုးနှံပေးရပါမည်။ မိမိ၏ ခွေးများကို ခြံဝင်း၊ လှောင်အိမ်များနှင့် လုံလုံခြုံခြုံမွေးမြူရပါမည်။ လမ်းတွင် လွှတ်ကျောင်းသည့်အခါ ခွေးချည်ကြိုးနှင့် လမ်းလျှောက်ထွက်ပြီး လမ်းဘေးလေလွင့်ခွေးများနှင့် မထိတွေ့အောင်ထားရပါမည်။ ခွေးရူးရောဂါ အဖြစ်များသည့်ဒေသတွင် နေထိုင်သူများအနေဖြင့် ခွေး၊ ကြောင် တိရစ္ဆာန်များနှင့် အထိအတွေ့များပါက ခွေးကိုက်မခံရမီကတည်းက ကြိုတင်ကာကွယ်ဆေး ထိုးထားသင့်ပါသည်။

ခွေးရူးရောဂါနှင့် လမ်းဘေးလေလွင့်ခွေးများ အန္တရာယ်

လူတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားသည့် ဖြစ်ရပ်များ၏ ၉၉ ရာခိုင်နှုန်းက ခွေးရူးရောဂါရှိနေသည့် ခွေးများအကိုက်ခံရာမှ ကူးစက်ဖြစ်ပွားခြင်းဖြစ်ပြီး အထူးသဖြင့် လမ်းဘေးလေလွင့်ခွေး အကိုက်ခံရမှုကြောင့် ကူးစက်ခံရခြင်းမှာ အများဆုံးဖြစ်ပါသည်။ ထို့ကြောင့် ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ရာတွင် လမ်းဘေးလေလွင့်ခွေးများ တိုးပွားမလာအောင် ထိန်းချုပ်ဆောင်ရွက်ခြင်းက အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ၂၀၂၃ ခုနှစ်တွင် ကောက်ယူခဲ့သော တိရစ္ဆာန်ကောင်ရေ စာမျက်နှာ ၁၉ သို့ ◆



တွံတေးမြို့နယ်၌ ဆွမ်းဆန်စိမ်း လောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

တွံတေး အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ရင်ပြင်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တွံတေးခရိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရွှေဆံတော်ဂေါပကအဖွဲ့တို့ကကြီးမှူး၍ မြို့နယ်အတွင်းရှိဝါတွင်းကာလ အရာထမ်းဆွမ်းကြသောဘုန်းတော်ကြီးကျောင်းစုကျောင်းမှသံဃာတော်အရှင်သူမြတ်အပေါင်း ဂုဇဝ တို့အား ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မြို့ပေါ် ရှစ်ရပ်ကွက်နှင့် ကျေးရွာများမှ စေတနာရှင် ပြည်သူများက ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။ သိတင်းကျွတ်လပြည့်နေ့တွင် ကုသိုလ်ဒါနပြုကြသူများနှင့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်နှင့် ဂိတဖျော်ဖြေပွဲ ဒုတိယရက်ညပိုင်းတွင် ဈေးလာရောက်ဝယ်ယူသူ ပြည်သူများဖြင့် စည်ကား



ရန်ကုန် အောက်တိုဘာ ၂၆

၂၀၂၆ ခုနှစ် သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်နှင့် ဂိတဖျော်ဖြေပွဲသို့ ပြည်သူအများအပြား လာရောက်ကြပြီး မီးပုံးပျံများ လွှတ်တင်သည့်အချိန်နှင့် အလှဆင်မီးများဖြင့် အမှတ်တရ ဓာတ်ပုံရိုက်ခြင်း၊ ဆင်များ အပျော်စီးခြင်း၊ နိုင်ငံကျော် တေးသံရှင်များက တေးသီချင်းများ၊ ဒီဂျေ(DJ)များဖြင့် ဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှု အားပေး၍ ပျော်ရွှင်စွာအတူ လိုက်ပါသီဆို ကခုန်ခြင်းများဖြင့် ပျော်ရွှင်စွာဆင်နွှဲကြသည်။

ထို့ပြင် လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်းနှင့် အစားအသောက် ရောင်းချနေမှုများတွင်လည်း ဝယ်ယူအားပေးကြသူများဖြင့် အထူးစည်ကားလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးအောင်နိုင်သူနှင့် တိုင်းဒေသကြီး ဝန်ကြီးများက လာရောက်ကြည့်ရှုအားပေးကြကာ ဈေးရောင်းချနေမှုများနှင့် ဈေးဝယ်လာသူများ၊ ပွဲတော်သို့လာရောက် လည်ပတ်ကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၂၇ ရက်အထိ နေ့စဉ် နံနက်ပိုင်းမှ ည ၁၀ နာရီ အထိ ကျင်းပသွားမည်ဖြစ်ပြီး အလှူရှင်များက နံနက်၊ နေ့လယ် နှင့် ညပိုင်းများတွင် စတုဒိသာ အကျွေးအမွေးများဖြင့် ကျွေးမွေး ကြပြီး ညပိုင်းတွင် ရုပ်ပုံမီးပုံးပျံများ နှင့် အလှဆင် မီးပုံးပျံကြီးများကို လွှတ်တင်ကြရာ ပြည်သူအများက အမှတ်တရ အလှဓာတ်ပုံများ ရိုက်ကူး၍ ပျော်ရွှင်စွာပါဝင် ဆင်နွှဲခဲ့ကြောင်းနှင့် ပွဲတော်လာ ပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန် အကြို အပို့ယာဉ်များ စီစဉ်ဆောင်ရွက် ထားရှိကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)

အင်းစိန်မြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ



ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန် တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် "ဒေသဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့က အင်းစိန်မြို့နယ် သိရိရတနာမဏ္ဍာရုံ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ဧင်မင်းထိုက်(ပြန်/ဆက်)

သဃ်နံးကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ မဟာဝိဇယစေတီတော်ရင်ပြင် သန့်ရှင်းရေးဆောင်ရွက်



ရန်ကုန် အောက်တိုဘာ ၂၆

သဃ်နံးကျွန်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့က ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်၌ တည်ထားကိုးကွယ် လျက်ရှိသော မဟာဝိဇယစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ သန့်ရှင်းရေးပြုလုပ် ကုသိုလ်ယူ ဆောင်ရွက်ကြသည်။

အဆိုပါ သန့်ရှင်းရေးကုသိုလ် ဆောင်ရွက်ရာတွင် သဃ်နံးကျွန်း ခရိုင် ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

◆ စာမျက်နှာ ၁၈ မှ

စာရင်းအရ မြန်မာနိုင်ငံတွင် ခန့်မှန်းခွေးကောင်ရေ ပေါင်း ၂ ဒသမ ၂ သန်းနီးပါးရှိပါသည်။

အဆိုပါခွေးကောင်ရေများအနက် လမ်းဘေးလေလွင့်ခွေး ၇၀ ရာခိုင်နှုန်းခန့်ရှိပါသည်။ စည်ပင်သာယာရေးကော်မတီအနေဖြင့် အိမ်မွေးခွေး၊ ကြောင်များ မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းအပြင် လမ်းဘေးလေလွင့်ခွေးများ တိုးပွားမလာအောင် ထိန်းချုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိရစ္ဆာန်ဆေးကု ဆရာဝန်များအနေဖြင့်လည်း သားဆက်ခြားလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ခွေးလေခွေးလွင့်များ လျော့ပါးသွားအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတကာနှင့် လမ်းဘေးလေလွင့်ခွေးကောင်ရေ ထိန်းချုပ်ခြင်း

နယ်သာလန်၊ ဂျာမနီ၊ ဆွီဒင်၊ နော်ဝေနှင့် ဆွစ်ဇာလန် စသည့်နိုင်ငံများသည် လမ်းဘေးလေလွင့်ခွေးပြဿနာများ အလွန်နည်းပါးအောင် ထိန်းချုပ်ထားနိုင်သည့်နိုင်ငံများဖြစ်ကြသည်။ ဆောင်ရွက်ခဲ့သည့်နည်းလမ်းများအနေဖြင့် ရေရှည်ကာလအတွင်း လမ်းဘေးလေလွင့်ခွေးပြဿနာများ ပပျောက်စေရာ တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေး ဥပဒေများချမှတ်ခြင်း၊ အိမ်မွေးခွေးများကို မှတ်ပုံတင်ခြင်း၊ အမှတ်အသားပြုခြင်းနှင့် ခွေးရူးရောဂါကာကွယ်ဆေး မဖြစ်မနေထိုးနှံခြင်း၊ လမ်းဘေးလေလွင့်ခွေးများကို လူသားဆန်စွာ ဖမ်းဆီးခြင်း၊ မျိုးပွားမှုရပ်တန့်စေခြင်း၊ မိုက်ခရိုချစ်ပ် ထည့်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ပိုင်ရှင်အား ပြန်လည်အပ်နှံခြင်း၊ မွေးစားနိုင်သည့်ခွေးများကို မွေးစားမည့်အိမ်သို့ ပို့ဆောင်ခြင်းနှင့် မမွေးစားနိုင် သေးသည့်ခွေးများကို သင့်လျော်သော တိရစ္ဆာန် ကယ်ဆယ်ရေးဂေဟာများတွင် စောင့်ရှောက်ထား ရှိခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထိုနိုင်ငံများ၏အတွေ့အကြုံများကို လေ့လာ ကြည့်လျှင် လမ်းဘေးလေလွင့်ခွေးများကို ဖမ်းဆီး ဖယ်ရှားခြင်းတစ်မျိုးတည်းဖြင့် ပြဿနာကိုရေရှည် ဖြေရှင်းနိုင်ခြင်းမရှိကြောင်း တွေ့ရပါသည်။ ကမ္ဘာ့ တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ကလည်း ခွေးများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းတစ်ခုတည်းက ခွေးရူးရောဂါ ထိန်းချုပ်ရာတွင် ထိရောက်မှုမရှိကြောင်းနှင့် ခွေးရူးရောဂါကာကွယ်ဆေးကို ခွေးအုပ်စု၏ အနည်းဆုံး ၇၀ ရာခိုင်နှုန်း အထိထိုးနှံပေးခြင်းသည် အဓိကထိရောက်သော နည်းလမ်းဖြစ်ကြောင်း အကြံပြုထားသည်။

ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးသည် တစ်ဦးတစ်ယောက်တည်း၊ ဌာနတစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ အားလုံးပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ခွေးရူးရောဂါကာကွယ် တိုက်ဖျက်ရေးအတွက် အခြေခံပညာကျောင်းများ တွင် အသိပညာပေးရမည်၊ ရပ်ရွာလူထုအတွင်း အသိပညာဖြန့်ဝေရမည်၊ တိရစ္ဆာန်ပိုင်ရှင်များက မိမိခွေး၊ ကြောင်များကို နှစ်စဉ်ကာကွယ်ဆေးထိုးပေး ရမည်၊ သက်ဆိုင်ရာဌာနများနှင့် လူမှုအဖွဲ့အစည်း များအနေဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် လမ်းဘေးလေလွင့်ခွေးများ မျိုးပွားမှုထိန်းချုပ်ရေး လုပ်ငန်းများတွင် စနစ်တကျ ပူးပေါင်းဆောင်ရွက် ရမည်။ ဤသို့ပြည်သူလူထုအားလုံး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခွေးရူးရောဂါကင်းစင် သော လူမှုအသိုက်အဝန်းတစ်ခု အနာဂတ်ကာလ တွင် တည်ဆောက်သွားနိုင်မည်ဖြစ်ပါသည်။

မိမိအိမ်တွင် ခွေးမွေးထားပါက နှစ်စဉ် ခွေးရူး ရောဂါကာကွယ်ဆေး ပုံမှန်ထိုးနှံပေးရပါမည်။ ခွေးကိုက်ခံရသည့်အခါ မည်သည့်ခွေးကိုက်သည် ဖြစ်စေ ခွေးရူးရောဂါကာကွယ်ဆေး ချက်ချင်းထိုးနှံရ ပါမည်။ ခွေးရူးရောဂါနှင့်ပတ်သက်၍ သံသယ ဖြစ်ဖွယ်တွေ့ရှိရပါက မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ချက်ချင်းသတင်းပေးပို့ရပါမည်။ ထိုကဲ့သို့ ခွေးရူး ရောဂါနှင့်ပတ်သက်သည့် အသိပညာများကို ပြည်သူ များအကြားဖြန့်ဝေ၍ သိရှိလိုက်နာခြင်းဖြင့် "၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကြောင့် သေဆုံးသူမရှိ စေရ" ရည်မှန်းချက်ကို ပြည့်မီအောင်ဆောင်ရွက် သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက် ရပါသည်။ ။

Digital Twin ဖြင့် မြို့များကို စိမံနေကြသော ကမ္ဘာ့မြို့ကြီးများ

ဝေဖြိုးအောင်

ခေတ်သစ်မြို့ပြစီမံခန့်ခွဲမှုသမိုင်းတစ်လျှောက်တွင် 'Digital Twin' (ဒီဂျစ်တယ်အမြွာ) နည်းပညာသည် မကြုံစဖူးသောပြောင်းလဲမှုတစ်ရပ်အဖြစ် ထွက်ပေါ်လာခဲ့သည်။ ယခင်က မြို့ပြအင်ဂျင်နီယာများနှင့် အုပ်ချုပ်သူများသည် နှစ်ဖက်မြင်မြေပုံများ၊ စာရင်းဇယားများနှင့် ရိုးရှင်းသော ကွန်ပျူတာမော်ဒယ်များကိုသာအားကိုး၍ ဆုံးဖြတ်ချက်များချခဲ့ကြရသည်။ သို့သော် ယနေ့ခေတ်တွင် မြို့တစ်မြို့လုံး၏ အဆောက်အအုံများ၊ လမ်းများ၊ မြေအောက်ရေပိုက်လိုင်းများ၊ လျှပ်စစ်မီးကြိုးများနှင့် ယာဉ်ကြောစီးဆင်းမှုများကိုပါ ကွန်ပျူတာအတွင်း၌ သုံးဖက်မြင် (3D) အသက်ဝင်နေသော 'အမြွာ'တစ်ခုအဖြစ် ပုံတူဖန်တီးလာနိုင်ပြီဖြစ်သည်။

Digital Twin ဆိုသည်မှာ ရိုးရှင်းသော 3D မော်ဒယ်တစ်ခုတည်းမဟုတ်ဘဲ မြေပြင်တွင် တပ်ဆင်ထားသော သန်းနှင့်ချီသည့် အာရုံခံကိရိယာများမှ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရယူကာ အသက်ဝင်လှုပ်ရှားနေသော စနစ်ကြီးတစ်ခုဖြစ်သည်။ မြေပြင်ရှိ မြို့ကြီးတွင် ဖြစ်ပျက်သမျှသည် ကွန်ပျူတာထဲရှိ ဒီဂျစ်တယ်မြို့ကြီးတွင် တစ်ပြိုင်နက်တည်း အပြောင်းအလဲဖြစ်ပေါ်နေမည်ဖြစ်သည်။

ဤဆောင်းပါးတွင် နိုင်ငံတကာမှ စမတ်စီးတီးကြီးများဖြစ်ကြသော တရုတ်နိုင်ငံမှ ရှန်ဟိုင်းမြို့၊ ရုရှားနိုင်ငံမှ မော်စကိုမြို့၊ အိမ်နီးချင်း ထိုင်းနိုင်ငံ၏ အရှေ့ပိုင်းစီးပွားရေးစင်္ကြံနှင့် ဆွစ်ဇာလန်နိုင်ငံမှ ဇူးရစ်မြို့တို့တွင် ဤ Digital Twin နည်းပညာကို အသုံးပြု၍ ယာဉ်ကြောစီမံခြင်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်ခြင်းနှင့် မြို့ပြအနာဂတ်ကို မည်သို့စီမံခန့်ခွဲနေကြကြောင်းကို အသေးစိတ်လေ့လာတင်ပြသွားမည်ဖြစ်သည်။

Digital Twin နည်းပညာ၏ ဆင့်ကဲဖြစ်စဉ်နှင့် အခြေခံသဘောတရားများ

Digital Twin ဟူသော ဝေါဟာရကို ၂၀၀၂ ခုနှစ်တွင် မီရှီဂန်တက္ကသိုလ်မှ ဒေါက်တာ မိုက်ကယ် ဂရိမ် (Dr. Michael Grieves)က ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ နောင်တွင် အမေရိကန် အာကာသစူးစမ်းလေ့လာရေးအဖွဲ့ (NASA)က အာကာသယာဉ်များကို မြေပြင်မှနေ၍ ပြုပြင်ထိန်းသိမ်းရန် ဤနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခဲ့သည်။

ယခုအခါ ထိုနည်းပညာသည် စက်ရုံများနှင့် အာကာသယာဉ်များမှသည် မြို့ပြအရွယ်အစားအထိ ကြီးမားကျယ်ပြန့်လာခဲ့သည်။ မြို့ပြ Digital Twin တစ်ခု တည်ဆောက်ရန် အဓိကအစိတ်အပိုင်းသုံးခုလိုအပ်သည်။ ပထမအချက်မှာ မြေပြင်အခြေအနေကို အတိအကျ ပုံတူကူးထားသော သုံးဖက်မြင် ပထဝီဝင် သတင်းအချက်အလက်စနစ် (3D GIS Model) ဖြစ်သည်။ ဒုတိယအချက်မှာ အဆိုပါ မော်ဒယ်အတွင်းသို့ ဒေတာများ အဆက်မပြတ် ပေးပို့နေမည့် အင်တာနက်ချိတ်ဆက်ကိရိယာများဖြစ်သည်။ တတိယအချက်မှာ ဝင်ရောက်လာသော ဧရာမဒေတာကြီးများကို ခွဲခြမ်းစိတ်ဖြာ၍ အနာဂတ်ကို ကြိုတင်ခန့်မှန်းပေးနိုင်မည့် ဉာဏ်ရည်တု (AI) နှင့် စက်သင်ယူမှု (Machine Learning) နည်းပညာများဖြစ်သည်။

ဤသုံးခုပေါင်းစပ်သွားသောအခါ မြို့ပြအုပ်ချုပ်ရေးမှူးများသည် မြို့ကို အပေါ်စီးမှ မြင်တွေ့နိုင်ရုံသာမက 'မနက်ဖြန် မိုးသည်းထန်စွာ ရွာလျှင် မည်သည့်လမ်းများ ရေမြုပ်မည်နည်း' ဟူသော အနာဂတ်ဖြစ်နိုင်ခြေများကိုပါ ကွန်ပျူတာထဲတွင် ကြိုတင်စမ်းသပ် တွက်ချက်နိုင်လာသည်။

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၏ ဉာဏ်ရည်တု အမြွာ

တရုတ်နိုင်ငံသည် Digital Twin နည်းပညာဖြင့် မြို့ပြများကို စီမံခန့်ခွဲရာတွင် ကမ္ဘာ့ထိပ်တန်းမှဦးဆောင်နေသည်။ အထူးသဖြင့်လူဦးရေ ၂၄ သန်းကျော် နေထိုင်သော ရှန်ဟိုင်းမြို့ကြီး၏ 'မြို့ပြလည်ပတ်မှုနှင့် စီမံခန့်ခွဲမှုစင်တာ'သည် အံ့မခန်းဖွယ်ရာ Digital Twin စနစ်ကြီးတစ်ခုကို တည်ဆောက်ထားသည်။

ရှန်ဟိုင်းမြို့၏ ဒီဂျစ်တယ်အမြွာစနစ်သည် အဆောက်အအုံပေါင်း တစ်သိန်းကျော်၊ လမ်းမကြီးများ၊ တံတားများနှင့် မြေအောက်ရထားလိုင်းများကို 3D ပုံစံဖြင့် တိကျစွာရေးဆွဲထားသည်။ ဤစနစ်ကို Huawei, Alibaba နှင့် Tencent ကဲ့သို့သော တရုတ်နည်းပညာကုမ္ပဏီကြီးများ၏ Cloud System များပေါ်တွင် အခြေခံတည်ဆောက်ထားသည်။ မြို့အနှံ့တွင် တပ်ဆင်ထားသော အာရုံခံကိရိယာသန်းပေါင်းများစွာ (ဥပမာ – စမတ်မီးတိုင်များ၊ ယာဉ်ကြောစောင့်ကြည့်ကင်မရာများ၊ ရေမျက်နှာပြင်တိုင်းဆင်ဆာများ)သည် အချက်အလက်များကို 5G ကွန်ရက်မှတစ်ဆင့် ဗဟိုစင်တာသို့ စက္ကန့်နှင့်အမျှ ပေးပို့နေပါသည်။

ရှန်ဟိုင်းအစိုးရသည် ဤစနစ်ကို အသုံးပြု၍ မြို့ပြသန့်ရှင်းရေး (အမှိုက်ပုံးများပြည့်၊ မပြည့် စောင့်ကြည့်ခြင်း)၊ ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းခြင်းနှင့် အဆောက်အအုံများ၏ မီးဘေးအန္တရာယ်များကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နေသည်။ ဥပမာ– လူစည်ကားသော ပွဲတော်ရက်များတွင် လူစုလူဝေး အလွန်အမင်းများပြားလာပါက AI စနစ်က ကြိုတင်သတိပေးချက်ထုတ်ပြန်ပေးပြီး ရဲတပ်ဖွဲ့နှင့် အရေးပေါ်ကားများကို အလိုအလျောက် ဖြန့်ကြက်ချထားပေးသည်။ တရုတ်နိုင်ငံ၏ ဤစနစ်သည် Big Data နှင့် စည်းကမ်းထိန်းသိမ်းမှုကို အမြင့်ဆုံး ပေါင်းစပ်ထားခြင်းဖြစ်သည်။



ထိုင်းနိုင်ငံ၏ အရှေ့ပိုင်းစီးပွားရေးစင်္ကြံ (EEC) အတွင်း တည်ရှိပြီး Digital Twin နည်းပညာနှင့် IoT စနစ်များဖြင့် စနစ်တကျ စီမံခန့်ခွဲလျက်ရှိသော စက်မှုဇုန်နယ်မြေကို တွေ့ရစဉ်။

ရှုရှားနိုင်ငံ မော်စကိုမြို့၏ သုံးဖက်မြင် ဒီဂျစ်တယ်မြို့တော်

ဥရောပတွင် အကြီးဆုံးမြို့ကြီးတစ်မြို့ဖြစ်သော ရုရှားနိုင်ငံ မော်စကိုမြို့သည်လည်း မြို့ပြစီမံကိန်းရေးဆွဲရာတွင် Digital Twin နည်းပညာကို အလွန်အောင်မြင်စွာ အသုံးပြုနေသောမြို့ဖြစ်သည်။ မော်စကိုအစိုးရသည် မြို့တစ်မြို့လုံးကို လေကြောင်းမှ ဒရုန်းများ၊ လေယာဉ်များအသုံးပြုကာ ဓာတ်ပုံပေါင်း ၁၂ သန်းကျော် ရိုက်ကူးခဲ့ပြီး Photogrammetry နည်းပညာဖြင့် အလွန်အသေးစိတ်ကျသော 3D မော်ဒယ်ကြီးတစ်ခုကို ဖန်တီးခဲ့သည်။

မော်စကို၏ Digital Twin စနစ်သည် အဆောက်အအုံများ၏ အပြင်ပန်းသဏ္ဌာန်သာမက မြေအောက်ကွန်ရက်များ၊ လျှပ်စစ်မီးကြိုးများနှင့် သမိုင်းဝင်အဆောက်အအုံများ၏ အသေးစိတ် အချက်အလက်များကိုပါ ထည့်သွင်းထားသည်။ ဤစနစ်၏ အဓိက အသုံးချမှုမှာ "မြို့ပြစီမံကိန်းအသစ်များ အကဲဖြတ်ခြင်း"ဖြစ်သည်။ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက အထပ်မြင့်အဆောက်အအုံသစ်တစ်ခု ဆောက်လုပ်လိုပါက ထိုအဆောက်အအုံ၏ ဒီဇိုင်းကို Digital Twin ထဲသို့ ထည့်သွင်းကြည့်ရသည်။ ယင်းအဆောက်အအုံကြောင့် ဘေးနားရှိအိမ်များကို နေရောင်ကွယ်သွားမည်လား၊ လေဝင်လေထွက်ရှိသည်။ ထိုင်းနိုင်ငံ၏ ဂုဏ်ယူဝင့်ကြွားဖွယ် ပရောဂျက်တစ်ခုဖြစ်သော အရှေ့ပိုင်းစီးပွားရေးစင်္ကြံ (Eastern Economic Corridor – EEC) တွင် Digital Twin နည်းပညာကို အခြေခံအဆောက်အအုံနှင့် စက်မှုဇုန်စီမံခန့်ခွဲမှုများအတွက် အဓိကထား အသုံးပြုနေသည်။

ချန်ဘူရီ (Chonburi) ခရိုင်ရှိ AMATA Smart City သည် ထိုင်းနိုင်ငံ၏ Digital Twin အသုံးချမှု အထင်ရှားဆုံးဥပမာဖြစ်သည်။ ဤစက်မှုဇုန် မြို့တော်ကို ဂျပန်မှ နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်း၍ Digital Twin ဖြင့် စီမံခန့်ခွဲနေသည်။ စက်ရုံများ၏ စွမ်းအင်သုံးစွဲမှု၊ ရေဆိုးထုတ်လွှတ်မှုနှင့် လေထုညစ်ညမ်းမှုအညွှန်းကိန်းများကို IoT ဆင်ဆာများဖြင့် အချိန်ပြည့်စောင့်ကြည့်ပြီး ကွန်ပျူတာမြေပုံပေါ်တွင် အလွှာလိုက်ခွဲခြားပြသထားသည်။

ထိုင်းနိုင်ငံသည် မကြာခဏ ရေကြီးလေ့ရှိသော နိုင်ငံဖြစ်ရာ Digital Twin စနစ်ကို ရေဘေးကာကွယ်ရေးတွင်လည်း အသုံးချလျက်ရှိသည်။ မိုးလေဝသအချက်အလက်များနှင့် မြေမျက်နှာပြင် အနိမ့်အမြင့်ဒေတာများကိုပေါင်းစပ်၍ လာမည့်ရက်များတွင် စက်မှုဇုန်အတွင်း မည်သည့်နေရာများ၌ ရေကြီးနိုင်ကြောင်း ကြိုတင် Simulation ပြုလုပ်ကာ ရေနုတ်မြောင်းများကို ကြိုတင်ဖွင့်လှစ်ခြင်း၊ ပန့်(Pump) များ မောင်းနှင်ခြင်းများကို အလိုအလျောက် စီမံခန့်ခွဲလျက်ရှိသည်။ ဤစနစ်သည် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအတွက် အလွန်ယုံကြည်စိတ်ချရသော စက်မှုပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၏ သဘာဝပတ်ဝန်းကျင်ရေးရာ ဒီဂျစ်တယ်အမြွာ

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို အလွန်အလေးထားသော ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့သည် Digital Twin ကို ပတ်ဝန်းကျင်ဂေဟစနစ် စီမံခန့်ခွဲရန်အတွက် ထူးခြားစွာအသုံးပြုလျက်ရှိသည်။ ဇူးရစ်မြို့၏ 3D Digital Twin သည် ကမ္ဘာပေါ်တွင် အတိကျဆုံးနှင့် အသေးစိတ်အကျဆုံး မြို့ပြမော်ဒယ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ဇူးရစ်မြို့ အုပ်ချုပ်ရေးအဖွဲ့သည် ဤစနစ်ကို အသုံးပြု၍ "နေရောင်ခြည်စွမ်းအင်ရရှိနိုင်မှု"ကို တွက်ချက်သည်။ မြို့ပေါ်ရှိအိမ်ခေါင်မိုးတိုင်းအပေါ်သို့ တစ်နှစ်ပတ်လုံး နေရောင်ခြည် မည်မျှကျရောက်နိုင်သည်၊ ဆိုလာပြားတပ်ဆင်ပါက လျှပ်စစ်စွမ်းအင် မည်မျှ ထွက်ရှိနိုင်သည်ကို 3D မော်ဒယ်ဖြင့် အတိအကျတွက်ချက်ပေးထားပြီး ပြည်သူလူထုထံသို့ အခမဲ့မျှဝေပေးထားသည်။ ထို့ကြောင့် ပြည်သူများသည် မိမိအိမ်ခေါင်မိုးပေါ်တွင် ဆိုလာပြား တပ်ဆင်ရန် တွက်ခြေကိုက်/မကိုက်ကို အလွယ်တကူ ဆုံးဖြတ်နိုင်ကြသည်။

ထို့ပြင် ရာသီဥတုပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာသော မြို့ပြအပူလှိုင်းကို လျှော့ချရန်အတွက်လည်း Digital Twin ကို အသုံးပြုသည်။ လေတိုက်ခတ်မှုလမ်းကြောင်းများနှင့် သစ်ပင်များ၏ အရိပ်ကျရောက်မှုများကို ကွန်ပျူတာဖြင့်တွက်ချက်ကာ မည်သည့်နေရာများတွင် သစ်ပင်အသစ်များ ထပ်မံစိုက်ပျိုးသင့်သည်၊ အဆောက်အအုံသစ်များ ဆောက်လုပ်ရာတွင် လေဝင်လေထွက် မပိတ်ဆို့စေရန် မည်သို့ကန့်သတ်သင့်သည်တို့ကို သိပ္ပံနည်းကျ စီမံခန့်ခွဲလျက်ရှိသည်။

သဘာဝဘေးအန္တရာယ်နှင့် လုံခြုံရေးစီမံခန့်ခွဲမှု

ကမ္ဘာ့မြို့ကြီးများတွင် Digital Twin နည်းပညာ၏အရေးအကြီးဆုံးအခန်းကဏ္ဍတစ်ခုမှာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးသည့် သဘာဝဘေးအန္တရာယ်နှင့် လုံခြုံရေးစီမံခန့်ခွဲမှုပင်ဖြစ်သည်။ သမားရိုးကျ အရေးပေါ်တုံ့ပြန်မှုစနစ်များက ဘေးအန္တရာယ်ဖြစ်ပွားပြီးမှသာ လိုက်လံဖြေရှင်းရလေ့ရှိသော်လည်း Digital Twin စနစ်ကမူ ဘေးအန္တရာယ်မဖြစ်ပွားမီ ကြိုတင်ခန့်မှန်းခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းများကို ပြုလုပ်နိုင်သည်။

လျော်လွှပ်ခတ်မှု၊ ဟာရီကိန်းမုန်တိုင်း ဝင်ရောက်မှုနှင့် ဆူနာမီလှိုင်းများ ဝင်ရောက်လာပါက မြို့၏မည်သည့်အပိုင်းများ အဆိုးရွားဆုံးပျက်စီးနိုင်သည်ကို AI စနစ်များဖြင့် ကြိုတင် Simulation ပြုလုပ်ထားနိုင်သည်။ ထိုသို့ စမ်းသပ်ကြည့်ခြင်းအားဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အကောင်းဆုံးလမ်းကြောင်းများကို ကြိုတင် သတ်မှတ်ထားနိုင်ပြီး အရေးပေါ်ဆေးရုံနှင့် ကယ်ဆယ်ရေးစခန်းများကို မှန်ကန်သောနေရာများတွင် ကြိုတင်နေရာချထားနိုင်သည်။

လုံခြုံရေးအရလည်းကြီးမားသောအားကစားပွဲများ၊ နိုင်ငံတကာအစည်းအဝေးကြီးများ ကျင်းပချိန်တွင် ရဲတပ်ဖွဲ့သည် 3D မြေပုံပေါ်တွင် လုံခြုံရေးကင်မရာများ၏မြင်ကွင်းကို တွက်ချက်ကာ လုံခြုံရေးလစ်ဟာနိုင်သောနေရာများကို ဖော်ထုတ်နိုင်သည်။

စာမျက်နှာ ၂၁ သို့ ❑

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ဇီဝိတဒါန ငါးလွှတ်ပွဲ၊ ငှက်လွှတ်ပွဲနှင့် ဝါတွင်းကာလ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲများ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့)တွင် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲ၊ ငှက်လွှတ်ပွဲကို မန္တလေးမြို့ နန်းမြို့တောင်ဘက် မင်္ဂလာတံတားအနီး၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြပြီး သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြကာ ငါးအကောင်ရေ ၂၁၁၈ ကောင်နှင့် ငှက်အကောင်ရေ ၂၀၀ တို့အား ဇီဝိတဒါနကုသိုလ်အဖြစ် လွှတ်ပေး ခဲ့ကြသည်။



ထို့နောက် ညနေပိုင်းတွင် နန်းမြို့အတွင်းရှိ ဆုတောင်းပြည့် ဘုရား၌ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ ဆီမီး ၅၀၀၀ ပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မြတ်စွာဘုရားအား ရည်မှန်း၍ ဆီမီးထွန်းညှိပူဇော်ကာ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် ဆီမီးပူဇော် ထားမှုနှင့် အိုးစည်၊ ဒိုးပတ်အဖွဲ့များ တီးမှုတ်ဖျော်ဖြေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မန္တလေး နန်းမြို့မြနန်းစံကျော်ရွှေနန်းတော် ပတ်လည်ရှိ စတုဒိသာမဏ္ဍပ်များ၊ ဆီမီးအလှူနှင့် ရောင်စုံလျှပ်စစ် မီးများ ထွန်းညှိထားရှိမှုနှင့် ဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှု အားပေးခဲ့ကြသည်။

တက်ရောက်

ထို့ပြင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေး နန်းမြို့အရှေ့ဘက် နန်းမြို့ရိုးနှင့် ကျူးရေပြင်ကြားရှိ ရတနာပုံ ဥယျာဉ်၌ ကျင်းပရာ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သံဃ နယကအဖွဲ့ဥက္ကဋ္ဌ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ပွဲစားကြီးကျောင်း ဆရာတော် မဟာဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ အမှူးပြုသော သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့ အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများက သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုဥစ္စေများကို လောင်းလှူ ပူဇော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



Digital Twin နည်းပညာဖြင့် မြို့ပြဂေဟစနစ်ကို သိပ္ပံနည်းကျ ထိန်းသိမ်းစောင့်ရှောက်နေသည့် 3D Digital Twin မြို့ပြမော်ဒယ်ပုံစံ။

❝ မြို့ပြနေလူထုအတွက် နေ့စဉ်ကြုံတွေ့နေရသော အဆိုးရွားဆုံးပြဿနာမှာ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်သည်။ Digital Twin သည် မြို့တစ်မြို့လုံးရှိ မီးပွိုင့်များ၊ ယာဉ်ကြောစောင့်ကြည့်ကင်မရာများနှင့် GPS တပ်ဆင်ထားသော မော်တော်ယာဉ်များမှ အချက်အလက်များကိုပေါင်းစပ်ကာ မြို့၏ သွေးကြောသဖွယ်ဖြစ်သော လမ်းပန်းဆက်သွယ်ရေး ကို အကောင်းဆုံးထိန်းညှိပေး ❞

❑ စာမျက်နှာ ၂၀ မှ

အရေးပေါ်အခြေအနေများတွင် တပ်ဖွဲ့ဝင်များကို မြေပုံပေါ်မှတစ်ဆင့် အတိကျဆုံးနှင့် အမြန်ဆုံး ညွှန်ကြားမှုများ ပြုလုပ်နိုင်ပါသည်။

ယာဉ်ကြောပိတ်ဆို့မှုနှင့် စွမ်းအင်ချွေတာရေး အကျိုးကျေးဇူးများ

မြို့ပြနေလူထုအတွက် နေ့စဉ်ကြုံတွေ့နေရသော အဆိုးရွားဆုံးပြဿနာမှာ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်သည်။ Digital Twin သည် မြို့တစ်မြို့လုံးရှိ မီးပွိုင့်များ၊ ယာဉ်ကြောစောင့်ကြည့်ကင်မရာများနှင့် GPS တပ်ဆင်ထားသော မော်တော်ယာဉ်များမှ အချက်အလက်များကိုပေါင်းစပ်ကာ မြို့၏ သွေးကြောသဖွယ်ဖြစ်သော လမ်းပန်းဆက်သွယ်ရေး ကို အကောင်းဆုံးထိန်းညှိပေးသည်။

AI သည် ယာဉ်ကြောပိတ်ဆို့မှုကို စောင့်ကြည့်ရုံသာမက ယာဉ်ကြောအခြေအနေပေါ်မူတည်၍ မီးပွိုင့်များ၏ အနီ၊ အစိမ်း ပြောင်းလဲချိန်ကို အလိုအလျောက် အတိုးအလျှော့ပြုလုပ်ပေးသည်။ တရုတ်နိုင်ငံမှ မြို့ကြီးများတွင် ဤစနစ်ကိုကျင့်သုံးခြင်းဖြင့် လူနာတင်ယာဉ်များသွားလာချိန်ကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ခဲ့ပြီး သာမန် ယာဉ်ကြောပိတ်ဆို့မှုများကို ၂၀ မှ ၃၀ ရာခိုင်နှုန်း အထိ ကျဆင်းစေခဲ့ကြောင်း တွေ့ရှိရသည်။

စွမ်းအင်စီမံခန့်ခွဲမှုကဏ္ဍတွင်လည်း Digital Twin သည် Smart Grid (စမတ်လျှပ်စစ်မီးကွန်ရက်) များနှင့်ချိတ်ဆက်၍ မြို့တစ်မြို့လုံး၏ လျှပ်စစ်သုံးစွဲမှုကို ထိန်းညှိပေးသည်။ ညဘက် လူသူကင်းမဲ့သောလမ်းများရှိ စမတ်မီးတိုင်များ၏အလင်းရောင်ကို အလိုအလျောက်လျှော့ချခြင်း၊ အဆောက်အအုံကြီးများ၏ လေအေးပေးစနစ်များကို အပူချိန်အပေါ် မူတည်၍ ထိန်းချုပ်ခြင်းတို့ဖြင့် မြို့ပြ၏ ကာဗွန်ထုတ်လွှတ်မှုနှင့် လျှပ်စစ်မီတာခကုန်ကျစရိတ်ကို သိသိသာသာ လျှော့ချနိုင်ခဲ့သည်။

လက်တွေ့အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ

Digital Twin နည်းပညာသည် အကျိုးကျေးဇူးများစွာရှိသော်လည်း လက်တွေ့အကောင်အထည်ဖော်ရာတွင် အလွန်ကြီးမားသောစိန်ခေါ်မှုများနှင့် ကြုံတွေ့ရသည်။ ပထမဆုံးစိန်ခေါ်မှုမှာ “ကုန်ကျစရိတ်ကြီးမားခြင်း”ဖြစ်သည်။ မြို့တစ်မြို့လုံးကို 3D စကင်ဖတ်ရန်၊ ဆင်ဆာသန်းပေါင်းများစွာ တပ်ဆင်ရန်နှင့် ဧရာမဆာဗာကြီးများ တည်ဆောက်ရန်အတွက် ဒေါ်လာသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံရန် လိုအပ်သဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလွန်မခံနေဆဲဖြစ်သည်။

ဒုတိယစိန်ခေါ်မှုမှာ “ဒေတာလုံခြုံရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်”ဖြစ်သည်။ Digital Twin စနစ်သည် ပြည်သူများ၏ လှုပ်ရှားသွားလာမှုများ၊ နေအိမ်များ၏စွမ်းအင်သုံးစွဲမှု အစရှိသော သီးသန့်အချက်အလက်များကို အချိန်ပြည့် စောင့်ကြည့်နေသဖြင့် ထိုအချက်အလက်များ ပေါက်ကြားပါက သို့မဟုတ် အစိုးရက အလွဲသုံးစား လုပ်ပါက ကြီးမားသောလူ့အခွင့်အရေးပြဿနာများ ပေါ်ပေါက်လာနိုင်သည်။ ထို့ကြောင့် အနောက်နိုင်ငံများဖြစ်သော ဆွစ်ဇာလန်ကဲ့သို့ နိုင်ငံများတွင် ဒေတာလုံခြုံရေးဥပဒေများကို တင်းကျပ်စွာပြဋ္ဌာန်း ထားရသည်။

တတိယအချက်မှာ “နည်းပညာကျွမ်းကျင်မှု လိုအပ်ချက်ဖြစ်သည်။ ခေတ်မီ AI၊ Big Data နှင့် 3D GIS နည်းပညာများကို ပေါင်းစပ်ကိုင်တွယ်နိုင်မည့် အင်ဂျင်နီယာများနှင့် ဒေတာသိပ္ပံပညာရှင်များ ရှားပါးမှုသည် စီမံကိန်းများကို နှောင့်နှေးစေသော အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။

အနာဂတ်အလားအလာနှင့် Metaverse သို့ ကူးပြောင်းခြင်း

မြို့ပြ Digital Twin များ၏ အနာဂတ်သည် အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းလှသည်။ လာမည့် ဆယ်စုနှစ်အတွင်း ကွမ်တန်ကွန်ပျူတာများ ပေါ်ပေါက်လာပါက ယခုထက် အဆပေါင်းများစွာရှုပ်ထွေးသော လူဦးရေသန်းချီ၏ လှုပ်ရှားမှုများနှင့် ရာသီဥတုမော်ဒယ်များကို စက္ကန့်ပိုင်းအတွင်း တွက်ချက်နိုင်မည်ဖြစ်သည်။

ထို့ပြင် Digital Twin နည်းပညာသည် “မက်တာဗာ့စ်”ခေါ် အတုအယောင် ကမ္ဘာကြီးနှင့် လည်း ပေါင်းစပ်သွားမည်ဖြစ်သည်။ အနာဂတ်တွင် ပြည်သူလူထုသည် Virtual Reality (VR) မျက်မှန်များကိုတပ်ဆင်၍ မိမိတို့မြို့၏ Digital Twin အတွင်းသို့ ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်သွားလာနိုင်မည်ဖြစ်သည်။ အစိုးရရုံးများသို့သွားရောက်ရန် မလိုတော့ဘဲ Virtual မြို့တော်ထဲရှိ အစိုးရရုံးတွင် ကိစ္စရပ်များကို အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဤသို့ဖြင့် မြို့ပြအုပ်ချုပ်ရေးသည် ရုပ်ပိုင်းဆိုင်ရာ ကန့်သတ်ချက်များကိုကျော်လွန်ကာ ဒီဂျစ်တယ်ကမ္ဘာအတွင်း လွတ်လပ်လွယ်ကူစွာ လည်ပတ်နိုင်မည့် ခေတ်သစ်တစ်ခုဆီသို့ အရှိန်အဟုန်ဖြင့် ချီတက်လျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် **‘Digital Twin’** နည်းပညာသည် မြို့ကြီးပြကြီးများကို စီမံခန့်ခွဲရာတွင် ရွေးချယ်စရာနည်းလမ်းတစ်ခုမဟုတ်တော့ဘဲ မဖြစ်မနေကျင့်သုံးရမည့် မဟာဗျူဟာမြောက် လက်နက်တစ်ခုဖြစ်လာနေပြီဖြစ်သည်။ တရုတ်နိုင်ငံ၏ ဥာဏ်ရည်တု အခြေပြုထိန်းချုပ်မှုများ၊ ရုရှားနိုင်ငံ၏ တိကျလှသော 3D မြို့ပြစီမံကိန်းများ၊ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်မည့် စမတ်စီးတီးများနှင့် ဆွစ်ဇာလန်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော ချဉ်းကပ်မှုများသည် ကမ္ဘာ့နိုင်ငံများအတွက် စံနမူနာကောင်းများ ဖြစ်ကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မြို့ကြီးများအနေဖြင့် ကုန်ကျစရိတ်ကြီးမားသော်လည်း ရေရှည်တွင် အကျိုးအမြတ်များစွာရရှိစေမည့် ဤ Digital Twin နည်းပညာကိုအခြေခံမှစ၍ အဆင့်လိုက် တည်ဆောက်သွားသင့်ပါသည်။ ပြည်သူလူထု၏ အချက်အလက်လုံခြုံရေးကို အလေးထားလျက် ပွင့်လင်းမြင်သာပြီး နေချင့်စဖွယ်ကောင်းသော စမတ်စီးတီးများ တည်ဆောက်ရေးအတွက် Digital Twin နည်းပညာကို အသုံးချသွားရမည်ဖြစ်ပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။ ။

ဒို့ငြမ်းကိုးကားစာရင်း

၁။ Shanghai Urban Operation and Management Center – Smart City framework via Huawei and Alibaba Cloud. [Link: https://e.huawei.com/en/case-studies/smart-city/shanghai-pudong]

၂။ Moscow Digital Twin Project – Moscow City Government portal details on photogrammetry and urban planning. [Link: https://www.mos.ru/en/]

၃။ Thailand Eastern Economic Corridor (EEC) and AMATA Smart City – Digital integration for industrial zoning and flood management. [Link: https://www.eeco.or.th/en]

၄။ Zurich 3D City Model and Solar Potential – City of Zurich official GIS portal for sustainable urban development. [Link: https://www.stadt-zuerich.ch/geodaten]

၅။ Michael Grieves (2014) – Digital Twin: Manufacturing Excellence through Virtual Factory Replication. Whitepaper.

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ရိုးရာသပိတ်မျှောပွဲ ကျင်းပ



ထားဝယ် အောက်တိုဘာ ၂၆

သီတင်းကျွတ် မီးထွန်းပွဲတော်နှင့်အတူ ထားဝယ်မြို့တွင် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သည့် ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်ကို ယခုနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ထားဝယ်သူ ထားဝယ်သားများ ဦးဆောင်၍ ယမန်နေ့ ညနေ ၆ နာရီခွဲက ထားဝယ်မြို့ တလိုင်း မရပ်ကမ်းနားလမ်း၊ ထားဝယ်ရိုးရာသပိတ်မျှောကွင်း၊ ထားဝယ်မြစ်ကမ်း၌ ရှေးရိုးရာ အစဉ်အလာ အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထားဝယ်ရိုးရာသပိတ်မျှောပွဲကို တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးမြတ်ကို၊ တရားသူကြီးချုပ် ဒေါ်အေးအေးသန်း၊ နယ်မြေခံ တပ်မဌာနချုပ်မှူး၊ ကရင် တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး ဦးစောမာတင်လူသာ၊ မြို့မိမြို့ဖ ဦးအောင်ဝင်း၊ ထားဝယ် လူမျိုးစုစည်းမှုကော်မတီ ဗဟို ဥက္ကဋ္ဌ ဦးအောင်မျိုးတို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ကြပြီး မြို့မိမြို့ဖများနှင့် ဒေသခံထားဝယ် မြို့သူ မြို့သားများက မီးပုံးပျံအလုံးရေ ၁၀၀၀ ကို တညီတညွတ်တည်း လွှတ်တင်ပူဇော်ကြသည်။

ထို့ပြင် မြို့မယဉ်ငေး သာသနရိပ်သာ(ထားဝယ်)မှ ဆရာတော် ဘဒ္ဒန္တဂ္ဂနွဉာဏနှင့် သံဃာတော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒေသခံပြည်သူများက မြတ်စွာဘုရားရှင်အား ရည်မျှော်မှန်းဆ ကြည်ညိုသဒ္ဓါပွားများပြီး ဆီမီးများဖြင့် ထွန်းညှိပူဇော်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဗ္ဗာန်ဈေး အလှူတော်များ၊ MSME အရောင်းပြခန်းများ၊ ရပ်ကွက်/ကျေးရွာ အလိုက် အလှဆင်ထားသည့် အလှသပိတ်အိုးကြီးများ အပူဇော်ခံထားရှိမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ထားဝယ်ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် သီဆိုဧည့်ခံ ဖျော်ဖြေနေမှုတို့ကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ယနေ့နံနက် ၃ နာရီတွင် တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်ဖြင့် စံပယ်တော်မူနေသော အရှင်ဥပဂုတ္တ မထေရ်မြတ်အား ရည်မှန်း၍ သပိတ်မျှောကာ ကုသိုလ်ပြုကြပြီး ဒေသခံထားဝယ် မြို့သူ မြို့သားများက ထားဝယ်ရိုးရာ သပိတ်မျှောမုခ်ဦးမှစ၍ ဝက်ပါလျှောက် လမ်းမှတစ်ဆင့် အေးချမ်းပျော်ရွှင်စွာ ဖြတ်ကျော်ကြကာ သပိတ်မျှော၍ ဆုတောင်းပတ္ထနာကုသိုလ်ပြုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အလှဆင်ထားသည့် အလှသပိတ်အိုးကြီးများ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆန်းချီရပ်ကွက်၊ ဒုတိယဆုရရှိသည့် ညောင်ရမ်းတောင်ရပ်ကွက်၊ တတိယဆုရရှိသည့် သင်္ဘောဆိပ်ရပ်ကွက်တို့အား ဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ပါဝင်ယှဉ်ပြိုင်သည့် ရပ်ကွက်ပေါင်း ၁၅ ရပ်ကွက်မှ ပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ရပ်ကွက်ပေါင်းစုံမှ ဒေသခံပြည်သူများကလည်း အလှဆင်ထားသည့် အလှသပိတ်အိုးကြီးများကို မျှော၍ ဆုတောင်းပတ္ထနာပြုပြီး ကုသိုလ်ပြုကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အလှူငွေများထည့်ဝင် ကုသိုလ်ပြုလှူဒါန်းကာ အရှင်ဥပဂုတ္တ မထေရ်မြတ်အား ဆွမ်းဆက်ကပ်ပူဇော်သည်။

မြန်မာနိုင်ငံတွင် ဝါလကင်းလွတ် သီတင်းကျွတ်သည်နှင့် ဒေသ အလိုက် ရိုးရာအစဉ်အလာမပျက်ပွဲ တော်များကို ကျင်းပလျက်ရှိရာ သီတင်းကျွတ် ကာလနှင့်အတူ တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ဒေသတွင်ရှိသော ထေရ ဝါဒဗုဒ္ဓ ဘာသာဝင်များက တောင်သမုဒ္ဒရာ၌ စံတော်မူသော အရှင်ဥပဂုတ္တမထေရ် မြတ်အား ရည်မှန်း၍ သပိတ်မျှောပွဲတော်ကို ကျင်းပလေ့ရှိသည်။ သပိတ်မျှောပွဲကို ရှေးမင်းများ လက်ထက်မှစတင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယနေ့တိုင် ထားဝယ်ရိုးရာ ယဉ်ကျေးမှု ဓလေ့တစ်ခုအနေဖြင့် တည်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



အင်းစိန်မြို့နယ် ဝဇီရ သာသနာ့ဗိမာန်တော်ကြီး မနောလှဥပရိပါသာဒသိမ်တော်နှင့် ဗိမာန်တော်အဝင်မုခ်ဦး ကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

အင်းစိန်ခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ မင်းဓမ္မလမ်းရှိ မြို့နယ်လုံးဆိုင်ရာ ဝဇီရသာသနာ့ဗိမာန်တော်ကြီး မနောလှဥပရိပါသာဒသိမ်တော်နှင့် ဗိမာန်တော်အဝင်မုခ်ဦးကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ရွာမပရိယတ္တိစာသင်တိုက်နှင့် တိုက်ခွဲများ၏ အဓိပတိမဟာနာယက ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်၍ ဩဝါဒခံယူခြင်း၊ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇျာယ်ခြင်း၊ ကျောင်းဒါယကာ၊ ဒါယကာမများက ဝဇီရသာသနာ့ဗိမာန်တော်ကြီး မနောလှဥပရိ ပါသာဒသိမ်တော်နှင့် ဗိမာန်တော်အဝင်မုခ်ဦး ဝိဟာရ ဝိဟာရ ဝတ္ထု၊ ဝိဟာရ ပရိကွာရ၊ ဝိဟာရ သမ္မန္တတို့အား ဗုဒ္ဓသန္တက ကုသိုလ်အဖြစ် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးသို့ လှူဒါန်း၍ ပင့်သံဃာတော်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။

ထို့နောက် တိုင်းသံဃနာယကဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး တက်ရောက်လာသည့် သံဃာတော်၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ်၍ ဧည့်ပရိသတ်များအား ထမင်း၊ ဟင်း၊ ရေသန့်၊ အအေးတို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပခုက္ကူမြို့၌ မီးသတ်ရေလှောင်ကန်များအား ရေအပြည့် ဖြည့်တင်းထားရှိ

ပခုက္ကူ အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ စူပါအယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလအတွင်း ပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိသုံးစွဲနိုင်ရေးနှင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးရည်ရွယ်၍ ယမန်နေ့နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်ရှိ မီးသတ်ရေလှောင်ကန်များအား ရေအပြည့် လိုက်လံဖြည့်တင်းထားရှိကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



ကျိုင်းတုံမြို့နယ်ရှိ ဘုရားစေတီပုထိုးများ၌ ကုသိုလ်ပြုသူများဖြင့် စည်ကား



ကျိုင်းတုံ အောက်တိုဘာ ၂၆

သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ ဘုရားကျောင်းကန်၊ စေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ကျိုင်းတုံမြို့နယ်အတွင်းရှိ မဟာမြတ်မုနိဘုရား၊ ရပ်တော်မူဘုရားနှင့် ဘုရားကျောင်းကန်၊ စေတီပုထိုးများတွင် ဥပုသ်သီလဆောက်တည်သူများ၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိပြီး ကျိုင်းတုံမြို့နယ် သံသရာအေးကျောင်းတိုက်နှင့် ပန်ကွဲတောင်အနီးရှိ ဗုဒ္ဓဥယျာဉ်တို့တွင် သံဃပဝါရဏာ(သိမ်ဆင်း) ဆွမ်းဆန်စိမ်းလောင်းလှူခြင်းပြုသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

ကျောက်တန်းမြို့နယ်၌ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေး

ကျောက်တန်း အောက်တိုဘာ ၂၆

ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်တည်ဆဲအခွန် ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းက ကျောက်တန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။



ဦးစွာ ကျောက်တန်းမြို့နယ် အခွန်ဦးစီးဌာနမှူးက ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် တည်ဆဲအခွန် ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ပြောကြားပြီး တက်ရောက်လာကြသောလုပ်ငန်းရှင်များ၏ သိလိုသည့် မေးမြန်းမှုများကို ပြန်လည် ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရ သည်။

သန့်ဇင်ထွန်း

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သမဝါယမ အသင်းစု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန စည်းဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ အသင်းစာရင်းစစ်အဖွဲ့၏ အစီရင်စာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြကြသည်။

ထန်းတပင်မြို့နယ် သမဝါယမအသင်းစု အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲ ကျင်းပ

ထို့နောက် အသင်းဝင်များ၏အစုပေါ်အမြတ်ငွေများကို တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက အသင်းသားများထံ ပြန်လည် ထုတ်ပေးခဲ့ပြီး အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ပုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

မော်လမြိုင် အောက်တိုဘာ ၂၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ၌တည်ရှိသည့် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး၏ ပုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို (မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့်နေ့) ယနေ့ နံနက် ၅ နာရီခွဲတွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်၌ ကျင်းပသည်။

ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်ရင်ပြင်တော်ရှိ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက အရာထမ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ဩဝါဒါစရိယ ဆရာတော်များက ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး အား ပုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြသည်။

ဆက်လက်၍ ဩဝါဒါစရိယ ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်၍ ဆရာတော်ကြီးများက မေတ္တာသုတ်ပရိတ် တရားတော်များ ရွတ်ဖွားသရဇ္ဈယ် ချီးမြှင့်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ နိဂုံးတော် ဩဝါဒါစရိယ ဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာယူကြည်ညိုး၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ စေတီတော်မြတ်အား ဆရာတော်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အမွေးနှံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ရင်ပြင်၌ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖကြိုး ဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသား ရိုးရာအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကိုကျင်းပရာပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဘုရားဖူးလာပြည်သူများက ဩဝါဒါစရိယဆရာတော်များနှင့် ရင်ပြင်တော်ရှိ ကျောင်းတိုက် ဆရာတော်တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုများ လောင်းလှူခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)





ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

ကျိုက်ထို အောက်တိုဘာ ၂၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင်တည်ရှိသည့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို ယနေ့တွင် ကျင်းပခဲ့ရာ အများပြည်သူ အလုပ်ပိတ်ရက်များဖြစ်သည့် သီတင်းကျွတ်လပြည့် ရုံးပိတ်ရက်တွင် ပြည်တွင်း၊ ပြည်ပမှ ဘုရားလာရောက်ဖူးမြော်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ အန္တရာယ်ကင်းဝေးစေရန်နှင့် စိတ်ချမ်းမြေ့စွာဖူးမြော်နိုင်ရန်အတွက် စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက လုံခြုံရေး၊ အခမဲ့တည်းခို နေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်တက်မော်တော်ယာဉ် ၁၅၂ စီးကို နေ့စဉ်ပြေးဆွဲပေးနေပြီး သတ်မှတ်လူဦးရေနှင့် ယာဉ်စီးခများကိုလည်း သတ်မှတ်နှုန်းထားဖြင့် အလွယ်တကူလိုက်ပါစီးနင်းနိုင်ရန်စီမံထားကြောင်း သိရသည်။

ဘုရားဖူးပြည်သူများ စည်ကားများပြားသည့် အတွက် ကျိုက်ထီးရိုးတောင်တော်တစ်လျှောက် အထင်ကရနေရာများဖြစ်သည့် မုဆိုးတောင်တော်၊ ကျီးကန်းပါးစပ်လိုဏ်ဂူတော်၊ ကျောက်ထပ်ကြီးစေတီတော်၊ ရေတံခွန်စသည့်နေရာများ၊ ရင်ပြင်တော်ဈေးဆိုင်တန်းတစ်လျှောက်ရှိ ထမင်းဆိုင်များ၊ အမှတ်တရအရောင်းဆိုင်များ၌ ဘုရားဖူးများဖြင့် စည်ကားနေသည့်အပြင် အခမဲ့နှင့် အခပေးတည်းခိုဆောင်များ၊ ရင်ပြင်တော်၌လည်း တည်းခိုနေထိုင်သူ များပြားလျက်ရှိကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

သထုံမြို့ရှိ သမိုင်းဝင်ရွှေစာရံစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

သထုံ အောက်တိုဘာ ၂၆



မွန်ပြည်နယ် သထုံမြို့ရှိ သမိုင်းဝင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ ကုသိုလ်ဒါနပြုသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

စေတီတော်မြတ်ကြီး မှာ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးနံဘေး၌ တည်ရှိသဖြင့် အလွယ်တကူ ဝင်ရောက်ဖူးမြော်နိုင်ရာ အများပြည်သူ ပိတ်ရက်ကာလ ကျိုက်ထီးရိုး၊ ကျိုက္ခမီ၊ စက်စဲ အစရှိသည့် အောက်မြန်မာပြည် ဘုရားဖူးအပန်းဖြေခရီး ထွက်သူအများစုတို့ ခရီးတစ်ထောက်နား ဝင်ရောက်ဖူးမြော်လေ့ရှိသည်။ မြို့၏ အထင်ကရစေတီ ဖြစ်သည့် အလျောက် ယခုကဲ့သို့ ဝါလကင်းလွတ် သီတင်းကျွတ်ကာလတွင် ဒေသခံအပေါင်းတို့က မိသားစုလိုက် လာရောက်ဖူးမြော်ကုသိုလ်ပြုလေ့ရှိသဖြင့် အထူးစည်ကားသည်။

သီတင်းကျွတ် လပြည့်နေ့တွင် ရွှေစာရံစေတီတော် အပါအဝင် သထုံမြို့နယ်အတွင်းရှိ ဘုရားကျောင်းကန်တို့၌ အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲ၊ တရားသဘင် ဆင်ယင် ကျင်းပခြင်း၊ ဘုရားရှင်အား ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်း၊ ဇီဝိတဒါန ငါးလွတ်ခြင်းတို့ဖြင့် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာကုသိုလ် ပြုကြသူများဖြင့် အထူးစည်ကား ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■



စဉ့်ကူးမြို့ ရွှေမုဇ္ဈောဘုရား၌ သီတင်းကျွတ်လပြည့်နေ့ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပ

စဉ့်ကူး အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့ရှိ သမိုင်းဝင်ရွှေမုဇ္ဈောဘုရား၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲကို ယနေ့ညနေ ၆ နာရီခွဲက စတင်ကျင်းပသည်။

အဆိုပါ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲတွင် စဉ့်ကူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဘုရားဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ စုပေါင်း၍ တစ်ပြိုင်နက် ဆီမီးထွန်းညှိပူဇော်ကြရာ ဆီမီးထွန်းညှိကပ်လှူပူဇော်သူများနှင့် ဘုရားဖူးလာကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သီတင်းကျွတ်လပြည့်နေ့တွင် ကုသိုလ်ပြုသူများစည်ကား

အုတ်တွင်း အောက်တိုဘာ ၂၆



ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) နံနက်ပိုင်းက ကုသိုလ်ပြုသူများဖြင့် စည်ကား လျက်ရှိသည်။

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ အုတ်တွင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် ဘုရားများသို့ သွားရောက်ဖူးမြော်ခြင်းများအပြင် ရပ်ကွက်/ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ဥပုသ်သီလဆောက်တည်ကြသူများအား အလှူရှင်များက စတုဒိသာကျွေးမွေးခြင်းဖြင့် ကုသိုလ်ပြုလျက်ရှိကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

ပညာရှေ့အိုး လူမခိုး ပညာရဲရင့် ပွဲလယ်တင့်

မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၉၀) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

မကွေး အောက်တိုဘာ ၂၆

မကွေးမြို့ သမိုင်းဝင်မြသလွန်စေတီတော်မြတ်ကြီး၏(၂၅၉၀)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

သမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၉၀)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ တန်ဆောင်မုန်းလဆန်း ၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

စည်ကားများပြားလျက်ရှိ

အဆိုပါ ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကြီးတွင် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲများအပြင် ယခင်နှစ်များက မပြုလုပ်ခဲ့ဖူးသည့် စိန်နားပန်မီးပုံးပျံ၊ ညမီးကြိမ်မီးပုံးပျံနှင့် မီးပုံးပျံငယ်များ လွှတ်တင်ခြင်းများဖြင့် တစ်မူထူးခြားစွာ ကျင်းပသွားမည်ဖြစ်သည်။ ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ်အဖြစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်တွင် မကွေးမြို့ပေါ်ရှိစာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်သွားမည်ဖြစ်ပြီး ဘုရားပွဲတော်အတွင်း စွေးဆိုင်တန်းများ၊ စားသောက်ဆိုင်များ၊ ကလေးကစားကွင်းများ၊ နိုင်ငံကျော်ဇာတ်သဘင်များ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဒေသထွက်ကုန်အရောင်းဆိုင်များနှင့် အညာဒေသ ရိုးရာမုန့်ဆိုင်တန်းများဖြင့် ခင်းကျင်းရောင်းချပေးလျက်ရှိကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)



ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၌ အဘိဓမ္မာအခါတော်နေ့အခမ်းအနား ကျင်းပ

သံဖြူဇရပ် အောက်တိုဘာ ၂၆

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရင် မြတ်ဘုရားကြီး၌ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျိုက္ခမီရေလယ်ဆံတော်ရင် မြတ်ဘုရားကြီး ကုန်းတော်ပေါ်ရှိ သာသနာ့ဗိမာန်ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ အေးရိပ်သာ မဟာစည်မန္တလေးကျောင်းတိုက် ဩဝါဒိစရိယဆရာတော် ဘဒ္ဒန္တဝိသုတာစာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများက မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်သည်။ ထို့နောက် ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှ လပြည့်ကျော် ၅ ရက်အထိ နှစ်စဉ်ကျင်းပခဲ့ပြီး လပြည့်နေ့နံနက်တွင် ဆွမ်းအိုးမျှောပွဲနှင့် နေ့စဉ် ဓာတ်ပွဲများ၊ ဗျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

ဇလွန် အောက်တိုဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ၊ ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူပူဇော်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများဖြင့် ယနေ့နံနက်ပိုင်းတွင် စည်ကားလျက်ရှိသည်။

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးနှင့် မြို့နယ်အတွင်းရှိ ဘုရားစေတီများ၊ ဘုန်းကြီးကျောင်းများတွင် ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း၌ ပရိတ်တော်အဖွဲ့ ၁၃ ဖွဲ့က အဘိဓမ္မာ ခုနစ်ကျမ်းအမေးအဖြေအမွန်းပါဠိတော်များ ရွတ်ဆိုပူဇော်ခြင်းကို ယနေ့မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအထိ အလှည့်ကျရွတ်ဖတ်ပူဇော်ပြီး သီတင်းကျွတ်လဆန်း ၁၄ ရက်မှစ၍ လပြည့်ကျော် ၁ ရက်အထိ လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီးများဖြင့် ဆီမီးပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်သည်။ ထို့ပြင် မင်္ဂလာဆိုင်း၊ တေးဂီတပိုင်း၊ အိုးစည်ပိုင်းများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ညပိုင်းတွင် မီးပုံးပျံများ လွှတ်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

သမိုင်းဝင် ရှင်ပင်ချမ်းသာကြီးဘုရား၌ အဘိဓမ္မာအခါတော်နေ့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

အိမ်မဲ အောက်တိုဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ချောင်းဝရပ်ကွက် (၁)လမ်းရှိ အိမ်မဲမြို့တည် သမိုင်းဝင် ရှင်ပင်ချမ်းသာကြီးဘုရား၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ညပိုင်းမှစ၍ ကုသိုလ်ကောင်းမှုပြုလုပ်ကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

လှူဖွယ်ဝတ္ထုများ လှူဒါန်း

အိမ်မဲမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဘုရားဖူးလာပြည်သူများက မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ရွှေသင်္ကန်းကပ်လှူခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်းနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းကြပြီး ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲတွင်လည်း အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ) ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါ ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊

(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူ အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၅) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊

(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်း မွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလျှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီးပွဲတော်စတင်သည့် သီတင်းကျွတ်လပြည့်နေ့ ပွဲတော်လာသူများဖြင့် အထူးစည်ကား

မုံရွာ အောက်တိုဘာ ၂၆

မုံရွာမြို့တွင် ၁၅ ရက်ကြာ ကျင်းပမည့် ဆုတောင်းပြည့်ဘုရားကြီးပွဲတော်၏ အစနေ့ဖြစ်သည့် အောက်တိုဘာ ၂၆ ရက် (သီတင်းကျွတ်လပြည့်နေ့) မှစတင်၍ ပွဲတော်လာသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"ဘုရား ပွဲတော်က အောက်တိုဘာ ၂၆ ရက်ကနေ နိုဝင်ဘာ ၉ ရက်အထိ ၁၅ ရက်ကြာ ကျင်းပသွားမှာပါ။ သီတင်းကျွတ် လပြည့်နေ့ညမှာ ဆုတောင်းပြည့်ဘုရားနဲ့ ရွှေစည်းခုံဘုရားတွေမှာ ဆီမီးတစ်ထောင် ပူဇော်ကြမှာဖြစ်ပြီး ကျောက်ဆောင်ဆိပ်မှာ မီးပုံးပျံတွေ လွှတ်တင်ကြမယ်။ စတုဒိသာတွေလည်း ကျွေးမှာဖြစ်ပြီး အောက်တိုဘာ ၂၆ ရက်ကနေ ၂၈ ရက်အထိ မြန်မာမှုဆိုင်းပိုင်းနဲ့ ဆို၊ ကာ၊ ရေး၊ တီးပြိုင်ပွဲတွေမှာ ဆုရခဲ့ကြသူတွေက သီဆိုကပြကြမှာ ဖြစ်ပါတယ်။ နိုဝင်ဘာ ၁ ရက်ကနေ ၃ ရက်အထိ စတိတ်ရှိုးတွေ သီဆိုကြမှာဖြစ်ပါတယ်။ ခြင်းပိုင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲတွေလည်း ကျင်းပမှာပါ" ဟု မုံရွာမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ပြောသည်။



ဘုရားကြီးပွဲ ဖြစ်မြောက်ရန် အတွက် ဦးစီးကော်မတီနှင့် ဆိုင်ခန်း တည်ဆောက်ရေး ကော်မတီ၊ ဖျော်ဖြေရေးကော်မတီ၊ လျှပ်စစ်မီးလင်းရေး ကော်မတီ၊ လုံခြုံရေးနဲ့ ကျန်းမာရေးကော်မတီ စသည့် ဆပ်ကော်မတီ ကိုးခုဖွဲ့ စည်းဆောင်ရွက်နေပြီး ဘုရားကြီးပွဲတွင် တည်ဆောက်ထားသော သံဖရိုင်ဆိုင်ခန်း အသစ်များကို ပွဲတော်ပြီးလျှင် ဆုတောင်းပြည့် ဂေါပကထံ လျှဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ဘုရားကြီးပွဲတော်က ရတဲ့ ဆိုင်ခန်းခတွေကို ဆုတောင်းပြည့်နဲ့ ရွှေစည်းခုံဘုရားကြီးတွေမှာ လျှသွားမှာပါ။ ဆိုင်ခန်းက ၃၀၀ လောက်ရှိပြီး စားသောက်ဆိုင်၊ အဝတ်အထည်ဆိုင်၊ ဒေသထွက် ပစ္စည်းအရောင်းဆိုင်တွေ ခင်းကျင်းရောင်းချနေပါတယ်။ အရင်က ဘုရားကြီးပွဲ ကျင်းပရာမှာ အနယ်နယ်အရပ်ရပ်က ၁၂ ပွဲ ဈေးသည်တွေ ခင်းကျင်းရောင်းချခဲ့ပါတယ်။ အခုနှစ်မှာတော့ ၁၂ ပွဲ ဈေးသည်တွေအပြင် မုံရွာက ဒေသထွက်ကုန်ရောင်းချတဲ့ ဈေးဆိုင်တွေ ပိုများလာပါတယ်" ဟု မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ပြောသည်။

ဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းသပိတ် လောင်းလှူပွဲဖွင့်ပွဲကို အောက်တိုဘာ ၂၆ ရက် (သီတင်းကျွတ်လပြည့်နေ့) ညနေပိုင်းတွင် မုခ်ဦးတည်ရှိရာ မုံရွာနာရီစင်အနီးတွင် ကျင်းပသည်။

ဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းသပိတ် လောင်းလှူပွဲကို မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မုံရွာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးအေးလွင်၊ မုံရွာမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်း၊ ဆုတောင်းပြည့် ဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးကျော်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

မျိုးဝင်းထွန်း(မုံရွာ)

သန်လျင်မြို့နယ်၌ စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ လယ်တီနိကာယရွှေဘိုကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက (သာသနာ့ဓမ္မမောရိယ) နယ်လှည့်မွေကထိက ဘဒ္ဒန္တ ယုဝိန္ဒ ဆရာတော်၏ ဩဝါဒကိုခံယူ၍ စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကို အောက်တိုဘာ ၂၆ ရက်က အဆိုပါကျောင်းတိုက် သာသနာ့ဝေယျာဝစ္စရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် လယ်တီနိကာယရွှေဘိုကျောင်း ပရိယတ္တိစာသင်တိုက်မှ စာချ၊ စာသင်သံဃာတော်များနှင့် စာအောင်သံဃာတော်တို့အား ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အကျိုးဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ခုနစ်ရက်သားသမီးအပေါင်းတို့က စာရေးကိရိယာနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လယ်တီနိကာယရွှေဘိုကျောင်း ပရိယတ္တိစာသင်တိုက် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက ကျောင်းတိုက်အတွင်းရှိ စာချ၊ စာသင်သံဃာတော်များနှင့် စာအောင်သံဃာတော်တို့အား ဂုဏ်ပြုပူဇော်ပွဲကျင်းပရခြင်းနှင့် ကျောင်းတိုက်အတွင်းဆောင်ရွက်နေမှုများကို လျှောက်ထားတင်ပြသည်။

ထို့နောက် သန်လျင်မြို့ သောက်တော်တွင်းရပ်ကွက် လယ်တီနိကာယရွှေဘိုကျောင်း ပရိယတ္တိစာသင်တိုက် သဒ္ဓမ္မပါလရာဇာကျော်သုံးထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ဘက်စုံအလှူငွေများကို လယ်တီနိကာယရွှေဘိုကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပညိန္ဒ (သာသနာ့ဓမ္မောရိယ) ထံ အလှူရှင်များက ဆက်ကပ်လှူဒါန်းခဲ့ကြပြီး လှူဒါန်းမှုစုစုပေါင်းအတွက် ရေစက်သွန်းချတရားတော်များ နာယူခဲ့ကြကြောင်း သိရသည်။

သက်နိုင်(သန်လျင်)



❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

ဟင်္သာတမြို့နယ် တိလောကဥဿျောင်ရှင်သာလျောင်းဘုရားကြီး၌ (၃၂) ကြိမ်မြောက် ဆီမီး ၈၄၀၀၀ ထွန်းညှိပူဇော်

ဟင်္သာတ အောက်တိုဘာ ၂၆

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ် နတ်မော်လမ်းရှိ တိလောကဥဿျောင် ရှင်သာလျောင်း ဘုရားကြီး၏ (၃၂) ကြိမ်မြောက် ဆီမီး ၈၄၀၀၀ ထွန်းညှိပူဇော်ပွဲအခမ်းအနားနှင့် (၇၉) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲဖွင့်ပွဲကို အောက်တိုဘာ ၂၅ ရက်က ကျင်းပသည်။



(၃၂)ကြိမ်မြောက် ဆီမီး ၈၄၀၀၀ ထွန်းညှိပူဇော်ပွဲကြီးကို ခရိုင် ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ခြင်းနှင့် ဘုရားကြီး ပလ္လင်တော်ပေါ်ရှိ ဗဟိုဆီမီးတိုင်အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန်က ထွန်းညှိပူဇော်ခြင်းကို ဆောင်ရွက်ခဲ့ပြီး တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဘုရားကြီးဝင်းအတွင်း ဆီမီးထွန်းညှိပူဇော်ခဲ့ကြသည်။

အဆိုပါ ဆီမီးပူဇော်ပွဲတွင် ပထမနေ့ည ဆီမီးအလှူတော်အဖြစ် ဆီမီးခွက် ၂၈၀၀၀ အား လည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်တွင် ဆီမီးခွက် ၂၈၀၀၀ ကို ဆက်လက်ထွန်းညှိပူဇော်သွားမည် ဖြစ်ပြီး အောက်တိုဘာ ၂၇ ရက် မွန်းတည့် ၁၂ နာရီတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

ရန်ကုန်လိပ်စာ		မန္တလေးလိပ်စာ
အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။	လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။	ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ဂုဏ်ချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၀၂၅၀၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၊ ၀၉-၅၆၈၈၇၈၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၊ ၀၅၈-၂၀၂၃၅၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂၂

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁၁

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၄၅၅၊ ၀၂-၄၀၂၁၄၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၅-၂၀၂၇၉၃၊ ၀၅၅-၂၀၂၇၉၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အဖြတ်မခံသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အဖြတ်မခံသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင် ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းနိဒါန်းလုံစွာတင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့် ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှောပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှောပေါ့ခွင့်ပြုသူများ

၁။ လျှောပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှောပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှောပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက် တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှောပေါ့ပေးနိုင်သည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

ဘားအံမြို့၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်



ဘားအံ အောက်တိုဘာ ၂၆

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)သည် ဗုဒ္ဓဘာသာနွယ်ဝင် မြန်မာတိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့် အညီ ကရင်ပြည်နယ် ဘားအံမြို့၌ သီတင်းကျွတ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ဘားအံမြို့ သီရိကွင်း၌ မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ပွဲ ကျင်းပသည်။

မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများက မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ကြမည့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် လူမှုရေး အသင်းအဖွဲ့များအား မီးပုံးပျံကြီး တစ်လုံးလျှင် ငွေကျပ် ခုနစ်သိန်းစီ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မီးပုံးပျံလွှတ်တင်ပူဇော်ရေးအဖွဲ့များက အောက်ခြေအချင်း ၆ ပေ၊ အမြင့် ပေ ၄၀ နှင့် အထက်ရှိသော မီးပုံးပျံကြီးအလုံး ၃၀ ကို အိုးစည်ဗုံမောင်းများ၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လွှတ်တင်ပူဇော်ခြင်း၊ ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီက မီးပုံးပျံအသေး အလုံး ၂၀၀ လွှတ်တင်ပူဇော်ခြင်းတို့ဆောင်ရွက်ကြသည်။

ထို့ပြင် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ရွှေယဉ်မျှော်ပြည်တော်ဧ စေတီတော်တွင် သံဃာတော်နှင့် သီလရှင်အပါး ၂၇၈၀ အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ မွန်းလွဲပိုင်းတွင် သံဃပဝါရဏာ သိမ်ဆင်းလောင်းလှူခြင်း၊ ညဦးပိုင်းတွင် သေဋ္ဌမာရ်အောင်ဘုရားကြီး၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က ကြည့်ရှုအားပေးကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



ကျောက်ဆည်မြို့ ဖောင်ရွာရပ်ကွက် သိမ်ကျောင်း၌ ဆီမီးငါးထောင်နှင့် ဆည်တော်နံရွှေမုဌောဘုရား၌ ဆီမီးတစ်ထောင် ထွန်းညှိပူဇော်

ကျောက်ဆည် အောက်တိုဘာ ၂၆

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်အထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၂၆ ရက် ညနေပိုင်းက ကျောက်ဆည်မြို့ ဖောင်ရွာရပ်ကွက် သိမ်ကျောင်းတွင် ဆီမီးငါးထောင်နှင့် ဆည်တော်နံရွှေမုဌောဘုရားကြီး ရင်ပြင်တော်၌ ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဆီမီးထွန်းညှိပူဇော်ပွဲကို ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သိမ်ကျောင်းနှင့် ဆည်တော်နံရွှေမုဌောဘုရားကြီး ဂေါပကအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများက ပြိုင်တူထွန်းညှိပူဇော်ခဲ့ကြောင်းနှင့် ဌာနဆိုင်ရာရုံးများ၊ နေအိမ်များ၊ လမ်းဆုံများ၌ လည်း ဆီမီးများ၊ ရောင်စုံအလှမီးများ ထွန်းညှိပူဇော်ထားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဒလ-တွံတေး ကားလမ်းဘေး၌ ညဈေးတန်း တည်ဆောက်မည်

ရန်ကုန် အောက်တိုဘာ ၂၆

ဒလမြို့နယ်အတွင်း ဒလ-တွံတေး ကားလမ်းဘေး၌ ညဈေးတန်း တည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါညဈေးတန်း တည်ဆောက်မည့် နေရာသို့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးမျိုးမြင့်အောင်က အောက်တိုဘာ ၂၅ရက်တွင် ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ကမာကဆစ်ရပ်ကွက် ဒလ-တွံတေး ကားလမ်းဘေး မင်္ဂလာစည်ပင်ကန် အမှတ်(၁)နှင့် အမှတ်(၂)ရှေ့တွင် ညဈေးတန်း တည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးပြီး ဈေးဆိုင်ခန်းများ စနစ်တကျရှိစေရေးနှင့် ထွက်ရှိလာမည့် စွန့်ပစ်အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကမာကဆစ်ဈေး အဆင့်မြှင့်တင် ဆောင်ရွက်မည့် အခြေအနေကို စစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံးအကောင် အထည်ဖော် ဆောင်ရွက်ရန် မှာကြားသည်။

အလားတူ အင်းစိန်မြို့နယ် စဉ်ကူရပ်ကွက် ပိတောက်မြိုင် လမ်းရှိ မြေသားမိုးရေစုကန်ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

TWA

အိမ်မဲမြို့နယ်၌ နွေရာသီရေရှားပါးမှု မဖြစ်ပေါ်စေရေး အသိပညာပေးဆွေးနွေး

အိမ်မဲ အောက်တိုဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စူပါအယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် နွေရာသီကာလတွင် ရေရှားပါးမှုများ မဖြစ်ပေါ်စေရေးနှင့် ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးအတွက် ဘုရားကြီးကုန်းကျေးရွာအုပ်စုဆပ်ကွင်းကျေးရွာ၌ ကျေးလက်နေပြည်သူများအား အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

အသိပညာပေးဆွေးနွေးပွဲတွင် အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိက စူပါအယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူချိန်မြင့်မားမှု၊ မိုးရွာသွန်းမှုလျော့နည်းခြင်းနှင့် ရေရှားပါးမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ရေရှားပါးမှုဒဏ်ကို လျှော့ချနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် အသိပညာပေးပြောကြားခဲ့သည်။

ထို့ပြင် ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲအသုံးပြုရေး၊ မိုးရေများ စုဆောင်းသိုလှောင်ထားရှိရေး၊ ရေကန်များနှင့် ရေပေးဝေရေးစနစ်များကို ကြိုတင်စစ်ဆေးပြုပြင်ထိန်းသိမ်းရေး၊ ရေယိုစိမ့်ဆုံးရှုံးမှုများလျှော့ချရေးနှင့် သောက်သုံးရေ ချွေတာသုံးစွဲရေးတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အိမ်မဲ(ပြန်/ဆက်)



တွံတေးမွေးမြူရေးဇုန်၌ အခြေခံဝက်မွေးမြူရေးသင်တန်းဖွင့်

တွံတေး အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ဆောင်ရွက်မှုဖြင့် တွံတေးမြို့နယ် မွေးမြူရေးဇုန်တွင် စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တွံတေးမြို့နယ်မှ အခြေခံဝက်မွေးမြူရေးသင်တန်းဖွင့်လှစ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါမွေးမြူရေးဇုန် ကော်မတီစီမံခန့်ခွဲရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ တွံတေးမွေးမြူရေးဇုန် ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဝက်မွေးမြူနည်းစနစ်များ၊ ဇီဝလုံခြုံမှုဆိုင်ရာ လိုက်နာရမည့်အချက်များနှင့် အာဖရိကဝက် အပြင်းဖျားရောဂါအတွက် ကြိုတင်ကာကွယ်မှုများ လိုက်နာဆောင်ရွက်ရန် အချက်များ၊ တွံတေးမွေးမြူရေး ဇုန်အတွင်းရှိ ဝက်မွေးမြူရေးခြံများ လုပ်ငန်းဆောင်ရွက်သူနှင့် ဝက်မွေးမြူရေးနှင့်ပတ်သက်၍ ပြင်ပမှရောဂါများ မိမိခြံတွင်း(သို့) မိမိခန္ဓာကိုယ်အတွင်း မဝင်ရောက်ရန် ဆောင်ရွက်ခြင်း/မိမိခြံအတွင်း (သို့) မိမိခန္ဓာကိုယ်အတွင်းမှ ရောဂါများ ပြင်ပသို့ မကူးစက်အောင် ဆောင်ရွက်ခြင်း၊ မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုအတွက် လိုက်နာဆောင်ရွက်ရန်အချက်များ၊ All in all out စနစ်ဖြင့် မွေးမြူရန်၊ မွေးမြူရေးခြံရှိ တိရစ္ဆာန်များ ရောင်းချပြီးပါက မွေးမြူရေးခြံကို သန့်ရှင်းရေး စနစ်တကျ သေချာစွာ ဆောင်ရွက်ရန်၊ စနစ်တကျ ပုံမှန်ပိုးသတ်ဆေးဖျန်းရန်၊ မွေးမြူရေးခြံကို လုံခြုံအောင်ပိတ်ပြီး သတ်မှတ်ရက်အတိုင်းထားပြီးမှ တိရစ္ဆာန်အသစ် ထည့်သွင်းမွေးမြူရန်၊ မွေးမြူရေးခြံဝင်းအတွင်း ဝင်/ထွက်သွားလာသူများအား မှတ်တမ်းတင်စာအုပ်ထားရှိရန်၊ မွေးမြူထားသည့် တိရစ္ဆာန်များသေဆုံးပါက စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန် စသည်တို့ကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

စာအုပ်စာပေ လူ့မိတ်ဆွေ













ရေကြည်မြို့နယ်၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ရေကြည် အောက်တိုဘာ ၂၆

ဧရာဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သပြေကွင်း စံပြကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေ ထုတ်ချေး ပေးခြင်းကို ယနေ့နှံနှက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။



ဦးစွာ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းရန်ပုံငွေ ထုတ်ချေး ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရန် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ်သိန်းသုံးရာကို ကြံတောကျေးရွာ RBF စီမံကိန်းလုပ်ငန်းအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် သပြေကွင်းကျေးရွာ RBF စီမံကိန်းလုပ်ငန်းအဖွဲ့က အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့ လေးဖွဲ့အား တစ်ဖွဲ့လျှင် ရန်ပုံငွေကျပ် ၇၅ သိန်းစီကို စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဧင်မာ

ဥတ္တရသီရိမြို့နယ်၌ ရေအရင်းအမြစ်များစစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၆

နေပြည်တော် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဥတ္တရသီရိမြို့နယ် အတွင်း အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေး အတွက် ကျေးရွာများရှိ ရေအရင်းအမြစ်များအား စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



အသိပညာပေး

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၄ ရက်က ကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာ ၁၁ ရွာသို့သွားရောက်၍ ရေအရင်းအမြစ်များ စစ်ဆေးခြင်း၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်သည်။

ဥတ္တရသီရိမြို့နယ်၌ ကျေးရွာပေါင်း ၅၆ ရွာ ရှိပြီး အယ်လ်နီညို ရာသီဥတု ဖြစ်စဉ်ကြောင့် ကျေးရွာများတွင် သောက်သုံးရေ ရှားပါးမှု မဖြစ်ပေါ်စေရေး အတွက် ရေအရင်းအမြစ်များအား စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖြိုးကျော်(ပုံတောင်မြေ)



သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ (၄၇)ကြိမ်မြောက် ပဝါရဏာပူဇော်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်း ဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ သမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ၁၂ လရာသီပွဲတော်များအနက် သီတင်းကျွတ်လပြည့်နေ့နှင့် (၄၇) ကြိမ်မြောက် ပဝါရဏာပူဇော်ပွဲကို ကျင်းပသည်။



ဦးစွာ စေတီတော်မြတ်ကြီးအား ပန်း၊ ဆီမီး၊ ရေချမ်း၊ မုန့်၊ သစ်သီးများ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မေတ္တာဘာဝနာပွားများခြင်းနှင့် သံဃာတော်အရှင်သူမြတ် ၄၃ ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ရွှေဘုန်းပွင့် စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များဖြစ်သည့် မင်္ဂလာစံကျောင်းတိုက် ဆရာတော် ဦးကောဝိဒထံမှ ကိုးပါးသီလခံယူခဲ့ပြီး ဝါဆိုဝါကပ်တော်မူကြသော သံဃာတော် အရှင်သူမြတ် ၄၃ ပါးတို့အား စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် အလှူရှင်များက ပဝါရဏာ ကျင်းပပူဇော်ပြီး လှူဖွယ်ပစ္စည်းများ ကပ်လှူခဲ့သည်။

သီတင်းကျွတ် လပြည့်နေ့၌ ဘုရားဖူးလာပြည်သူများက စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များ ရောပွာယာခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ စတုဒိသာများ လာရောက်လှူဒါန်းသူများဖြင့် ကုသိုလ်ယူနေကြပြီး ညနေပိုင်းတွင် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးအား ဆီမီးများ ကပ်လှူပူဇော်လှူဒါန်းခဲ့ကြောင်း သိရသည်။

စုယဉ်ချစ်(ပြန်/ဆက်)



စစ်ခြောင်းမြို့နယ် ဗားကရာတိုက်အတွင်းရှိ အတုလာဓိပတိမဟာသဂျမုနိ ကိုးထပ်ကြီး ဘုရား၌ ဘုရားဖူးပရိသတ်များဖြင့် စည်ကားနေသည်ကို အောက်တိုဘာ ၂၆ ရက် (သီတင်းကျွတ်လပြည့်နေ့)က တွေ့ရစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကျိုက်မရောမြို့ရှိ ဆုတောင်းပြည့်ဘုရားကြီးတွင် ဘုရားဖူးလာပြည်သူများနှင့် အထူးစည်ကား

ကျိုက်မရော အောက်တိုဘာ ၂၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ သမိုင်းဝင်ဆုတောင်းပြည့်ဘုရားကြီးနှင့် အထင်ကရနေရာများတွင် အဘိဓမ္မာအခါတော်နေ့၌ ဘုရားဖူးလာပြည်သူများနှင့် ကောင်းမှုကုသိုလ်ပြုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။



ကျိုက်မရောမြို့၏ တန်ခိုးကြီးဘုရားဖြစ်သော ဆုတောင်းပြည့်ဘုရားကြီးအတွင်း အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက ဘုရားကြီးကျောင်းတိုက်ရှိ ဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆွမ်းလောင်းသူ၊ ဥပုသ်သီလ ဆောက်တည်သူများဖြင့် အထူးစည်ကားများပြားသည်။ ထိုသို့ ဘုရားဖူးလာ ပြည်သူများနှင့် ဥပုသ်သီလ စောင့်သူများအား စေတနာရှင် အလှူရှင်များက မွန်ရိုးရာ ဒေသအစားအစာ မုန့်မျိုးစုံဖြင့်လည်းကောင်း၊ စတုဒိသာထမင်းဟင်းများ၊ ကြာဆံချက်များဖြင့်လည်းကောင်း ဧည့်ခံကျွေးမွေးကြရာ လာရောက်သုံးဆောင်သူများလည်း စည်ကားများပြားလျက်ရှိကြောင်း သိရသည်။ ကျိုက်မရော(ပြန်/ဆက်)

ကျောက်တော်ကြီးဘုရား၌ အဘိဓမ္မာခုနစ်ကျမ်း အသံမစဲ ရွတ်ဖတ်ပူဇော်အောင်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အာယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၃၁)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း အသံမစဲရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ဘုရားကြီးအတွင်းရှိ ဂန္ဓကုဋိတိုက်၌ ကျင်းပသည်။



ဦးစွာ မင်းဓမ္မကုန်းတော် ဂေါပကဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ် အပေါင်းတို့က မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများချီးမြှင့်သော မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မင်္ဂလာသီရိပရိယတ္တိစာသင်တိုက်ဩဝါဒါစရိယ ဆရာတော်က ရေစက်သွန်းချအမျှပေးဝေသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ မြင့်ဦး

ဖီဖာ ယူ-၁၅ ကမ္ဘာဖလားနှင့် ဘောလုံးပွဲတော်အုပ်စု တတိယနေ့တွင် မြန်မာအသင်း တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်

ရန်ကုန် အောက်တိုဘာ ၂၆

အဇာဘိုင်ဂျန်နိုင်ငံ၌ကျင်းပနေသည့် ၂၀၂၆ ဖီဖာ ယူ-၁၅ ကမ္ဘာဖလားနှင့် ဘောလုံးပွဲတော်အုပ်စု တတိယနေ့ကို အောက်တိုဘာ ၂၆ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုတတိယနေ့တွင် နှစ်ပွဲကစားရပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ကစားသည့်ပွဲ၌ ကာဇက်စတန်အသင်းနှင့် တစ်ဂိုးစီသရေကျပြီး မြန်မာစံတော်ချိန် ည ၇ နာရီ၌တွင် ကစားသည့်ပွဲ၌ ဥဇဘက်ကစ္စတန်အသင်းကို လေးဂိုး - ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုငါးပွဲကစားရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ ဂုနစ်မှတ်ရရှိခဲ့သည်။ သတင်း - ရှိုင်းထက်ဇော်

ဓာတ်ပုံ - MFF



❊ ကျောဖုံးမှ

ဆုတ်ဆိပ်များကို ရေကူးအားကစားနည်းမှ ညီညီလင်းထက်က မိတာ(၁၅၀) တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ မိတာ (၅၀) အလွတ်ကူးပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ မိတာ(၅၀) ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ မိတာ(၁၀၀)အလွတ်ကူး ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ ပြေးခုန်ပစ်အားကစားနည်းမှ မလေ်လာဝင်းက မိတာ (၁၀၀)အပြေးပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့အား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မိဘ ပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဂုဏ်ပြုကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။ သတင်းစဉ်

❊ မြန်မာအမျိုးသမီးမှ

ချုန်ပီယံဆုကာကွယ်ရန်နှင့် ထိပ်ဆုံးမှ အား/ကာသိပ္ပံအသင်းကို ဆက်လက်ဖိအားပေးနိုင်ရန် ဇွဲကပင်ယူနိုက်တက်အသင်းကို ဂိုးပြတ် အနိုင်ယူခဲ့သည်။ ဧရာဝတီအသင်းသည် အမာခံကစားသမားအချို့ကို အနားပေးကာ နိုင်ငံခြားသားကစားသမားများနှင့် လူငယ်ကစားသမားများကို တွဲဖက်အသုံးပြုသော်လည်း ခြေအသာဖြင့်ကစားကာအနိုင်ရခဲ့ခြင်းဖြစ်သည်။ ဧရာဝတီအသင်းအတွက် အနိုင်ဂိုးများကို ဂျပန်ကစားသမား မီယာမိုတိုက ၉၊ ၁၂၊ ၂၁၊ ၅၇၊ ၈၉၊ ၉၀+၃ မိနစ်တွင် တစ်ဦးတည်း ခြောက်ဂိုးသွင်းယူပြီး ကျန်အနိုင်ဂိုးများကို ဂု၊ ၆၄၊ ၉၀+၂ မိနစ်တွင် ရှင်းသန့်ဖြူစင်ပြုံးက ဟက်ထရစ်၊ ၃၂ မိနစ်တွင် နန်းခိုင်ဇင်ဖြင့်နှင့် ဂု၂ မိနစ်တွင် ဟာနာကိုဖူဂျီတို့က သွင်းယူသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို တစ်ဦးတည်း ခြောက်ဂိုးသွင်းယူခဲ့သည့် မီယာမိုတိုကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးကျပ် ငါးသိန်းရရှိသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ချုန်ပီယံဆု တစ်ကျော့ပြန်ရယူနိုင်ရန် ပွဲတိုင်း အမှားမခံဘဲ ကစားနေပြီး ယခုပွဲတွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းကို ဂိုး၃ဒေ၀က်အထိ သွင်းယူကာ အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်း အတွက် အနိုင်ဂိုးများကို ဂု၊ ၄၇၊ ၈၇ မိနစ်တွင် လင်းမြင့်မိုရ်က ဟက်ထရစ်၊ ၂၆၊ ၄၁ မိနစ်တွင် သန်းသန်းနွယ်၊ ၃၃ မိနစ်တွင် ခင်မာလာထွန်းတို့က သွင်းယူသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် လင်းမြင့်မိုရ်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးကျပ် ငါးသိန်း ရရှိသည်။

ပွဲစဉ် (၁၁) ဒုတိယနေ့ကို အောက်တိုဘာ ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒေသာကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် သစ္စာအားမာန်အသင်း၊ ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ကိုညီလေး

ဓာတ်ပုံ - ညီညီမင်း(ML)

❊ အမ်ဘတ်ပီမှ

သွင်းယူပေးခဲ့ကာ ဘာစီလိုနာအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၆၁ မိနစ်မှာ ရာဖင်ညာက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့တဲ့အယ်လ်ကလက်စီကိုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး အမ်ဘတ်ပီဟာ ပြိုင်ပွဲစုံ အယ်လ်ကလက်စီကိုပွဲစဉ် ၂၇ ပွဲမှာ သွင်းဂိုး ရုစ်ဂိုးအထိ ရှိသွားခဲ့ပြီလည်းဖြစ်ပါတယ်။

ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ရာဇင်ညာကတော့ ယခုဘောလုံးရာသီမှာ လာလီဂါသွင်းဂိုး ၁၃ ဂိုးအထိရှိလာခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူးအမ်ဘတ်ပီကတော့ ဘာစီလိုနာအသင်းရဲ့ အိမ်ကွင်းနှးကမ်းမှာ သွင်းယူနိုင်ခဲ့တဲ့ဗဟိုနှလာလီဂါသွင်းဂိုး ၁၁ ဂိုးအထိရှိလာခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကိုရှုံးနိမ့်ခဲ့ပေမယ့်စပိန်လာလီဂါဖွဲ့စဉ်(၁၀) အပြီးမှာ အမှတ်ပေးဇယားအဆင့် ဒုတိယနေရာမှာ ရပ်တည်နေတဲ့အက်သလက်တီကို မက်ဒရစ်အသင်းကို နှစ်မှတ်ဖြတ်ကာ အမှတ်ပေးဇယားအဆင့် (၃)နေရာမှာရပ်တည်နေတာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် စပိန်လာလီဂါ ၁၀ ပွဲဆက် အနိုင်ရရှိမယ့်အခွင့်အရေးလည်း ဆုံးရှုံးခဲ့ရပြီဖြစ်ပါတယ်။ ဂွေကြယ်

● M-League II မှ

ပွဲစဉ် (၂) အပြီးတွင် တက္ကသိုလ်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ခြောက်မှတ်စီ ရထားသော်လည်း ဂိုးကွာခြားချက်ဖြင့် တက္ကသိုလ်အသင်းက ထိပ်ဆုံးတွင် ဆက်လက် ဦးဆောင်နေပြီး ရွှိုင်ရယ်ဒဂုံအသင်း၊ ရာမည ယူနိုက်တက်အသင်း၊ VUE နေပြည်တော် အသင်းတို့က လေးမှတ်စီ၊ Junior Lions အသင်းက သုံးမှတ်၊ မနော်အသင်းက တစ်မှတ် ရထားကာ Enjoy Brother အသင်း၊ Asia Lions အသင်းနှင့် Elite Kings အသင်းတို့မှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

သတင်း - ညီမြတ်သော်တာ

ဓာတ်ပုံ - Royal Dagon FC



မြန်မာ့အသံနှင့်ခွပ်မြင်သံကြား

၂၇-၁၀-၂၀၂၆ အင်္ဂါနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သမ္မတနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အမရပုရမဟာသီရိပဝိသောဘိတ သဒ္ဓမ္မဇောတိကဓဇ အရှင်ဥတ္တမ ဦးဆောင်သော သံဃာတော်များ ဘုရားဝန္ဒနာပြုခြင်း

၀၇:၀၀ နံနက်ခင်းသတင်း

၀၈:၄၀ "၂၀၂၆ နှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အထိုးအကာ အရေး အတီးပြိုင်ပွဲ အစီအရင်" (သတ္တမနေ့)

၀၉:၁၀ ထူးခြားရုပ်ထီးတိုက်အစီအရင်

၀၉:၃၅ Sports Diary

၁၀:၀၀ သတင်းထိုးကယ်သတင်း

၁၀:၃၅ "ဒဂုံတိုးမုဆိုးမြို့ပိုင်ပွဲတော်"

၁၂:၄၀ မြန်မာ့ရာဇဝင်ဟောင်း (အပိုင်း-၅)

၁၃:၃၀ MRTV National News

၁၄:၁၅ ကမ္ဘာ့စာရင်းဇယားမျှော်စင်းထုတ်လုပ်မှုများ (အပိုင်း-၃)

၁၅:၃၀ Weekly MNL Review

၁၆:၄၀ ကမ္ဘာ့စာရင်းဇယားမျှော်စင်းများ

mitv

07:01 Evergreen Classic; Parami Taw (Hnin Hnin Htoo)

07:08 Majestic Shwedagon (Epi-3) (Part-2)

07:52 Beach Food Delivery

08:01 News

08:26 Topics Potpourri;Vintage Fur Return

08:31 Moe Ne' Keeps Its Tradition Alive

09:01 Ramayana Classic Talk & Discussion (Episode-1)

09:27 Crafting the Catch (Part-1)

09:45 Discovering Tribes: Da Nu (Their Life and Customs) (Part-1)

10:01 News

10:27 Lifestyle & Entertainment (Weekly Updates)

10:37 Myanmar Music Icon: Myanmar Legendary Singer Sithu Tin Tin Mya (Ep-4)

MRTV NRC

ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)

တီရစ္ဆန်အင်အိတင်များ(အပိုင်း-၂)

ချင်း (ဇီးကုန်း) (၀၇:၀၀ မှ ၀၈:၀၀)

ကွမ်း

မွန် (၀၈:၀၀ မှ ၁၀:၀၀)

ပဗွန်ဘိုးလှပင်မ်း

ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)

ရခိုင်ရိုးရာကံဇာတ်ကောင်ထွက်လွှ

ဂွမ်း (၁၂:၀၀ မှ ၁၄:၀၀)

ထိန်သိမ်းအင်းဆေးဟာတိုဇေးမှိုများ (တိုက်ဆင်ကိုယ်ရှိင်ကိုယ်ရွှန်း)

၀ (၁၄:၀၀ မှ ၁၆:၀၀)

လွိုင်မွမြို့သို့အလည်တစ်ပတ်ဂိုက်

MRTV NEWS

၀၆:၀၀ အပွင့်:တေးသီချင်း

၀၆:၀၅ လူပုံလူများအားဆေး

၀၈:၀၀ ပြည်တွင်းသတင်း (LIVE)

၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)

၀၉:၄၅ Save Our Planet Program

၁၀:၄၅ အသိပညာနှင့်အမှုတရား

၁၁:၀၀ ပြည်တွင်းသတင်း (LIVE)

၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)

၁၃:၀၀ MRTV National News

၁၄:၀၀ ပြည်တွင်းသတင်း (LIVE)

၁၆:၀၀ သတင်းမုန်ကုန် (LIVE)

၁၈:၄၅ The Multi Sports Arena

၁၈:၄၅ ပြည်တွင်းဆူးမံသည်အထပ်ပြင်ဆူးထည်နှင့် အပတ်အထည်များသို့

၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV FARMERS

၀၆:၀၀ အပွင့်:နိုင်ငံတော်သီချင်း

၀၆:၂၅ တောင်ယူလယ်ယာစားနာသတင်း

၀၆:၅၅ ကမ္ဘာ့ဆန်ဟောကော်ဖီ (Winter Coffee)

၀၇:၃၅ မိုးရာသီမြေပဲနှင့်ကုလားပဲ ပြည်နယ်အလိုက်ပြုစုစောင့်ရှောက်ပုံ

၀၈:၀၀ အရေးတော်ပြောင်းသုတေသနမှသည် တောင်သူထိသို့

၀၉:၀၀ ဒေတာ်အစည်းခြင်းအသားတိုးနှုန်းမြှင့်ခြင်း သမဝါယမကဏ္ဍမှ ပြုပြင်ပေး

၁၀:၃၀ ဟယာဖြိုးဖြူ(အပိုင်း-၃)

MRTV SPORTS

၀၆:၀၀ အပွင့်

၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်

၀၆:၄၅ Sports Diary "Edinson Cavani"

၀၇:၄၅ The Multi Sports Arena

၀၈:၀၀ ၂၀၂၆ နှစ်၊ ဝန်းကြီးဌာနဝင်းစုံ ပိုင်ဝန်းကြီးဌာနများ(ဂီလာ-ဝင်းဝန်းကြီး) (တာဝိယနေ့ရာလွှဲ) (Replay) (သာသနာရေးပညာပြန့်ပြောင်းရေးနှင့် နယ်စပ်ဒေသများပြန့်ပြောင်းရေး)

၁၀:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel တို့ ဇာတ်လမ်း (၅၀၀) ကျော်ကို ကေဘယ်ကွန်ယက် (၅၂၇) နှင့် (ဒီဂျစ်တယ်နှုန်း ဇာတ်လမ်းပြန်ကြည့်ခြင်းအတွက် ဒီဂျစ်တယ်နှုန်း ဇာတ်လမ်းပြန်ကြည့်ခြင်းအတွက်)



ဖြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ–၂၁အရ
WORLDVIEW COMMUNITY DEVELOPMENT COMPANY LIMITED အား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

WORLDVIEW COMMUNITY DEVELOPMENT COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်–

အစည်းအဝေးကျင်းပမည့်ရက် ။ ။၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ၊ (၃၀) ရက်။
အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် ၁၀း၀၀ နာရီ
အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးနှစ်

WORLDVIEW COMMUNITY DEVELOPMENT COMPANY LIMITED ၏ စာရင်းများကို ပြုစုဆောင်ရွက်ထားပြီး အစုရှင်များသို့ ရင်းလင်းတင်ပြကာ အတည်ပြုချက်ရယူလိုပါသဖြင့် ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးတင်ဝင်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(MAIP MEMBER-00230/လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်အမှတ်-၁၁၁၄၇၂)
WORLDVIEW COMMUNITY DEVELOPMENT COMPANY LIMITED
Liquidator Office: The Solution Power Legal Consultant and Investment Co.,Ltd
အမှတ်-၁၉၊ ရွှေကမ္ဘာအိမ်ရာ၊ (၉)လမ်း၊ မင်းမြွေလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ 09–5098942, 09–795921932

ဦးတင်မောင်ငြိမ်း
B.A (Law), LL.B
တရားရုံးချုပ်ရှေ့နေ
အသက်(၈၂)နှစ်

ဦးမောင်မောင် (အငြိမ်းစားတိုင်းပညာဝန်)–ဒေါ်ခင်သိန်း)တို့၏ သားထွေး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၇)ရပ်ကွက်(စွမ်းအင်)၊ ပညာလမ်း (တိုးချဲ့)၊ အမှတ်–၁၃၂၇(ခ)နေ့ ဒေါ်စန်းစန်းမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်လွန်းအောင် (SEZ, Thilawa)–ဒေါ်သိဂီငြိမ်း [Chief Compliance Officer, KB (Kookmin) Bank Myanmar]၊ Capt.အောင်နိုင်ဝင်း (Marine Master)–ဒေါ်စန္ဒာငြိမ်း၊ ဦးစိုးမောင်–ဒေါ်မူငြိမ်း၊ ဦးငြိမ်းအောင်ဟန် (Genius 9 Co.,Ltd)–ဒေါ်ရှယ်လီဝင်းတို့၏ ချစ်လှစွာသော ဖခင်၊ မြေး ငါးယောက်တို့၏ ချစ်လှစွာသော အဘိုး ဦးတင်မောင်ငြိမ်းသည် ၂၅–၁၀–၂၀၂၆(တနင်္ဂနေ့) မွန်းလွဲ ၁:၃၀နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝစံခဲ့ပါသို့ ကွယ်လွန်သွားပါသဖြင့် ၂၇–၁၀–၂၀၂၆(အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ငြင်းချက်ထုတ်ရန်ဆင့်ဆော
(တရားမကျင့်ထုံး၌ပဒေ အဓိန့်–၅၊ နည်း၌ပဒေ ၁ နှင့် ၅)
မင်္ဂလာဒုံခရိုင်တရားရုံး
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၂၈

ဦးမျိုးစေ်သူ	နှင့်	ဦးလှစိုး
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ သံတောင်လမ်း၊ အမှတ်–၁၈ဂနေ့ ဦးလှစိုး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို့က " ပဋိညာဉ်အတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ရွှေတောင်လမ်း၊ မြေကွက်အမှတ်(၂၆၅/က) အကျယ်ပေ(၂၂၆၀)၊ ရပိုယာ(၁၃၂၀) စတုရန်းပေရှိ မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေ လို့မှု"နှင့် လျှောက်ထားခဲ့ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်) နေ့နှင့်မကျဘဲ (၁၀း၀၀)နာရီအချိန်တွင် အထက် အမည်ပါသူ တရားလို၏အဆိုသည့်အတိုင်း ဆုံးဖြတ်ချက်ချခြင်းခံရမည်။ ၎င်းပြင် သင်သည် ဤကဲ့သို့ ဆုံးဖြတ်ချက်ချခြင်းခံရပါက ဤကြေညာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ထိုကဲ့သို့ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် သင့်တွင် ရှိသော ကိုယ်စားလှယ်နှင့် ရှေ့နေတို့ကို ချေပပြောဆိုနိုင်သည့် ကိုယ်စားလှယ်နှင့် ရှေ့နေတို့ကို ချေပပြောဆိုနိုင်သည့် စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အပြဲမြဲ အရေးအခင်းကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အမှတ်သင်္ကေတ

❖ နိုင်ငံတော် ရွှေသီဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

(၅)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၆

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်ကျော်ဦး ဦးဆောင်၍ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ (လေ့ကျင့်) ဦးဝင်းမြင့်၊ အုပ်ချုပ်သူ/နည်းပြများနှင့် မသန်စွမ်းအားကစားသမား စုစုပေါင်း ၁၅ ဦးတို့သည် ပြေးခုန်ပစ်၊ ရေကူးနှင့် တိုက်ကွမ်ဒို အားကစားနည်း သုံးနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ နိုင်ငံတော် အတွက် ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် လေးခု စုစုပေါင်းဆုတံဆိပ် ငါးခု ရရှိခဲ့ပြီး နိုင်ငံ ၃၃ နိုင်ငံတွင် အဆင့်(၂၅) ရရှိခဲ့ကြသည်။

စာမျက်နှာ ၃၀ ကော်လံ ၁ သို့ ❊



(၅)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိစဉ်။

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၆

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

မိုး/၈လ

မြန်မာအမျိုးသမီးလိင်ပြိုင်ပွဲတွင် ဧရာဝတီနှင့် အား/ကာသိပ္ပံအသင်း ဂိုးမိုးရွာပြီး နိုင်ပွဲရယူ

ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာလိင်္ဂတို့က ကြိုးမှူး၍ Max Energy က အဓိကပံ့ပိုးကူညီသည့် ၂၀၂၆ - ၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိင်ပြိုင်ပွဲ ပွဲစဉ် (၁၁) ပထမနေ့ကို အောက်တိုဘာ ၂၆ ရက် ကကျင်းပရာ လက်ရှိချန်ပီယံ ဧရာဝတီ အသင်းနှင့် ထိပ်ဆုံးမှ အား/ကာသိပ္ပံ အသင်းတို့ ဂိုးမိုးရွာပြီး နိုင်ပွဲရယူခဲ့သည်။

စတားစီးတီးကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက ဇွဲကပင်ယူနိုက်တက်အသင်းကို ၁၁ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဧရာဝတီအသင်းသည်

စာမျက်နှာ ၃၀ ကော်လံ ၁ သို့ ❊



ဧရာဝတီအသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ရွှိုင်ရယ်ဒဂုံအသင်းနှင့် မနောအသင်းတို့ ယှဉ်ပြိုင်စဉ်။

M-League II ပြိုင်ပွဲတွင် ရွှိုင်ရယ်ဒဂုံအသင်းနှင့် မနောအသင်း သရေကျ

ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာလိင်္ဂတို့က ကြိုးမှူး၍ Grand Royal၊ AYA Bank နှင့် AYA Pay တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၂၆ - ၂၀၂၇ ရာသီ M-League II ပြိုင်ပွဲ ပွဲစဉ်(၂) နောက်ဆုံးနေ့ကို အောက်တိုဘာ ၂၆ ရက်က တက္ကသိုလ်ကွင်း၌ကျင်းပရာ ရွှိုင်ရယ်ဒဂုံအသင်းနှင့် မနောအသင်း သုံးဂိုးစီသရေကျခဲ့သည်။

အဖွင့်ပွဲတွင် အနိုင်ရထားသည့် ရွှိုင်ရယ်ဒဂုံအသင်းနှင့် ရှုံးပွဲကြွေတွေ့ထားသည့် မနောအသင်း တွေ့ဆုံခြင်းဖြစ်ပြီး အပြန်အလှန်သွင်းဂိုးများဖြင့် သရေကျခဲ့သည်။ ရွှိုင်ရယ်ဒဂုံအသင်းသည် သုံးကြိမ်တိုင် ဦးဆောင်ဂိုးများ သွင်းယူနိုင်သော်လည်း ဂိုးများ ပြန်ပေးရကာ သရေကျခဲ့ခြင်းဖြစ်ပြီး မနောအသင်းသည် နာကျင်အချိန်ပိုတွင်သွင်းယူသည့် ချေပဂိုးကြောင့် သရေတစ်မှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရွှိုင်ရယ်ဒဂုံအသင်းအတွက် ဦးဆောင်ဂိုးများကို ၁၀၊ ၇၆ မိနစ်တွင် နာနီအဟန်၏ ၃၆ မိနစ်တွင် စစ်ပိုင်သွေးတို့က သွင်းယူပြီး မနောအသင်းအတွက် ချေပဂိုးများကို ၁၉၊ ၄၇ မိနစ်တွင် မင်းစိုးသန်း၊ ၉၀+၃ မိနစ်တွင် နော်လီဇာတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို နှစ်ဂိုးသွင်းယူခဲ့သည့် မနောကွင်းလယ်ကစားသမား မင်းစိုးသန်းက ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

စာမျက်နှာ ၃၀ ကော်လံ ၃ သို့ ●

အမ်ဘတ်ပီရဲ့ သွင်းဂိုးတွေနဲ့ ဘာစီလိုနာအသင်းကို ရီးယဲလ်မက်ဒရစ်အသင်းအနိုင်ရ

စပိန်လာလီဂါ ပွဲစဉ်(၁၀)ရဲ့ အကောင်းဆုံးပွဲစဉ် တစ်ပွဲဖြစ်တဲ့ ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက တိုက်စစ်မှူး အမ်ဘတ်ပီရဲ့သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်အဖြစ်ဆည်းခံကစားခဲ့ရတဲ့ ဘာစီလိုနာအသင်းကို ရီးယဲလ်မက်ဒရစ်အသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၄၁ မိနစ်နဲ့ ၈၇ မိနစ်တို့မှာ အမ်ဘတ်ပီက နှစ်ဂိုး

စာမျက်နှာ ၃၀ ကော်လံ ၁ သို့ ❂



ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

ယနေ့ ဖတ်စရာ

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ တရုတ်မဟာတံတိုင်းပြတိုက် ပြန်လည်ဖွင့်လှစ်

စာမျက်နှာ » ၁၃

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ပုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ပုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ

စာမျက်နှာ » ၂၇

ဖီဖာ ယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော် အုပ်စုတတိယနေ့တွင် မြန်မာအသင်း တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်

စာမျက်နှာ » ၃၀